# الميزان

အစ္စလာမ်သာသနာ့ပညာရှင်များ၏လမ်းညွှန်ချက်များ

# အလ် မီ ဇာန်

အမှတ် (၁)

ဟာဖိဇ်မုဟာမ္မဒ်ရဖီ B.Sc (Botany), H.G.P (မုသိမ်)

စီစဉ်သည်

Smart PDF Creator

# အလ်မီဇာန် الميزان

**နာယက**

အလ်ဟာဂ်ျ၊မော်လာနာ၊ဟာပိဇ်၊မုပ်သီမုဟမ္မဒ်နူရ်သိ(မဇ္ဇာဟေရီ)
ဟာဒီးဆ်အာတန်းပြဆရာ
(ဂျာမိအဟ်ဒါရုလ်အုလူးမ်၊ ဂျာမိအဟ်အာဆ်အာဒီယဟ်)

**စာတည်းအဖွဲ့**

အလ်ဟာဂ်ျ၊မော်လာနာ၊ဒေါက်တာမုဟမ္မဒ်အိစ်မာအီးလ် (မဟ်မူဒီ)
B.D.S (Ygn;)

မော်လာနာမုဟမ္မဒ်ယအ်ကူးဗ် နူးရ်မုဟမ္မဒ်ဟာဘီးဘ် (မဟ်မူဒီ)
B.A, R.A (Final),R.L (1)

ဟာပိဇ်မုဟမ္မဒ်ရပီ (အာဆ်အာဒီယဟ်)
B.Sc (Botany),H.G.P
အထက်တန်းရှေ့နေ (ပုသိမ်)

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

المیزان

# မာတိကာ


A မှာတမ်းလွှာ
1 ကုရ်အာန်တစ်အာယသ်ရှင်းလင်းချက်
2 လက်တွေ့ပြင့်သက်သေ
3 လူမှုဆက်ဆံရေး၏အရေးကြီးပုံ
4 ဘဝရိုဂုံးချုပ်ကောင်းရန်ကျင့်စဉ်(၇)ရပ်
5 ဇေနာမှုထက်ဆိုးရွားသောပြစ်မှုကြီး
6 အုံ့ပွယ်ပြစ်ရပ်ဆန်း
7 မှားယွင်းသောယူဆချက်များ
8 ကြေကွဲဖွယ်တမ်းချင်း
9 ဟင်ရသ်ကြီး၏မိန့်မှာချက်များ
10 ဓမ္မသတ်အမေး-အဖြေကဏ္ဍ
11 အမွေစကား
12 ဗိုင်အသ်ပြုရန်အရေးကြီးပါသလား
13 ကမ္ဘာ့ခရီးသွားမှတ်တမ်း
14 ဗိဒ်အသ်လုပ်ငန်းများအားရှုံ့ချပုံ
15 အိုလမာဒေယိုဗန်ဆိုသည်မှာ---?
16 မျက်မှောက်ခေတ်အမျိုးသမီးများနှင့်ဟိဂျာဗ်
17 အချေအတင်ဆွေးနွေးပွဲများ
18 စာတစ်စောင်နှင့်အပြေနှစ်ခု
19 စဉ်းစားစမ်းပါ

စာတည်းအဖွဲ့ C
မော်လာနာဟာရွှန်လူလာသ် 5
ဟာဖိဇ်ရသ်မော်လာနာရှမ်စွတ်ဒိုဟာ 9
မုဖ်သီနူးရ်မုဟမ္မဒ် 13
မုဖ်သီဂျမီးလ် 19
မုဖ်သီယူနွတ်စ် 23
မုဖ်သီအိဒ်ရီးစ် 26
မုဖ်သီဂျအ်ဖရ် 30
မုဖ်သီဇွဟီရုဒ်ဒီးန် 32
မော်လာနာရမ်ဇာန်းအလီ 37
မုဖ်သီဆဗ် 41
မုဖ်သီအဟ်မဒ်ဘားမ် 45
မော်လာနာဟာရွှန်လူလာသ် 48
မော်လာနာယအ်ကူးဗ်B.A,R.A(II),R.I.(I) 54
မော်လာနာယူနွတ်စ် 63
ဟာဖိဇ်ရဖီ B.Sc (Bot), H.G.P 68
မုဖ်သီအာဒမ် 73
ဟာဖိဇ်စမီအုလ္လာဟ် 83
ဟာဖိဇ်ရဖီ B.Sc (Bot), H.G.P 87
မော်လာနာဟာရွှန်လူလာသ် 95




This document was created using SmartPDFCreator
To remove this message purchase the product at www.SmartPDFCreator.com

الميزان

အလ်မီဇာန်

بسم الله الرحمن الرحيم

# မှာတမ်းလွှာ

အရှင်မြတ်၏ အသနားတော်နှင့် ပါဝင်ရေးသားကြသော သာသနာ့ပညာရှင်များ၏ မြင့်မြတ်သည့်ဂုဏ်ရည်ကို အကြောင်းခံ၍ အလ်မီဇာန်အမှတ်(၁)ဖြစ်ပေါ်ခဲ့ရပါသည်။ အုရ်ဒူနှင့် အင်္ဂလိပ်စာပေများကို အဓိကအမှီပြုထားပါသည်။ ဆောင်းပါးအများစုမှာ ရေးသားပြီးမှ ရွေးထားခြင်းများမဟုတ်ပါ၊ ရွေးထားပြီးမှ ရေးသားခြင်းဖြစ်ပါသည်။ အခြေအနေ၊ အချိန်အခါနှင့် သင့်-မသင့်၊ လို-မလို၊ ကိုက်-မကိုက်၊ စဉ်းစားချင့်ချိန်ပြီးမှ ရွေးချယ်ထားပါသည်။ စာတည်းသူများမှာ ပညာအဆင့်အတန်း၊ အတွေ့အကြုံနည်းပါးနုနယ်သေးသူများဖြစ်သည့်အတွက် ချို့ယွင်းချက်များ ပါရှိနိုင်ပါသည်။ မြင့်မြတ်သည့် နှလုံးသားပိုင်ရှင်များဖြစ်သည့်အလျောက် နားလည်ခွင့်လွှတ်ကြမည်ဟု မျှော်လင့်မိပါသည်။

(စာတည်းအဖွဲ့ကိုယ်စား)

ဟာဖိဇ်မုဟမ္မဒ်ရဖီ (ပုသိမ်)

*B.Sc (Botany), H.G.P*

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

# القرآن

ကျမ်းမြတ်ကုရ်အာန်

# တဖ်စီရ်အာယတ်

ရှင်းလင်းချက်

မော်လာနာ ဟာဖွူနံလူလာသ်(မဟ်မူဒီ)

وَمَآ أَصَـٰبَكُم مِّن مُّصِيبَةٍ فَبِمَا كَسَبَتْ أَيْدِيكُمْ وَيَعْفُوا۟ عَن كَثِيرٍ

**စင်စစ်၊ အသင်တို့ အပေါ်၌ သက်ရောက်လေ့ရှိသော ဒေးခုက္ခတုသရှိသည်၊ အသင်တို့ ၏လက်များ ကျူးလွန်မှု (ပြုကျင့်) ခဲ့ကြသော အပြုအမူတို့ကြောင့် သက်ရောက်ခဲ့ခြင်းဖြစ်၏။ ၎င်းအပြင်၊ ထိုအရှင်မြတ်သည် များစွာသော ပြစ်မှုများ တို့ကိုလည်း ခွင့်လွှတ် တော်မူ၏ (၄၂း၃၀)**

**မအာဒ်ဖူလ် ကုရ်အာန်မှ ရှင်းလင်းချက်**

ဟာဇရသ်ဟာစံန် သခင်ဆင့် ပြန်တော်မူ ခဲ့သည်။ အထက်ပါ အာယသ်တော်မြတ် ကျရောက်လာသောအခါ တမန်တော်မြတ် ﷺ က *"ငါကိုယ်တော်၏ အသက်ဇီဝိန်ကို စိုးပိုင်တော်မူသော အလ္လာဟ် အရှင်မြတ်၏ "ကစမ်"၊ မည်သူမဆို တုတ်ဖြင့် ထိမိခိုက်မိသည်ဖြစ်စေ၊ အကြော တက်သည်ဖြစ်စေ၊ ခြေချော်၍ထိခိုက်မိသည်ဖြစ်စေ ဤအရာများသည် ၎င်း၏အပြစ်ဂိုနာဟ် များကြောင့်သာဖြစ်၏၊ စင်စစ်ကေန် အရှင်မြတ်သည် အပြစ်ဂိုနာဟ်တိုင်းအပေါ် အရေးယူတော် မူသည်မဟုတ်၊ အပြစ်ပေးသည်ထက် ခွင့်လွှတ်ခြင်းကသာပို၍များပြားလေ၏"* ဟု မိန့်ကြား တော်မူခဲ့လေသည်။



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

ဟဇ်ရသ်အရှ်ရဖုလ် မရှာအိခ်သခင်က "ခန္ဓာကိုယ်၌ ဒုက္ခရောက်ရခြင်းသည်အပြစ် ဂိုနာဟ်ကျူးလွန်ခြင်းကြောင့်ဖြစ်သကဲ့သို့ အတွင်းရောဂါများ (နှလုံးသားအတွင်းရှိ မနာလိုစိတ်၊ ဒေါသ၊ လောဘ၊ မာန စသည်တို့ )သည်လည်း အပြစ်ဂိုနာဟ်ကျူးလွန်ခြင်းကြောင့်ပင်ဖြစ်လေသည်။ လူသားသည် အပြစ်ဂိုနာဟ်တစ်ခုခု ကျူးလွန်ခြင်းဖြင့် ထိုအပြစ်သည် အခြားအပြစ် ဂိုနာဟ်တစ်ခု ထပ်မံကျူးလွန်ရန်အတွက် အကြောင်းခံဖြစ်လာတတ်သည်ဟု" မိန့်ကြားခဲ့လေသည်။

ဤအချက်ကိုပင် ဟာဖိဇ်အိဗ်နေ့ကိုက်ယူးမ် သခင်က "အဒ်ဒဝါအုရ်ရှာဖီ" မည်သောကျမ်း၌ "အပြစ်ဂိုနာဟ်ကျူးလွန်ခြင်းကြောင့် ချက်ချင်းလက်ငင်း ရရှိသည့်အပြစ်ဒဏ်မှာ အခြားပြစ်မှုဂိုနာဟ်၌ နစ်မွန်းသွားခြင်းဖြစ်သည်။ ထိုနည်းတူ ကောင်းမှုကုသိုလ်တစ်ခု ပြုကျင့်ခြင်း၏ ချက်ချင်းလက်ငင်း ရရှိသည့်အကျိုးမှာ အခြားကောင်းမှုတစ်ခု ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်"ဟု ဖော်ပြထားသည်။

ဗိုင်သွာဝီကျမ်းရှင်က "ဤအာယသ်တော်သည် အပြစ်ဂိုနာဟ် ကျူးလွန်သူများအား ရည်ညွှန်းခြင်းဖြစ်သည်။ နဗီတမန်တော်များ၊ အရွယ်မရောက်သေးသော ကလေးငယ်များ၊ ရူးသွပ်သူများအား ရည်ညွှန်းခြင်းမဟုတ်ပေ၊ ၎င်းတို့အပေါ် ဘေးဒုက္ခတစ်ခုခုကျရောက်လာခြင်းသည် ဤအမိန့်တော်နှင့် မသက်ဆိုင်ချေ၊ ၎င်းတို့အပေါ် သက်ရောက်လာသော ဒုက္ခများသည် အခြားသော အကြောင်းများကြောင့်ဖြစ်သည်။ ဥပမာ– အဆင့်အတန်း မြှင့်တင်ပေးရန် ဖြစ်ပေသည်။ ထို့အပြင် အခြားသော လျှို့ဝှက်ချက်များလည်းရှိပေသေးသည်။ ဤသည်ကို လူသားများ မသိနိုင်ကြချေ" ဟု ဖော်ပြထားပေသည်။

အချို့ ဟဒီးဆ်တော်များအရ သိရှိရသည်မှာ –မုအ်မင်န်တစ်ဦးသည် အပြစ်ဂိုနာဟ် တစ်ခုကျူးလွန်မိ၍ အပြစ်ဒဏ်ခံရခဲ့သည်ရှိသော် နောင်တမလွန် အာခိရသ်၌ အရေးယူခံရခြင်းမှ လွတ်ကင်းခွင့်ရရှိမည်ဖြစ်ပေသည်။ ဤသည့်အချက်ကိုပင် အိမာမ် 'ဟာကင်မ်" က "မုစ်သဒ်ရပ်က်" မည်သောကျမ်း၌ ထိုအတိုင်းဖော်ပြထားပြီး အိမာမ် "ဘဂ်ဝီ" သည်လည်း ဤအချက်အား ဟဇ်ရသ်အလီသခင်မှ တစ်ဆင့်ဆင့် ပြန်ဖော်ပြထားလေသည်။

***သဖ်စီးရေ့ မဇ်ဟရီးကျမ်း***

***မအာရိဖုလ်ကုရ်အာန်ကျမ်း၊ တွဲ (၇)၊ စာ (၆၉၇)***

## ဟဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ်သခင်၏ရှင်းလင်းချက်

အထက်ပါ အာယသ်တော်မြတ်၏ အလိုသဘောမှာ– လူသားများ ရရှိသော အကျိုးခံစားမှုများသည် သတ်မှတ်ထားသော အတိုင်းအတာ၊ သတ်မှတ်ထားသော အချိန်အခါနှင့် သတ်မှတ်ထားသော



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

အခြေအနေအပေါ် မူတည်၍ အကျိုးခံစားရသကဲ့သို့ တွေ့ကြုံလာရသော ဘေးဒုက္ခများသည်လည်း သတ်မှတ်ထားသော အကြောင်းခံနှင့် တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်သည့်အတွက်ကြောင့် ဖြစ်ပေသည်၊ တစ်နည်းဆိုရသော်၊ လောက၌ ကျရောက်လာသော ဘေးဒုက္ခများအားလုံးသည် အတိတ်ကာလ၌ ပြုမူခဲ့သော အပြုအမူများ၊ လုပ်ရပ်များ၏ ရလဒ်ဖြစ်ပြီး အနာဂတ်အဖို့ သတိပေးချက်နှင့် ပြုပြင်ရန် အချိန်ပေးခြင်းပင်ဖြစ်ပေသည်။ စင်စစ်မူကား အရှင်မြတ်သည် လူသားများ ကျူးလွန်သော များစွာသော အပြစ်ဂိုနာဟ်များအား ချမ်းသာခွင့်လွှတ်ထားတော်မူလေသည်။ ကျူးလွန်မိသောအပြစ်တိုင်းအပေါ် အရေးယူပါက ပထဝီမြေပေါ်တွင် သက်ရှိဟူ၍ ကျန်ရှိတော့မည် မဟုတ်ချေ။

ဤနေရာတွင် စဉ်းစားတွေးတောရန် အကြောင်းဖြစ်ပေါ်လာနိုင်သည်မှာ– ဘေးဒုက္ခများသည် အပြစ်ကျူးလွန်မှုကြောင့် တွေ့ကြုံခံစားရသည်ဟုဆိုပါက အချို့သူတော်စင် သူတော်ကောင်းများ ဒုက္ခခံစားရခြင်းသည် အဘယ်အကြောင်းကြောင့်နည်း? အဖြေမှာ ဤသို့ဖြစ်၏။

၁ သူတော်စင်၊ သူတော်ကောင်း ဖြစ်သော်လည်း၊ လူသားဖြစ်သည့်အလျောက် အမေ့အမှားနှင့် မကင်းကြသဖြင့် မှားယွင်းချွတ်ချော် ကျူးလွန်မိသည်လည်းရှိတတ်ပေသည်။ အရှင်မြတ်သည် ၎င်းတို့၏ ကျူးလွန်မှုအား တမလွန်အာခိရသ်၌ အပြစ်မပေးလိုသဖြင့် လောက၌ပင် ကျခံစေခြင်းဖြစ်ပေမည်။

၂ အပြစ်ကျူးလွန်မိခြင်းမရှိလျှင် မကောင်းမြစ်ထား၊ ကောင်းရာညွှန်ကြားသော အလုပ်၌ ပျက်ကွက်မှုရှိသဖြင့် ဘေးဒုက္ခနှင့် ရင်ဆိုင်ရခြင်း ဖြစ်ပေမည်။

၃ အပြစ်ကျူးလွန်မိခြင်းလည်းမရှိ၊ မကောင်းမြစ်ထား ကောင်းရာညွှန်ကြားသော အလုပ်၌လည်း ပျက်ကွက်မှုမရှိပါက ထိုသူတော်စင်အပေါ်ကျရောက်လာသော ဘေးဒုက္ခသည် အများ၏အမြင်၌ ဒုက္ခဖြစ်သော်လည်း ထိုသူတော်စင်အတွက် ဒုက္ခမဟုတ်တော့ချေ။ အရှင်မြတ်၏ ဘက်တော်မှစမ်းသပ်ချက်သာလျှင် ဖြစ်ပေသည်။

ထပ်မံ၍ စဉ်းစားတွေးတောရန် အကြောင်းဖြစ်ပေါ်လာပြန်သည်မှာ– ဘေးဒုက္ခများသည် ပြစ်မှုဂိုနာဟ်ကျူးလွန်မှုကြောင့် ဖြစ်သည်ဟုဆိုပါမူ အရှင်မြတ်၏ အမိန့်တော်များအား သွေဖည်ကျူးလွန်နေသည့် ကာဖိရ်များနှင့် နှိုင်းယှဉ်ပါက မုစ်လင်မ်များသည် အဘယ်ကြောင့် ဘေးဒုက္ခများနှင့် ပိုမိုကြုံတွေ့ခံစားနေရသနည်း? အဖြေမှာ ဤသို့ဖြစ်၏။

ဥပဒေအား မသိနားမလည်ရှာသူ တစ်ဦးပြစ်မှု ကျူးလွန်ပါက စီရင်ဆုံးဖြတ်မည့် တရားသူကြီးသည် ထောက်ထားသက်ညှာစွာ စဉ်းစား၍ အပြစ်ပေးနိုင်သော်လည်း ကျူးလွန်သူမှာ ဥပဒေအား သိရှိနားလည်သူဖြစ်ပါမူ ထောက်ထားသက်ညှာမည် မဟုတ်ပေ။ ထိရောက်စွာ အရေးယူအပြစ်ပေးမည် ဖြစ်ပေသည်။

ဤသည့် သဘောအတိုင်းပင် မုစ်လင်မ်ဖြစ်ပါလျက်၊ အရှင်မြတ်၏တန်ခိုးဂုဏ်တော်များ၊ အရှင်မြတ်၏ ဩဇာအာဏာ သက်ရောက်မှုနှင့် အရှင်မြတ်၏ အမိန့်တော်များကို သိရှိထားပါလျက်အပြစ်ဂိုနာဟ်



This document was created using Smart PDF Creator
To remove this message purchase the product at www.smartpdfcreator.com

ကျူးလွန်မှုများကြောင့်၊ အရှင်မြတ်၏ တန်ခိုး၊ အာဏာ၊ အမိန့်တော်များအား မသိရှာသော ကာဖိရ်များထက် ပို၍ ဘေးဒုက္ခများနှင့် ကြုံတွေ့ရင်ဆိုင် အပြစ်ပေးခံနေရခြင်းဖြစ်ပေသည်။

ခြုံငုံ၍ဆိုရသော် ယနေ့ကျွန်ုပ်တို့ ကြုံတွေ့နေရသော ဘေးဒုက္ခများသည် ကျွန်ုပ်တို့၏ အပြစ်ကျူးလွန်မှုများကြောင့်သာလျှင် ဖြစ်ပေသည်။ ထိုဘေးဒုက္ခများ ကျရောက်ခြင်းမှ လွတ်ကင်းရန် နည်းလမ်းမှာ အရှင်မြတ်ထံတော်၌ "သောင်ဗဟ်" (ကျူးလွန်ခဲ့သည့် အပြစ်များအား ဝန်ချတောင်းပန်၍လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံခြင်း)ပင်ဖြစ်ပေသည်။ အပြစ်တိုင်းအတွက် သီးခြားစီ "သောင်ဗဟ်" ပြုရမည်ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်နှင့် တိုက်ရိုက်သက်ဆိုင်သော နမာဇ်၊ ရိုဇဟ်၊ ဇကာသ်၊ ဟဂျ် စသည်တို့ ပျက်ကွက်ခဲ့ပါက ပြန်လည်ဖြည့်စွက် ဆောက်တည်ပြီး၊ နောက်နောင် မည်သည့်အခါတွင်မျှ ပျက်ကွက်ခြင်း မပြုတော့ပါဟု အရှင်မြတ်ထံ ဝန်ချတောင်းပန်ရပေမည်။

ထို့ပြင်တစ်ဝ၊ လူသားအချင်းချင်းအပေါ် ကျူးလွန်မှုများ (ဥပမာ–ချေးငှားထားသောငွေပြန်မဆပ်ခြင်း၊ အပ်နှံထားသည့် အရာအား အလွဲသုံးစားပြုမိခြင်း၊ နောက်ကွယ်၌ မကောင်းပြောဆိုမိခြင်း၊ အထင်အမြင်သေးမိခြင်းစသည်တို့) ပြုလုပ်မိခဲ့ပါက ကာယကံရှင်အား ကျေနပ်အောင်ပြုလုပ်ပြီးနောက် နောင်မည်သည့်အခါမျှ ထိုသို့မကျူးလွန်တော့ပါဟု အရှင်မြတ်ထံဝန်ချတောင်းပန်ရပေမည်။

ဤသို့ ပြုကျင့်ဆောင်ရွက်ခြင်းဖြင့် ယနေ့ ကျွန်ုပ်တို့ တွေ့ကြုံခံစားနေကြရသော ဘေးဒုက္ခများနှင့် လာလတ္တံ့သော ဘေး ဒုက္ခများပါ ဝေးကွာပလပ်သွားမည် ဖြစ်ပေတော့သည်။

*(အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤသည့်အတိုင်း ပြုကျင့်နိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပါစေ။)*

**မော်လာနာဟာဖိဇ်ရှူးနိုလူလာသ်(မဟ်မူဒီ)**

**အို– လူသားတို့၊ မိမိတို့ သက်တမ်း၌ ကောင်းမှု၊ မကောင်းမှု မည်မျှ ပြုမူခဲ့ကြသည်ကို ပြန်လည် ဆန်းစစ်ကြ၊ သို့မှသာ "သောင်ဗဟ်" ပြုချင်စိတ် ဖြစ်ပေါ်လာပြီး ကံယာ မသ်နေ့၌လွယ်ကူမှုရှိမည်။**

***(တဖ်ရှသ်အုမရ်သခင်)***



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

# လက်တွေ့မြင်ဝတ်ဆေး

အလ်ဟာဂျ်၊ မော်လာနာ ရှမ်စွတ်ဒီဟာ (မဇ္ဇာ ဟေရီ)
ရှိုင်ခုလ်ဟဒီးဆ်နှင့်ကျောင်းအုပ်ဆရာကြီး
ဈာမိအာဟ်ဍူဗ်ယဟ်

နှစ်ဘဝသခင် ကျေးဇူးတော်ရှင် တမန်တော်မြတ် ﷺ နှင့် ကျမ်းမြတ်ကုရ်အာန်သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရလောက်အောင် ဆက်နွှယ်လျက် ရှိသည်။ ကျွန်ုပ်တို့၏တမန်တော်မြတ် ﷺ သည် ကျမ်းမြတ်ကုရ်အာန်အတွင်း၌ သာ လုံးလုံးလျားလျား နစ်မွန်းခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည်အချိန်တိုင်းကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်ခြင်း၌ သာမွေ့လျော်နေသည်ဟု ဆင့်ပြန်ချက် တစ်ရပ်၌ လာရှိထားသည်။

ဝဟီကျရောက်နေသည့် အစပိုင်းအချိန်တွင် အခြေအနေတစ်ရပ်ရပ်ကြောင့် ဝဟီကျရောက် ခြင်း ခေတ္တရပ်ဆိုင်းသွားခဲ့သည်။ ထိုသို့ဝဟီကျရောက်ခြင်းရပ်ဆိုင်းသွားသဖြင့် တမန်တော်မြတ် ﷺ သည် တောင်ထိပ်အပေါ်သို့သွား၍ တောင်အောက်သို့လိမ့်ချလိုက်ချင်သည်အထိ စိတ်မတည်မငြိမ်ဖြစ်ခဲ့ရရှာသည်။ ဤနောက်ပိုင်း ဝဟီပြန်လည်ကျရောက်လာခဲ့သည်။ ပြန်လည်ကျရောက်လာသည့်ဝဟီများအနက် ပထမဦးဆုံး ကျရောက်လာသည့်ဝဟီမှာ –

مَاوَدَّعَكَ رَبُّكَ وَمَاقَلَىٰ ۝ وَلَلْاٰخِرَةُ خَيْرٌ لَّكَ مِنَ الْاُوْلَىٰ ۝
وَلَسَوْفَ يُعْطِيكَ رَبُّكَ فَتَرْضَىٰ

*ပန်ဆင်းမွေးမြူသော အရှင်မြတ်သည် အသင့်ကို စွန့်ပစ်၍ထားတော်မူသည် လည်းမဟုတ် (အသင့်အား)မုန်းတီးတော်မူသည် လည်းမဟုတ် – ဧင်စစ်သော်ကား အသင့်အဖို့ တမလွန်ဘဝသည် မျက်မှောက်လောကီဘဝထက် သာလွန်ကောင်းမြတ်၏ – ၄င်းအပြင်မကြာမြင့်မီအသင့်အားပန်ဆင်းမွေး မြူတော်မူသောအရှင်မြတ်သည် အသင်နှစ်သိမ့်ကျေနပ်လောက်အောင်အမှန်ပင် ချီးမြှင့်ပေး သနားတော်မူမည်၊*

ညဉ့်၏မျက်လုံးများသည် နိုးကြားလျက်၊ အရှင်မြတ်၏ရှေ့တော်ဝယ်လက်တော် ကိုဖြန့်လျက်၊ နှုတ်လျှာမှ အရှင်မြတ်အား ချီးမွမ်း၍ စိတ်နှလုံးများ တုန်လှုပ်နေပြီး မျက်လုံးအစုံမှ မျက်ရည်ကြီးများ စီးတွေကာ၊ သန့်ပြန့်သော ကျမ်းမြတ်ကုရ်အာန်အား တစ်အာယသ်ချင်း၊ တစ်အာယသ်ချင်းရွတ်ဖတ်ရင်းဖြင့် တမန်တော်မြတ်၏ ညဉ့်များသည် ကုန်ဆုံးသွားခဲ့သည်။



This document was created using Solid PDF Creator. To remove this line, purchase the product at www.SolidPDFCreator.com

ဟဇ်ရသ်အိဗ်နေ့ မက်စ်အူးဒ်(ရသို)သခင်က ဤသို့တင်ပြခဲ့သည်၊ ညဥ့်တစ်ညဥ့်၌ ကျွန်ုပ်သည် တမန်တော်မြတ် ﷺ အားတွေ့မြင်ခဲ့ရ သည်မှာ–

- إِن تُعَذِّبْهُمْ فَإِنَّهُمْ عِبَادُكَ وَإِن تَغْفِرْ لَهُمْ فَإِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ

*အရှင်မြတ်သည် အကယ်၍ထိုသူတို့အား အပြစ်ဒဏ်ပေးတော်မူခဲ့ပါလျှင် ၎င်းတို့သည်ကေန်မလွဲအရှင်မြတ်၏ ကျွန်များပင်ဖြစ်ကြပါ၏၊ ၎င်းပြင် အကယ်၍ အရှင်မြတ်သည် ထိုသူတို့အား (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူပါလျှင်လည်း (ပြုစွမ်းနိုင်ပါသည်) အဘယ့်ကြောင့်ဆိုသော် ကေန် စင်စစ်အရှင်မြတ်သည် တန်ခိုးဂုဏ်တော်နှင့် ပြည့်စုံတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သောကြောင့် ဖြစ်ပါ၏၊* ဟူသော အာယသ်တော်အား ဖတ်ရွတ်၍ ငိုယိုနေ တော်မူသည်မှာ နံနက်မိုးသောက်ချိန်သို့ပင့် ရောက် ရှိသွားသည်။

(သဖ်စီးရေ့ဘယာနုလ်ကုရ်အာန်ကျမ်း)

ဤသို့ နေ့စဥ်နေ့ညမပြတ် ပြုကျင့်သော "အိဗာဒသ်" ခဝပ်မှုများနှင့် "သိလာဝသ်" ရွတ်ဖတ်မှုများကြောင့် ကိုယ်တော်မြတ် ﷺ ၏ခြေတော်များမှာဖော ရောင်လာသည်အထိ ဖြစ်ခဲ့ရရှာသည်။

တမန်တော်မြတ် ﷺ အား အချစ် စစ်အချစ်မှန်ဖြင့် ချစ်သော သူတစ်ဦးက – အို – ကိုယ်တော် အဘယ်အတွက်ကြောင့် ဤမျှ အိဗာအသ်ပြု ကျင့်ရပါ သနည်းဟု လျှောက်ထားမေးမြန်းသောအခါ " ငါသည် အရှင်မြတ်အားကျေးဇူးတင်သော ဗန္ဒဟ်မဖြစ်လိုရပါ ၏လော" ဟုမြေကြားတော်မူခဲ့သည်။

(မိရှ်ကားသ်ကျမ်း တွဲ(၁)၊ စာ–၁၇၂)



တမန်တော်မြတ် ﷺ သည် ဤမျှကုရ်အာန်ကျမ်းမြတ်အား ချစ်ခင်စွဲမက်ရခြင်းနှင့် ကုရ်အာန်ကျမ်းမြတ်အတွင်း နှစ်မွှန်းရခြင်းမှာ လက်တွေ့အမလ်ပြုလိုက်နာကျင့်ဆောင်သည့်အတွက်ဖြစ်သည်၊ ကျမ်းမြတ်ကုရ်အာန်ကို မည်မျှချစ်ခင်စွဲမက်ကြောင်း လက်တွေ့အမလ်ကျင့်သုံး၍ ပြသခဲ့သည်၊ ဤသည် ကို ဟဒီးဆ်၏စာရွက်များနှင့် သမိုင်းရာဇဝင်များတွင် အထင်အရှားတွေ့ရှိရမည်ဖြစ်သည်။

(ကျွန်ုပ်ယခုရေးသားတင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ – ကျွန်ုပ်တို့သည်လည်း ကျမ်းတော်မြတ်ကုရ်အာန်အား ချစ်ခင်စွဲမက်ကြောင်းကို လက်တွေ့အမလ်ပြုလိုက်နာကျင့်သုံးခြင်းဖြင့် သက်သေပြကြရန်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်အား အဖုံးလှလှဖုံးအုပ်ပေးရုံ၊ တစ်ခါတစ်ရံ ချစ်ခင်မှုဖြင့် နမ်းရှုံ့ရုံ၊ တစ်ဦးတစ်ယောက်ပူဆွေးနေချိန်တွင် ဟာဖိဇ်တစ်ပါး ပါးအား ဖတ်ရွတ်ခိုင်း၍ဖြစ်စေ၊ မိတ်ဆွေတစ်ဦးတစ် ယောက်အား ဖတ်ရွတ်ခိုင်း၍ဖြစ်စေ၊ ကိုယ်တိုင်ဖတ် ရွတ်ပေးသည်ဖြစ်စေ၊ စသည်တို့ပြုကျင့်ရုံမျှဖြင့် ကုရ်အာန်ကျမ်းမြတ်အား ချစ်ခင်စွဲမက်ကြောင်းဤမျှပြုကျင့်ခြင်းဖြင့် သက်သေမပြ



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com



ကြပါနှင့်) အလ္လာဟ် အရှင်မြတ်၏ အချစ်ဆုံးသော ရစူလ်ဖြစ်သူ၊ ကျမ်းတော်မြတ်ကုရ်အာန်ကို ယူဆောင် လာသူ ကိုယ်တော်မြတ် ﷺ သည် ကျမ်းတော်မြတ်ကုရ်အာန်အား မည်မျှချစ်ခင်မြတ်နိုးကြောင်း အလွန်ကောင်းမွန်သော နမူနာများဖြင့် ကျွန်ုပ်တို့အားပြသခဲ့သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် မုစ်လင်မ်အားလုံးအား နေ့နှင့်ညတွင် နမာဇ်(၅)ကြိမ်ဖတ်ရန် အမိန့်ပေးထားသည်။

أَقِيمُوا۟ ٱلصَّلَوٰةَ

*နမာဇ်ဆောက်တည်ကြပါ*

ဤအမိန့်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မြတ်နဗီ၏ အခြေအနေသည်မည်သို့နည်း?

ကိုယ်တော်မြတ် ﷺ သည် နေ့နှင့် ညအချိန်များတွင် နမာဇ်အတွင်း၌ မွေ့လျော်နေသည်၊ နေမထွက်မီ နမာဇ်အတွင်း၌ ရှိနေသည်၊ နေထွက်ပြီးနောက်လည်း အိရှ်ရားက်နမာဇ်အတွင်း၌ ရှိနေပြန်သည်၊ နေမြင့်ပြီးနောက် နမာဇ်ဖတ်နေသည်၊ နေမွန်းလွဲပြီးနောက်တွင် လည်း နမာဇ်အတွင်း၌ မွေ့လျော်နေသည်၊ မွန်းလွဲပြီး အချိန်သုံးပြန်တွင် နမာဇ်အတွင်း၌ ရှိနေပြန်သည်၊နေဝင်ပြီးသည့်နောက်တွင်လည်း နမာဇ်ဖတ်နေသည်၊ ထို့နောက်၌ အောက်ဝါဗီးန်နမာဇ်အတွင်း မွေ့လျော်နေသည်၊ ဆက်လက်ပြီး အချိန် အနည်းငယ်အကြာတွင် အိရှာအ်နမာဇ်၌ ရှိနေပြန်သည်၊ယခုညဥ့်အချိန်သို့ရောက်ရှိချေပြီ၊ ကိုယ်တော်သခင် ﷺ ၏ညဥ့်များနှင့် စပ်လျဉ်း၍ မည်သို့ဖွင့်ဆိုမည်နည်း?

ကဗျာဆရာတစ်ဦးသည် တမန်တော်မြတ် ﷺ ၏နွေ့ညမပြတ်ပြုကျင့်သော နမာဇ်–သေလာဝသ်နှင့် အရှင်မြတ်အား ချစ်ခင်ပုံများအားကြည့်၍ ကဗျာစပ်ဆိုထားသည်မှာ –

لنا شمسٌ وللآفاق شمس وفاقت شمسنا شمس السّماء

فشمس الناس تطلع بعد الفجر وتطلع شمسنا بعد العشاء

လူတို့အတွက် မိုးကောင်းကင်၌ နေတစ်ဆူရှိ၏၊ ကျွန်ုပ်တို့၌ ရှိသောနေမင်းသည် ထိုနေထက်သာပို၍မြတ်၏၊ လူတို့၏နေမှာ ဖဂျရ်အပြီးထွက်၏၊ သို့သော်ကျွန်ုပ်တို့၏နေမင်းသည်ကား အိရှာအ်ပြီးမှသာ ပေါ်ထွက်တော်မူပါ၏။

ကျွန်ုပ်တို့၏ မြတ်နဗီကိုယ်တော် ﷺ သည် ညဥ့်အချိန်၌ နမာဇ်၊ သေလာဝသ်နှင့် အရှင်မြတ်အား ဇိကိရ်ပြုတသခြင်းများ၌ နစ်မွန်းနေသည်၊ကိုယ်တော်သခင် ﷺ သည် ပျော်ရွှင်သောအချိန်၌ နမာဇ်ဆောက်တည်ခဲ့သည်၊ဝမ်းနည်းကြေကွဲနေချိန်၌ လည်းနမာဇ်ဆောက်တည်ခဲ့သည်၊ကိုယ်တော်သခင် ﷺ ဖတ်ရွတ်ဆောက်တည်ခဲ့သော နမာဇ်များသည် မည်မျှထိဆိုသော်–စဂျ်ဒဟ်ပြုနေပါက ဦးခေါင်းတော်သည် ပြန်၍ ကြွတော့မည်မဟုတ်ဟု ပင်ထင်မှတ်ရသည်၊ ကိယာမ်ရပ်နေပါက စဂျ်ဒဟ်ပြုရန်



This document was created using Smart PDF Creator. To remove this line, purchase the product at www.SmartPDFCreator.com

မေ့လျော့နေသည်ဟုပင် ထင်မှတ်ရသည်။ နမာဇ်အတွင်း ငိုယိုနေတော်မူသည့်မှာလည်း မီးဖိုပေါ် သို့(ရေနွေး)အိုးတင်ထားသကဲ့သို့ဆူပွက်နေသည်။(မုစ်နဒ်အိမာမ်အဟ်မဒ်ကျမ်း)

ဤသည်ထက်ပို၍ နှလုံးသားထဲ စူးရှစေသည့်မြင်ကွင်းသည်ကား -- ရန်သူများပတ်လည်ဝိုင်းနေသည့်အချိန်၊ ခါး၊ မြားဝိုင်း နေသည့်အချိန် နမာဇ်အတွင်း၌ မေ့လျော့နေခြင်းပင်ဖြစ်သည်။ ထို့အပြင် တမန်တော်သခင် ﷺ ၏ နောက်ဆုံးကွယ်လွန်ခါနီးအခြေအနေကို လေ့လာကြည့်ပါ၊ အားအင်ချည့်နဲ့နေသည်၊ မျက်နှာတော်မှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်၊ သို့သော်လည်းအနားမယူ၊ ဆွဟာဗဟ်သာဝကနှစ်ပါး၏ ပခုံးအပေါ် သို့ လက်တင်ကာ ခြေတရွတ်တိုက်ဖြင့် သွား၍ နမာဇ်ဖတ်ခဲ့သည်။

ယနေ့ ကျမ်းမြတ်ကုရ်အာန်၏ ကြီးကျယ်မှုကို တင်ပြနေသူများနှင့် တမန်တော်သခင် ﷺ အား ချစ်လှပါသည်ဟု ကြွေးကြော်နေသူများသည် တမန်တော်သခင် ﷺ ၏ ဤလုပ်ရပ်များအား ကြည့်၍သင်ခန်းစာ




မယူထိုက်ပါသလော ? ကျွန်ုပ်တို့၏မြတ်နဗီတမန်တော်သခင် ﷺ သည်ကား أَقِيمُوا الصَّلَوٰةَ ဟူသည့် ကျမ်းမြတ်ကုရ်အာန်၏ အမိန့်တော်အား နာခံမှုနှင့်အတူ တင်ပြခဲ့သည့်အတိုင်း လက်တွေ့ကျင့်သုံးပြသ၍ ကျွန်ုပ်တို့အားရှင်းလင်းတင်ပြခဲ့ခြင်းပင် ဖြစ်ပေတော့သတည်း။

**ဟဇ်ရသ်မော်လာနာ ရှမ်စွတ်ဒိုဟာ (မဇ္ဇာဟေရိ)**

ဂုဏ်ယူဝင့်ကြွားမည် ဆိုလျှင်သာ သနဒ္ဓပညာရှင်များသည် ဂုဏ်ယူ ဝင့်ကြွားထိုက်သူများဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ကိုယ်တိုင်အမှန်တရားပေါ်၌ တည်ရှိနေပြီးအခြားသူများကိုလည်း လမ်းမှန်အားညွှန်ပြသူများ ဖြစ်ခြင်း ကြောင့်ပင်တည်း။

(ဟဇ်ရသ်ထာနဝီသခင်)



This document was created using SmartPDFCreator
To remove this message purchase the product at www.SmartPDFCreator.com

# အစ္စလာမ့် ရှရီအသ်၏ အရေးကြီးပုံ

ရှရီအသ် တရားတော်တွင် ကဏ္ဍငါးရပ်ရှိသည်။ ပထမကဏ္ဍသည် (အကာအစ်ဒ်) ယုံကြည်မှုဆိုင်ရာ ကဏ္ဍဖြစ်၏။ ဥပမာ-အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းသော ကိုးကွယ်ရာ အရှင် ဖြစ်တော်မူကြောင်းနှင့် တမန်တော်မြတ် မုဟမ္မဒ် သည် အလ္လာဟ်အရှင်မြတ်၏ စေတမန်တော် ဖြစ်တော်မူကြောင်းကို လက်ခံယုံကြည် ခြင်း။

ဒုတိယကဏ္ဍမှာ (အအ်မာလ်) ကျင့်စဉ်ပိုင်းဆိုင်ရာ ကဏ္ဍဖြစ်၏။ ဥပမာ-စွလာသ်ဝတ်ပြုခြင်း၊ ရိုဇဟ်ဥပုသ်စောင့် ထိန်းခြင်း။

တတိယကဏ္ဍမှာ (မုအာမလာသ်) အပေးအယူပြု လုပ်ခြင်းဆိုင်ရာ ကဏ္ဍဖြစ်၏။ ဥပမာ-ကုန်သွယ်ခြင်း၊ ရောင်း ဝယ်ခြင်း၊ ကန်ထရိုက်လုပ်ငန်းဆောင်ရွက်ခြင်း။

စတုတ္ထကဏ္ဍမှာ (အခ်လာက်) စာရိတ္တပိုင်း ဆိုင်ရာ

မုဖ်သီ ဦးရှိမူဟာမ္မဒ်

> မျက်မှောက်ခေတ် ကာလ၌ မုစ်လင်မ်တို့သည် ရှရီအသ် တရားတော်ကို ကျဉ်းသည်ထက် ကျဉ်းအောင် ပြုလုပ်လျက် ရှိကြ၏။

ကဏ္ဍဖြစ်၏။ ဥပမာ- မိမိကိုယ်မိမိနှိမ့်ချခြင်း၊ ရက်ရောစွာ သုံးစွဲခြင်း။

ပဥ္စမကဏ္ဍမှာ (မုအာရှရသ်) လူမှုဆက်ဆံရေးဆိုင်ရာ ကဏ္ဍဖြစ်၏။ လူတို့နှင့် ကောင်းမွန်စွာ ဆက်ဆံရေးဖြစ်ပြီး၊ အိပ်စက်အနားယူနေသူ တစ်ဦးအား အနှောင့်အယှက်မပေးခြင်း၊ သူတစ်ပါးအား အခက်အခဲဖြစ်စေမည့် လုပ်ရပ်များကို ရှောင်ကြဉ်ခြင်းစသည်တို့ပါဝင်သည်။

ယင်းကဏ္ဍ ငါးရပ်လုံးကို "ရှရီအသ်" တရားတော်ဟုခေါ်၍ မုစ်လင်မ်တို့အနေဖြင့် ယင်းတို့ကို လိုက်နာကျင့်သုံးရန် တာဝန်ရှိ၏။ သို့ရာတွင် မျက်မှောက်ခေတ်ကာလ၌ မုစ်လင်မ်တို့သည် ရှရီအသ်တရားတော်ကို ကျဉ်းသည်ထက်ကျဉ်းအောင် ပြုလုပ်လျက်ရှိကြ၏။ အချို့ပုဂ္ဂိုလ်များသည် ယုံကြည်ချက်ပိုင်းဆိုင်ရာကဏ္ဍကိုသာ ဘာသာရေးဖြစ်သည်ဟူ၍ ခံယူပြီးအလ္လာဟ်အရှင်မြတ်အား တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်ဖြစ်တော်မူသည်၊ တမန်တော်မြတ် ﷺ သည် အလ္လာဟ် အရှင်မြတ်၏ နောက်ဆုံးစေတမန်တော်ဖြစ်သည် ဟူသည့် ယုံကြည်ချက်ရှိလျှင် ဂျန္နသ်သို့ ရောက်ရှိရန် လုံလောက်ပြီဟု ယူဆကြလေသည်။ ယင်း သို့သော သူများသည် စွလာသ်ဝတ်ပြုခြင်း၊ ရိုဇဟ်ဥပုသ်စောင့်ထိန်းခြင်းစသည့် ကျင့်စဉ်ပိုင်းဆိုင် ရာ ပညတ်ချက်များကို (ဖရ်သ္ဂ) ထမ်းဆောင်ရမည့် ဝတ္တရားများဟူ၍ လက်ခံယုံကြည်ကြသော်လည်း လက်တွေ့အားဖြင့် ကျင့်သုံးခြင်းမရှိကြချေ။ ထိုသို့ ဝတ္တရားပျက်ကွက်ခြင်းကြောင့် အလ္လာဟ်အရှင်မြတ် က ပြစ်ဒဏ်ပေးခဲ့သော် ပြစ်ဒဏ်ကျခံပြီးသည့်နောက် ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍကို ပြီးပြည့်စုံစွာလက်ခံထားခြင်းကြောင့် ဂျန္နသ်သို့ မလွဲမသွေ ဝင်ရောက်ကြရမည်ဟု စွဲမှတ်ယုံကြည်ကြလျက် စွလာသ်ဝတ်ပြုခြင်း၊ ရိုဇဟ်ဥပုသ်စောင့်ထိန်းခြင်း စသည့် ကျင့်စဉ်ပိုင်းဆိုင်ရာ ကဏ္ဍကို လေးစားစွာ လိုက်နာခြင်းမရှိကြချေ။

အချို့ပုဂ္ဂိုလ်တို့သည် ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍနှင့် ကျင့်စဉ်ပိုင်းဆိုင်ရာကဏ္ဍဖြစ်သော စွလာသ်ဝတ်ပြုခြင်း၊ ရိုဇဟ်ဥပုသ်စောင့်ထိန်းခြင်းစသည်တို့ကို အရေးတယူလိုက်စားဆောင်ရွက်ကြသော်လည်း ကျန်အပေးအယူကဏ္ဍ၊ အရောင်းအဝယ်ကဏ္ဍအသီးသီးတို့တွင် (ဟလာလ်) ပြုပိုင်သော နည်းလမ်း၊ (ဟရာမ်) မပြုပိုင်သော နည်းလမ်းဟူ၍ မခွဲခြားတော့ဘဲ ပေးကြယူကြ၊ ရောင်းကြဝယ်ကြသည်လည်း ရှိလေသည်။

အချို့ပုဂ္ဂိုလ်တို့သည် ယုံကြည်ချက်ပိုင်းဆိုင်ရာကဏ္ဍ၊ ကျင့်စဉ်ပိုင်းဆိုင်ရာ ကဏ္ဍ၊ အရောင်းအဝယ်၊ အပေးအယူကဏ္ဍအသီးသီးကို အရေးတယူ လိုက်နာကျင့်သုံးကြသော်လည်း အကျင့်စာရိတ္တကို မပြုမပြင် ရှိရင်းစွဲအတိုင်းထားလျက် နေကြသည်လည်းရှိ၏။အနည်းငယ်မျှသော ပုဂ္ဂိုလ်တို့သည်သာ မိမိတို့၏ အကျင့်စာရိတ္တတို့ကို ဆန်းစစ်ပြုပြင်မှု ရှိတတ်ကြ၏။

အချို့ပုဂ္ဂိုလ်များသည် သူတစ်ပါးအား နှစ်ရှည်လများစာရိတ္တပိုင်းဆိုင်ရာဆုံးမပဲ့ပြင်မှု ပြုခဲ့ကြသော်လည်း မိမိတို့၏ အမူအကျင့်ဆိုးများကြောင့် အခြားသူများဒုက္ခရောက်ကြသည်ကို သတိမမူ၊ မသိနားမလည်ဘဲရှိတတ်ကြ၏။

များစွာသောပုဂ္ဂိုလ်တို့သည် ဆင်းရဲနွမ်း



This document was created using Smart PDF Creator. To remove the message, purchase the product at www.SmartPDFCreator.com

> **များစွာသောပုဂ္ဂိုလ်တို့သည် ဘာသာရေး ကိုင်းရှိုင်းပြီး စာရိတ္တကောင်းသူများဖြစ်ပါလျက် လူတို့အား ဒုက္ခဖြစ်စေတတ်သည့် သေးငယ်သော ကိစ္စရပ်များကို ပြုမူတတ်ကြသည်။**

ပါးသည့် မုစ်လင်မ်တစ်ဦးနှင့် ရင်ဆိုင်တွေ့သည့် အခါဦးစွာ စလာမ်မေတ္တာ ပို့သမှုမပြုဘဲ တစ်ဖက်သား၏စလာမ်မေတ္တာပို့သမှုကို စောင့်ဆိုင်းနေတတ်ကြသည်လည်း ရှိ၏။

အချို့ ပုဂ္ဂိုလ်တို့သည်ကား ယုံကြည်ချက်ပိုင်းဆိုင်ရာကဏ္ဍ၊ ကျင့်စဉ်ပိုင်းဆိုင်ရာကဏ္ဍ၊ အပေးအယူပိုင်းဆိုင်ရာ ကဏ္ဍ စသည့် ကဏ္ဍအသီးသီးတို့ အနက်ကဏ္ဍ အားလုံးကိုလိုက်နာ ဆောင်ရွက်ရင်း ပြုပြင်စရာရှိသည့် စာရိတ္တတို့ကိုပါ အလေးထား ပြုပြင်ကြသော်လည်း လူမှုဆက်ဆံရေးပိုင်း ဆိုင်ရာ ကဏ္ဍကိုစွန့်လွှတ်ထားကြသည်။ ယင်းကဏ္ဍကို ဘာသာရေးနှင့် မသက်ဆိုင်ဟူ၍ ပစ်ပယ်ထားတတ်ကြသည်။

အဆိုပါ ပုဂ္ဂိုလ်တို့က "လူမှုဆက်ဆံရေး ကဏ္ဍသည် ရှရီအသ်တရားတော်နှင့် မသက်ဆိုင်၊ မိမိတို့ စိတ်ကြိုက်ပြုမူနိုင်သည်၊ ရှရီအသ်တရားတော်က ဤနေရာတွင် ပါဝင်ရန် မလို" ဟု ခံယူထားကြသည်။ များစွာသောပုဂ္ဂိုလ်တို့သည် ဘာသာရေး ကိုင်းရှိုင်းပြီး စာရိတ္တကောင်းသူများဖြစ်ပါလျက် လူတို့အား ဒုက္ခ ဖြစ်စေတတ်သည့် သေးငယ်သော ကိစ္စရပ်များကို ပြုမူတတ်ကြသည်။ မိမိတို့လုပ်ရပ်ကြောင့် အခြားသူတစ်ဦး ဒုက္ခရောက်မည်ကို လျစ်လျူရှုလျက် မိမိတို့ စိတ်ကြိုက်ပြုမူဆက်ဆံတတ်ကြသည်။ စင်စစ် တမန်တော်မြတ်သည် ကြီးမားသည့် ကိစ္စရပ်များကို အရေးတယူဂရုတစိုက် ဆောင်ရွက်သည့်နည်းတူ သေးငယ်သည့်ကိစ္စရပ်များကိုလည်း ဂရုပြုဆောင်ရွက်လေ့ရှိကြောင်း ဟဒီးဆ်သြဝါဒတော်များတွင်လာရှိ၏။

လူမှုဆက်ဆံရေးပိုင်းဆိုင်ရာ ကဏ္ဍသည် ဘာသာရေးကဏ္ဍ တစ်ခုဖြစ်ကြောင်း သိရှိပြီးနောက် အစ္စလာမ်ဘာသာရေးကဏ္ဍအားလုံးကို လိုက်နာကျင့်သုံးမှသာ ပြည့်ဝသည့် မုစ်လင်မ်တစ်ယောက်ဖြစ်နိုင်သည်ကို သတိပြုသင့်၏။ မည်သည့် ကိစ္စမဆို မုစ်လင်မ်နည်းဟန်ဖြင့် ပြုလုပ်ရမည်။ အခြားသူတို့၏ နည်းဟန်ဖြင့် မပြုထိုက်ချေ။

လူမှုဆက်ဆံရေး ဆိုင်ရာစည်းကမ်းများကို လိုက်နာရန်မှာ (ရောင်းဝယ်ရေး) အပေးအယူပိုင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာခြင်းထက်ပို၍ အရေးကြီး၏။ အကြောင်းမှာ အပေးအယူပိုင်းဆိုင်ရာကဏ္ဍသည် လူတို့၏ ပစ္စည်း စည်းစိမ်ချမ်းသာကို ထိန်းသိမ်းခြင်းနှင့်သက်ဆိုင်ပြီး လူမှုဆက်ဆံရေး ကောင်းမွန်ခြင်းမှာ လူတို့၏ စိတ်နှလုံးချမ်းမြေ့သာယာမှုနှင့် သက်ဆိုင်ပေသည်။ စိတ်ချမ်းသာမှုက ပစ္စည်း ဥစ္စာချမ်းသာမှုထက် အရေးကြီး၏။

လူမှုဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် အီမာန်(သက်ဝင်ယုံကြည်မှု) ၏နောက်အရေးကြီးဆုံးဖြစ်သည့် မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရာရောက်သည်။ မိမိ၏ ဂုဏ်သိက္ခာအတွက် လူတို့သည် မည်သည့်အရာကိုမဆို စွန့်လွှတ်ရန် ဝန်မလေးတတ်ကြပေ။

(ဟဂ်ျဂျသူလ်ဝဒအ်) နောက်ဆုံး ဟဂ်ျပြုရင်းတမန်တော်မြတ်က " မုစ်လင်မ်တို့၏ အသက်၊ ဂုဏ်သိက္ခာနှင့် ပစ္စည်းတို့ကို ကိယာမသ် (ကမ္ဘာတရားစီရင်မည့်နေ့) တိုင်အောင် စောင့်ထိန်းကြရမည့် တာဝန်ရှိကြောင်း" မိန့်ကြားတော်မူခဲ့၏။

အစ္စလာမ့်လူမှု ဆက်ဆံရေး စနစ်သည် စံထားအပ်သော လူမှုဆက်ဆံရေးစနစ်ဖြစ်၏။



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

ထို့ကြောင့် အခြားသူတို့၏လူမှုဆက်ဆံရေး စနစ်ကိုအတုယူလိုက်နာရန်မလိုပေ။

လူမှုဆက်ဆံရေးစနစ်ကောင်းဟူသည်မှာ အယောင်ဆောင်မှုပလွှားဝင့်ကြွားမှုများနှင့် မသက်ဆိုင်ချေ။

မာနကြီးမှုနှင့် အယောင်ဆောင်မှုတို့သည် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာစနစ်ကို အရင်းအမြစ်ကပင်ဖြိုလှဲပစ်မည့် အရာများဖြစ်သည်။ မာနကြီးသူသည် မိမိကိုယ် မိမိအခြားသူများထက် ကြီးမြတ်သူအဖြစ်ထင်မြင်ကာ အခြားသူများနှင့် ဆက်ဆံရာတွင် အပေါ်စီးမှ အနိုင်ယူလိုကြသည်။ ထို့ကြောင့်သူတစ်ပါးကိုမှန်မှန်ကန်ကန်၊ စာနာထောက်ထားလျက် မဆက်ဆံတတ်ကြချေ။ အစ္စလာမ်ဘာသာက လူမှုဆက်ဆံရေး၌ မိမိကိုယ်မိမိ နှိမ့်ချပြီး ကျိုးနွံမှုရှိရန် ဆုံးမထား၏။ ကျိုးနွံခြင်း၊ မိမိကိုယ်မိမိနှိမ့်ချခြင်း မရှိလျှင် စာနာခြင်းနှင့် သွေးစည်းညီညွတ်ခြင်းလည်း ရှိ တော့မည် မဟုတ်ချေ။

အစ္စလာမ့်လူမှုဆက်ဆံရေးစနစ်သည် ထူးခြားသည့် စနစ်ဟုဆိုရမည်။ ဥပမာအားဖြင့် စားသောက်ခြင်းနှင့် ပတ်သက်၍ တမန်တော်မြတ်က မိန့်ကြားရုံမျှမက လက်တွေ့ကျင့်သုံးပြသတော်မူခဲ့၏။ တမန်တော်မြတ်က "ငါကိုယ်တော်သည် အစားအစာ စားသုံးသည့်အခါ ကျေးကျွန်တစ်ယောက် (ကျိုးနွံစွာ) စားသုံးသည့်အလား စားသုံးတော်မူသည်" ဟု မိန့်ကြားတော်မူခဲ့၏။

တမန်တော်မြတ်သည် အစားအစာ စားသုံးတော်မူသည့် အခါ ကိုယ်ကိုကိုင်းညွတ်၍ထိုင်ပြီး နှစ်ခြိုက်စွာနှင့် လျင်မြန်စွာ စားသုံးတော်မူလေ့ရှိ၏။ ကျွန်ုပ်တို့မှာ စားသောက်ရာတွင် ဟိတ်ဟန်လုပ်၍ တခမ်းတနား စားသုံးကြသည် မဟုတ်ပါလား။ ဤသို့လွဲမှားစွာ ပြုလုပ်နေကြသည်မှာ ကျွန်ုပ်တို့အတွက်

> ကျိုးနွံခြင်း၊ မိမိကိုယ် မိမိနှိမ့်ချခြင်းမရှိလျှင် စာနာခြင်းနှင့် သွေးစည်းညီညွတ်ခြင်းလည်း ရှိတော့မည် မဟုတ်။

အမှန်တရားသည် ဖုံးကွယ်နေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့စားသုံးနေသည့် စားသောက်ဖွယ်ရာများသည် အကြီးမြတ်ဆုံးဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ခြင်းခံထားရသည်များဖြစ်ကြောင်းကို သဘောပေါက်သည့် အခါတွင်လည်း ကောင်း၊ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့အား အကြွင်းမဲ့ မြင်နေသည်ကို စိတ်တွင်း၌ ခံစားသိရှိလာသည့် အခါတွင်လည်းကောင်း၊ တမန်တော်မြတ်ပြုတော်မူခဲ့ သည့်အတိုင်း ကျွန်ုပ်တို့သည် လည်းကျိုးနွံစွာ ပြုကြ မည်မှာသေချာ၏။

အကြီးအကဲ တစ်ဦးဦးအား ကြည်ညိုလေးစားမှု အမှန်တကယ်ရှိခဲ့လျှင် ၎င်းအကြီးအကဲ၏ ခိုင်းစေချက်ဟူသမျှကို တိကျစွာလိုက်နာဆောင်ရွက်မည်မှာ ဓမ္မတာဖြစ်သည်။ ဤနည်းတူပင် တစ်ဦးတစ်ယောက်က အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိမြင်တော်မူသော အရှင်ဖြစ်ပြီး မြင့်မြတ်တော်မူကြောင်းကို နားလည်သဘောပေါက်ပါလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မြေဝယ်မကျနာခံကျင့်သုံးမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ကြီးမြတ်တော်မူခြင်း၊ အကြွင်းမဲ့သိမြင်တော်မူခြင်းတို့ကို သတိမမူသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို မလိုက်နာ မကျင့်သုံးဘဲ ဥပေက္ခာပြုလျစ်လျူရှုကြမည်ဖြစ်၏။



This document is created by Smart PDF Creator
To remove this message please purchase the product at www.SmartPDFCreator.com

**အစ္စလာမ်သာသနာတော်တွင် အဘက် ဘက်မှပြည့်ဝ စုံလင်လှသည့် လူမှုဆက်ဆံရေး စနစ်ရှိနေပါလျက် မှစ်လင်မ်တို့သည်မည်သည့်လူမှုဆက်ဆံရေးစနစ်ကို အားကျလက်ခံကျင့်သုံး ဦးမည်နည်း။**

တမန်တော်မြတ်နှင့် ကျွန်ုပ်တို့အကြား ကွာခြားသည့် အဓိက အချက်မှာ ဤအချက်ပင်ဖြစ်၏။ တမန်တော်မြတ်က အလ္လာဟ်အရှင်မြတ်သည် ကြီးမြတ်တော်မူကြောင်း၊ အကြွင်းမဲ့သိမြင်တော်မူကြောင်းကို သိရှိနားလည်သဘောပေါက်သဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဟူသမျှတို့ကို တိကျစွာ လိုက်နာကျင့်သုံးတော်မူခဲ့ပြီး၊ ကျွန်ုပ်တို့မှာကား ထိုသို့မဟုတ်သဖြင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးရန်ဝန်လေးနေကြသည် မဟုတ်ပါလား။ အကယ်၍သာ ကျွန်ုပ်တို့၏ စက္ခုအာရုံသည် ထိုးဖောက်မြင်နိုင်စွမ်းရှိပါလျှင် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ တမန်တော်မြတ်၏စိတ်နေသဘောထားမှာအထက်ဖော်ပြပါအတိုင်း ဖြစ်သည်ကို တွေ့မြင်ရမည်မှာ သေချာပေသည်။

အစ္စလာမ်သာသနာတော်တွင် အဘက်ဘက်မှပြည့်ဝစုံလင်လှသည့် လူမှုဆက်ဆံရေးစနစ်ရှိပါလျက်မုစ်လင်မ် တို့သည် မည်သည့် လူမှုဆက်ဆံရေးစနစ်ကို အားကျလက်ခံ ကျင့်သုံးရဦးမည်နည်း။

ယုတ်စွအဆုံးအစ္စလာမ့် လူမှုဆက်ဆံရေးစနစ်သည် မပြည့်စုံသည့် စနစ်ဖြစ်သည်ထားဘိဦး၊ အစ္စလာမ်ဘာသာကို အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး အမှန်ကန်ဆုံးသော ဘာသာဟု အမွှန်းတင်ကြွေးကြော်ဟစ်အော်နေကြသူတို့သည် အရှက်တရားရှိကြပါမူ မည်သည့်နည်းနှင့်မျှ အခြားသူတို့၏ လူမှုဆက်ဆံရေးစနစ်ကို အားကျလက်ခံကျင့်သုံးကြမည် မဟုတ်ပေ။

မိမိပိုင်သည့် ဟောင်းနွမ်းနေသော စောင်ကလေးကို သူတစ်ပါးပိုင်သည့် သိုးမွေးစောင်ထက် ပိုမို၍ တန်ဖိုးထားရမည်မှာ ဓမ္မတာ မဟုတ်ပါလား။ သို့သော်လည်း ဝမ်းနည်းစရာကျွန်ုပ်တို့အဖြစ်သည်ကား မိမိတို့၏ လက်ဝယ်တွင် တန်ဖိုးကြီးမားလှသည့် သိုးမွေးစောင်ရှိပါလျက် ယင်းကို ပစ်ပယ်ပြီး အခြားသူတို့၏ စောင်ကိုမှ အမြတ်တနိုး ခြုံနေကြခြင်းပင်ဖြစ်သည်။

## အစ္စလာမ့် လူမှုဆက်ဆံရေး၏ ထူးခြားပုံ

ကျွန်ုပ်တို့မုစ်လင်မ်များသည် ဝတ်စားဆင်ယင်ရာ၌လည်း အခြားသူများ၏ ဝတ်စားဆင်ယင်မှုကို အထင်ကြီးကာ အတုခိုးဝတ်ဆင်နေကြသည်ကို ဝမ်းနည်းဖွယ်တွေ့ကြရသည်။ စင်စစ်အစ္စလာမ့်အဆုံးအမ၊ လမ်းညွှန်မှုနှင့် အညီ ဝတ်စားဆင်ယင်မှုမှာ အဆင့်မြင့်လှ၏။ အဘယ်ကြောင့်ဆိုသော် အစ္စလာမ်ဘာသာတွင် ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ စည်းကမ်းချက် များစွာ သတ်မှတ်မထားဘဲ ရိုးသားလုံခြုံစွာ ဝတ်ဆင်ရန်သာပြဋ္ဌာန်းထားသည်။ ကျွန်ုပ်တို့အထင်ကြီးကာ အတုယူ ဆင်မြန်းနေကြသည့် အနောက်တိုင်း ဝတ်စားဆင်ယင်မှုမှာ စည်းကမ်းသတ်မှတ်ချက်များ ရှုပ် ထွေးတင်းကြပ်လှသည်။

ရိုးသားခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပြီး၊ ရိုးသားစွာ နေထိုင်ကျင့်ကြံသူသည် ဒုက္ခများစွာမှ ချမ်းသာရာ ရပေသည်။ ဟန်ဆောင်မှု၊ ပလွှားဝင့်ကြွားမှုတို့နှင့် အတူ ဒုက္ခများစွာပါလာတတ်သည်။ ရိုးသားစွာ ကျင့်ကြံနေထိုင်ခြင်းသည် လွန်စွာ ချိုမြိန်သည့် အရသာရှိ၏။ သဘာဝအားဖြင့် လူတိုင်းရိုးသားစွာ နေထိုင်ကျင့်ကြံလိုကြသော်လည်း စိတ်ကြီးဝင်မှုနှင့် အထင်အမြင်သေးခံရမည်ကို စိုးရွံ့မှုတို့၏ ဖျက်ဆီးခြင်းကို ခံနေကြရသည်။

အစ္စလာမ်ဘာသာတွင် စွလာသ်ဝတ်ပြုခြင်း ရိုဇာဟ် ဥပုသ်စောင့်ထိန်းခြင်း စသည်တို့မှာ (ဖရ်သ္ဓ်) မကျင့်မနေရ တာဝန်ဖြစ်သကဲ့သို့ လူမှုဆက်ဆံရေး စနစ်သည်လည်း ရှရီအသ်တရားတော်၏ အရေးပါ အရာရောက်သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ရကား လူမှုဆက်ဆံရေးကို ကောင်းသည်ထက် ကောင်းအောင် ပြုနေရန်မှာ (ဖရ်သ္ဓ်) တာဝန်တစ်ရပ်ဖြစ်၏။

## တွေးခေါ်သုံးသပ်ကြပါ

အစ္စလာမ့် လူမှုဆက်ဆံရေး စနစ်သည် လူတို့၏ သဘာဝစိတ်ဓာတ်နှင့်သဟဇာတဖြစ်သော်လည်း မျက်မှောက်ခေတ် လူတို့တွင် သမာသမတ်ကျမှု၊ အစွဲကင်းမှုများ ပျောက်ဆုံးနေပြီဖြစ်၏။ အဆိုးရွားဆုံးမှာကား လူတို့သည် မိမိတို့၏ အဖြစ်ကို ဆင်ခြင်သုံးသပ်မှုမရှိကြခြင်းဖြစ်၏။ တွေးခေါ်သုံးသပ် ကြပါမူ အကောင်းနှင့် အဆိုးကို ခွဲခြားတွေ့မြင် ကြမည် ဖြစ်၏။ တွေးခေါ်သုံးသပ်သည့် အလေ့အကျင့်ကြောင့် လူသည်အမှားတစ်ခုခုကို မပြုလုပ်၊ မကျူးလွန် တော့ပဲ ကျွန်ုပ် မပြောလို။ သို့ရာတွင် တွေးခေါ်သုံးသပ်လေ့ရှိသူ၏ အမှား၊ အားနည်းချက်သည် သူတစ်ပါးဒုက္ခရောက်စေလောက်သည့် အဖြစ်မျိုးအထိ မရောက်နိုင်ပေ။ တွေးခေါ်ဆင်ခြင်သုံးသပ်ခြင်းဖြင့် လူနေမှုဘဝ၏ ဘက်ပေါင်းစုံကို သိမြင်နိုင် စွမ်းရှိမည် ဖြစ်လေသည်။

## လောကကင်းဝေး နေနိုင်ရေး

ရှရီအသ် တရားတော်၏ ရည်မှန်းချက်မှာ လူတို့အား လောကကင်းဝေးစွာနှင့် စိတ်ချမ်းသာစွာ နေထိုင်နိုင်ရန်ဖြစ်၏။ မည်သည့်အခြေအနေတွင်မဆို ရှရီအသ်တရားတော်သည် လူတို့အား ငြိမ်းချမ်းသာယာမှုရှိစေရန်ပြဋ္ဌာန်းထားခြင်း ဖြစ်၏။

ရှရီအသ်တရားတော်၏ စည်းကမ်းများကို တိကျစွာ လိုက်နာကျင့်သုံးသူသည် စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၏ ဒဏ်ကို ခံနိုင်ရည်ရှိမည် ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်းခြင်း ဟူသည်မှာ ကိုယ်နှုတ် နှလုံးသုံးပါးလုံးဖြင့် အစ္စလာမ့်တရားတော်များအတိုင်း လိုက်နာကျင့်သုံး ခြင်းကို ဆိုလိုခြင်းဖြစ်၏။ ဘာသာရေးကိုင်းရှိုင်းခြင်းဖြင့် စိတ်ဆင်းရဲမှု အတိဒုက္ခတို့မှ ကင်းစင်ပြီး သုခတရားသာလျှင် တိုးပွားလာမည်ဖြစ်ပေတော့သည်။

မုဖ်သီနူးရ်မုဟမ္မဒ်

ကျမ်းကိုး- အာဒါဘုလ်မုအာရှရှသ်

ယနေ့ကျွန်ုပ်တို့သည် အရှင်မြတ် ၏ အမိန့်တော်များအား လျစ်လျူရှုထားကာ သာသနာတော်ကို ကျောခိုင်း နေကြသဖြင့် ကျွန်ုပ်တို့၏ ဘဝသည် သာယာမှု ကင်းမဲ့နေပြီး ကြပ်တည်းမှုများနှင့် ကြုံတွေ့နေကြရ၏။

(ဂျိုက်ခ်မုဖ်သီမုဖမ္မဒ်ရ်တုစိုင်န်သခင်)

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

## အီမာန်ခိုင်မြဲစေရန်နှင့် ဘဝနိဂုံးချုပ် ကောင်းမွန်စေရေးအတွက်

# ကျင့်စဉ် (၇) ရပ်

မုဖ်သီဂျမီးလ်(မဇ္ဇာဟေရီ)

### ကျင့်စဉ်အမှတ် (၁)

*ဖရပ်ဇ် နမာဇ်ပြီးတိုင်း အောက်ပါဒိုအာကိုငိုယို (ကျိုးနွံ)၍ တောင်းဆိုပါ။*

رَبَّنَا لَا تُزِغْ قُلُوبَنَا بَعْدَ إِذْ هَدَيْتَنَا وَهَبْ
لَنَا مِن لَّدُنكَ رَحْمَةً إِنَّكَ أَنتَ الْوَهَّابُ

*ဘရာနုလ်ကုရ်အာန်မှအဓိပ္ပာယ်နှင့်ဖွင့်ဆိုခြင်း*

အို- ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသောအရှင်၊ အရှင်မြတ်သည်ကျွန်တော်မျိုးတို့အား ဟေဒါယသ် တရားလမ်းမှန် ချီးမြှင့်ပြီးသည့်နောက် ကျွန်တော်မျိုးတို့၏ စိတ်များကို တိမ်းစောင်းအောင် ပြုတော်မမူပါနှင့်၊ ၎င်းအပြင် ကျွန်တော်မျိုးတို့ကို မိမိထံတော်ပါးမှ ထူးကဲသောရဟ်မသ် မဟာကရုဏာတော်ကို ပေးသနားတော်မူပါ။ ( ထိုရဟ်မသ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်ဖြစ်သည်။) ထိုလမ်းစဉ်ပေါ်တွင်ကျွန်တော်မျိုးတို့အား တည်မြဲစွာ ရပ်တည်စေတော်မူပါ။

ဤဒိုအာနှင့် စပ်လျဉ်း၍ နက်နဲမှု အချို့ကို တဖ်စီရ်ရှုဟုလ်မအာနီ ကျမ်းမှ ကောက်နုတ်တင်ပြလိုပါသည်။

(က) ဤဒိုအာတွင် ရဟ်မသ်ဆိုသည်မှာ- သာသနာပေါ်တွင် တည်တံ့ ခိုင်မြဲစွာ ရပ်တည်ခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် စစ်မှန်သော သာသနာပေါ်တွင် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရန် အလ္လာဟ့်ထံတော်ပါး၌ သောင်ဖီးက်စွမ်းအားကို တောင်းခံခြင်းဖြစ်၏။

(ခ) ဤသို့ သာသနာပေါ်တွင် တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်စွမ်း ရရှိခြင်းသည် ကျွန်ုပ်တို့၏ ကောင်းမှုကုသိုလ်များ၏ အစား



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com



မဟုတ်ဘဲ အရှင်မြတ်၏ ချီးမြှင့်မှု သက်သက် ဖြစ်သည်ကို ပေါ်လွင်စေရန် وَهَبْ لَنَا "ဟေဗဟ်" တည်းဟူသော ပုဒ်ဖြင့် ဖော်ပြထားလေသည်။ ချီးမြှင့်သူသည် မိမိ၏ထူးကဲသော ကျေးဇူးတော် အဟုန်ဖြင့် အတိုင်းအဆမရှိ ချီးမြှင့်တော်မူလေသည်။ သို့ဖြစ်လေရာ အီမာန်နှင့်တကွ ဘဝနိဂုံးချုပ် ကောင်းမွန်နိုင်ရေး အတွက် သောင်းဖိုးက်ချီးမြှင့်ပါဟူ၍ ဒိုအာပြုရန် အလ္လာဟ်အရှင်မြတ်က وَهَبْ لَنَا ဟူ၍ သင်ကြားပေးထားလေသည်။

## ကျင့်စဉ်အမှတ် (၂)

*ဟဒီးဆ်တော်တွင်လာရှိသော အောက်ပါ ဒိုအာကို မြောက်မြားစွာဖတ်ပါ။*

يَاحَيُّ يَاقَيُّوْمُ بِرَحْمَتِكَ اَسْتَغِيْثُ

အဓိပ္ပာယ် - အို-ထာဝရရှင် နေတော်မူသော အရှင် (အရှင်၏ ဗရ်ကသ်တော်ဖြင့် စကြဝဠာ တစ်ခုလုံးသည် ရှင်သန်လျက်ရှိ၏။ ၎င်းနောက် လောကရှိ အရာအားလုံး၏ တည်မြဲမှုသည် အရှင့်အပေါ်၌သာ မူတည်၏။) အရှင်၏ ရဟ်မသ် မဟာကရုဏာ တော်ကို တောင်းခံပါ၏။

## ကျင့်စဉ်အမှတ် (၃)

**မိစ်ဝါးက်ပြုရမည်။(တံပူဖြင့်သွားတိုက်ရမည်)**

အလ္လာမဟ်ရှာမီးအိဗ်နေ့ အာဗေ့ဒီန်းကရှာမီကျမ်း အတွဲ(၁) စာ(၈၄)တွင် တမန်တော်မြတ်၏ မိန့်ခွန်းတော်တစ်ရပ်ကို ဖော်ပြထားသည်မှာ - *မိစ်ဝါးက်ပြု၍ ဝတ်ပြုသော နမာဇ်သည် မိစ်ဝါးက် မပြုလုပ်ဘဲ ဝတ်ပြုသော နမာဇ်ထက် အဆပေါင်း(၇၀) သာမြတ်လေသည်။ မိစ်ဝါးက်၏ ဗရ်ကသ်ဖြင့် သေခါနီးအချိန်တွင် ကလေ့မဟ်ကို သတိရပေလိမ့်မည်။*

ရှာမီအတွဲ(၁) စာ (၁၈၅) တွင် လာရှိထားသည်မှာ-

ومن منافعه تذكير الشهادة

عند الموت. رزقنا الله تعالىٰ

عنه وكرمه (شامي ج ١ ص ١٨٥)

အဓိပ္ပာယ်။ ။ *မိစ်ဝါးက်၏ အကျိုးအာနိသင်များအနက်မှ အာနိသင်တစ်ခုမှာ သေခါနီးအချိန်တွင် ကလေမဟ်ကို သတိရခြင်းပင် ဖြစ်သည်။* (အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို မိမိ၏ ကျေးဇူးတော် ဖြင့် ဤ အခွင့်အလမ်းကို ချီးမြှင့်တော်မူပါစေ။) (ရှာမီကျမ်း၊တွဲ ၁-စာ ၁၈၅)



This document was created using SmartPDF Creator
To remove this message purchase the product at www.SmartPDFCreator.com

**မိစ်ဝါးက် ကိုင်တွယ်နည်း။** မိစ်ဝါးက် ပြုလုပ်ခြင်း၏ စွန္နသ်နည်းလမ်းကို ဟဇ်ရသ်အဗ်ဒုလ်လာဟ်အိဗ်နေ့ မတ်စ်အူးဒ်သခင်က ဤသို့ ပြောကြားခဲ့သည်။ လက်သန်းကို မိစ်ဝါးက်၏ အောက်တွင်ထားရမည်။ ကျန်လက်ချောင်းကလေးများကို မိစ်ဝါးက်၏ အပေါ်တွင် ထားရမည်။

## ကျင့်စဉ်အမှတ် (၄)

*ရှိရင်းစွဲအီမာန်အပေါ် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရမည်။*

အလ္လာဟ်အရှင်မြတ်သည် ကျမ်းတော်မြတ် ကုရ်အာန်၌ ကတိပြုထားသည်မှာ-

لَئِن شَكَرْتُمْ لَأَزِيدَنَّكُمْ

အကယ်၍ သင်တို့သည် ရှုကူရ်ပြု ကျေးဇူးတင်ကြမည်ဆိုလျှင် ငါအရှင်မြတ်သည် ဧကန်မုချ ဆတက်ထမ်းပိုး တိုး၍ အသင်တို့ကို ချီးမြှင့်တော်မူမည်။

သို့ရှိရာ ရှိရင်းစွဲအီမာန်အပေါ် အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ခြင်းသည် အီမာန်ခိုင်မြဲမှုနှင့် တိုးတက်မှု၏ အကြောင်းခံဖြစ်သည်။

## ကျင့်စဉ်အမှတ် (၅)

*မိမိမျက်လွှာကို ထိန်းသိမ်းရမည်။*

မျက်လွှာကို ထိန်းသိမ်းခြင်းဖြင့် အီမာန်၏ အနှစ်သာရကို ချီးမြှင့်မည်ဟု ကတိတော်လာရှိထား၏။ ၎င်းအပြင် စိတ်အတွင်း၌ အီမာန်၏ အနှစ် သာရ (၁) ကြိမ် စိမ့်ဝင်သွားလျှင် တစ်သက်တာ ထွက်တော့မည်မဟုတ်။ သို့ဖြစ်လေရာ မျက်လွှာကို ထိန်းသိမ်းခြင်းသည် ဘဝ နိဂုံးချုပ် ကောင်းမွန်ခြင်း၏ မင်္ဂလာသတင်းတစ်ရပ် ဖြစ်ပေသည်။ တမန်တော်မြတ် မိန့်တော်မူသည်မှာ-

ان النظر سهم من سهام ابليس
مسموم من تركها مخافتى
ابدلته ايمانا يجد حلاوته فى
قلبه

ဤဟဒီးဆ်သည် ဟဒီးဆေ့ကုဒုစီ ဖြစ်၏။ ဟဒီဆေ့ကုဒ္ဒုစီဟူသည့် အလိုသဘောကို မုလ္လာအလီကာရီသခင်က ဤသို့ ဖွင့်ဆိုထားသည်။

ဟဒီးဆေ့ကုဒုစီ ဆိုသည်မှာ ၎င်းကို တမန်တော်မြတ်သည် မိမိ၏စကားလုံးများဖြင့် မိန့်ဆို၍ အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်ဖြစ်သည်ဟု ရည်ညွှန်ခြင်းကို ခေါ်ပါသည်။

အထက်ပါ ဟဒီးဆ်၏ အဓိပ္ပာယ်မှာ-

*ဧကန်မုချ မျက်လွှာသည်ရှိုင်သွာန်၏ မြားတံများအနက်မှ အဆိပ်လူးထားသော မြားတစ်လက်ဖြစ်၏။ အကြင်ဗန္ဒာဟ်သည် ငါအရှင်မြတ်အား ကြောက်စိတ်ဖြင့် မိမိ၏ မျက်လွှာကို (တစ်ရံဆံ အမျိုးသမီးများနှင့် ချောမော လှပသော ယောကျ်ားငယ်ကလေးများ ဘက်သို့ ကြည့်ခြင်းမှ) ထိန်းသိမ်းခဲ့သည် ရှိသော် ငါအရှင်မြတ်သည် ၎င်းအား ဤကဲ့သို့သော အီမာန်ကို ချီးမြှင့်တော်မူမည်။ ၎င်း၏အရသာကို နှလုံးသည်းပွတ်အတွင်း၌ ခံစားရလိမ့်မည်။*

(ကန်ဇုလ်အုမ္မာလ်ကျမ်း၊ အတွဲ-၅၊ စာ-၃၂၈)



This document was created using Smart PDF Creator
To remove this watermark, please purchase the product at www.SmartPDFCreator.com

## ကျင့်စဉ်အမှတ် (၆)

*အဇာန်ပြီးနောက် အောက်ပါဒိုအာကိုဖတ်ပါ။*

اَللّٰهُمَّ رَبَّ هٰذِهِ الدَّعْوَةِ التَّامَّةِ
وَالصَّلٰوةِ الْقَائِمَةِ اٰتِ مُحَمَّدَنِ
الْوَسِيْلَةَ وَالْفَضِيْلَةَ وَابْعَثْهُ
مَقَامًا مَّحْمُوْدَنِ الَّذِيْ وَعَدْتَّهُ
اِنَّكَ لَا تُخْلِفُ الْمِيْعَادَ ۝

ၚင်းကို ဒိုအာအွေ့ဝစီလာ ဟူ၍လည်းခေါ်သည်။ အဇာန်ဆိုနေချိန်တွင် အဇာန်၏ စာပိုဒ်များ၏အဖြေကို ပေးရမည်။ အဇာန်ပြီးဆုံးသွားလျှင် ကိုယ်တော်မြတ်အပေါ်သို့ ဒရူးဒ် မေတ္တာပို့၍ အထက်ပါ ဒိုအာအွေ့ဝစီလာကို ဖတ်ပါ။ ၎င်း ဒိုအာကို ရွတ်ဆိုသူ အတွက်ငါ ကိုယ်တော်မြတ်၏ ရှဖာအသ်ဝါဂျစ်ဗ်ဖြစ်သွားလေပြီဟု တမန်တော်မြတ် မိန့်ဆိုခဲ့သည်ဟု ဘုခါရီကျမ်းရှင်က မှတ်တမ်းပြုထားပေသည်။ ဤသည်ကို ထောက်ရှု၍ မုလ္လာအလီကာရီသခင်က ဤမိန့်ကြားချက်သည် ဘဝနိဂုံးချုပ် ကောင်းမွန်ခြင်း၏ မင်္ဂလာသတင်းကောင်းကို ရည်ညွှန်းဖော်ပြနေသည်ဟု ရေးသားမိန့်ဆိုထားသည်။ အကြောင်းသော်ကား တမန်တော်မြတ်၏ ရှဖာအသ်သည် ကာဖိရ်များအတွက် မရနိုင်ခြင်းကြောင့်တည်း။

## ကျင့်စဉ်အမှတ် (၇)

*သူတော်စင်များ၏ အသိုက်အဝန်းတွင် ပါဝင်ရမည်၊ အလ္လာဟ်အရှင်မြတ်အတွက် ၎င်းတို့နှင့် မေတ္တာထားရမည်၊*

ဤ ကျင့်စဉ်ဖြင့် ဘဝနိဂုံးချုပ် ကောင်းမွန်ခြင်း၏ ဆုံးဖြတ်ချက်ကို အလ္လာဟ့် ထံတော်ပါးမှ ရရှိမည်ဟု ဘုခါရီကျမ်း၏ အောက်ပါ ရိဝါယသ် (၂) ခုဖြင့် သိရပေသည်။

(၁) ဧကန်မုချ သူတော်စင်များ၏ အသိုက်အဝန်း၌ ပါဝင်သူသည် သူတော်စင်များ ရရှိမည့် စည်းစိမ်တော်များ အားလုံးကို ရရှိပေမည်။ ဤသည်မှာ ထိုသူတော်စင်များကို ဂုဏ်ပေးလေးစားခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်လေရာ ထိုသူတော်စင်များ၏ ဘဝနိဂုံးချုပ် ကောင်းမွန်သကဲ့သို့ ၎င်းတို့၏ အသိုက်အဝန်းတွင် ပါဝင်သောသူ၏ ဘဝနိဂုံးချုပ်လည်း ကောင်းမွန်ပေလိမ့်မည်။

(၂) ဘုခါရီနှင့် မုစ်လင်မ်ကျမ်းတို့၌ ပါရှိသည်မှာ- အရည်အချင်း (၃) ခုနှင့် ပြည့်စုံသောသူသည် အီမာန်၏အရသာကို ရရှိပေမည်။ (၁) အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်ကို စကြဝဠာ အားလုံးထက် ပို၍ချစ်ခြင်း။ (၂) အလ္လာဟ်အရှင်မြတ် နှစ်မြို့စေရန်အတွက်သာ တစ်ဦးတစ်ယောက်နှင့် မေတ္တာထားခြင်း။ (၃) အီမာန်ရရှိပြီးသည့်နောက် "ကုဖ်ရ်" ဘဝသို့ သွားရမည်ကို မီးပုံထဲ ပစ်ချခြင်းခံရသကဲ့သို့စိုးရွံ့ခြင်း၊ စသည့် အရည်အချင်း (၃) ခုနှင့် ပြည့်စုံသောသူသည် အီမာန်ခိုင်မြဲမှုနှင့် ဘဝနိဂုံးချုပ် ကောင်းမွန်မှု အနှစ်သာရကို ရရှိမည် ဖြစ်ပေသည်။

**မုဖ်သီဂျမီးလ်(မင်္ဂလာဟော်ရီ)**



This document was created using SmartPDFCreator
To remove this line, purchase the product at www.SmartPDFCreator.com

ဇေနာကာမဂုဏ်ကျူးလွန်ခြင်းထက်ဆိုးရွားသော

# ဖြစ်မှုကြီး

မုပ်သီယူနုတ်စ်—ခလောက်ကွန်ဒိုင်(မဇွာဟေရီ)

အတင်းစကားပြောဆို နားထောင်ခြင်းသည် ဇေနာကာမဂုဏ် ကျူးလွန်ခြင်းထက်သာပို၍ ဆိုးရွားပေသည်။

အပေါ်ယံအားဖြင့် အတင်း (သူတစ်ပါးအား ၎င်း၏ နောက်ကွယ်၌ မကောင်း ပြောဆိုခြင်း) သည် နှုတ်မှဖြစ်သည် မှန်သော်လည်း ယင်း၏ပင်ရင်း တည်နေရာမှာ နှလုံးသားမှဖြစ်ပါသည်။ ထို့ကြောင့် အကြင်သူသည် အတင်းပြောဆိုပါက ထိုသူ၏ စိတ်၌ စိတ်ကြီးဝင်နေပြီး မိမိကိုယ် မိမိ အထင့်ကြီးနေသောကြောင့်ပင်ဖြစ်၏။ စိတ်ကြီးဝင်ခြင်းနှင့် မိမိကိုယ်မိမိ အထင်ကြီးခြင်းသည် အလ္လာဟ် အရှင်မြတ်နှင့် ရှရိက်ပြုခြင်း (တုဖက်ကိုးကွယ်ခြင်း) ပင် ဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်၌ အရှင်မြတ် မိန့်တော်မူသည်မှာ -

وَلَهُ ٱلۡكِبۡرِيَآءُ فِي ٱلسَّمَٰوَٰتِ
وَٱلۡأَرۡضِۖ وَهُوَ ٱلۡعَزِيزُ ٱلۡحَكِيمُ



This document was created by Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com



မိုးကောင်းကင်များ၌လည်းကောင်း၊ ကမ္ဘာမြေ၌လည်းကောင်း၊ ထူးကဲကြီးမြတ်မှုသည် ထို(အလ္လာဟ်)အရှင်မြတ်၌သာ ရှိပေသည်။ စင်စစ်သော်ကား ထိုအရှင်သည် တန်ခိုးအာဏာတော်ဖြင့် လွှမ်းမိုးထားတော်မူသော အရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသည်။

တမန်တော်မြတ်က *အကြွင်သူသည် စိတ်နှလုံးအတွင်း၌ နှမ်းစေ့မျှပင် မာနရှိခဲ့လျှင် ထိုသူသည် ဂျန္နသ်သို့ ဝင်ရောက်ရမည် မဟုတ်* ဟု မိန့်ထားတော်မူသည်။

အတင်းပြောဆိုသူသည် သူတစ်ပါး၏ ချို့ယွင်းချက်များကိုသာ မြင်ပြီး မိမိ၏ ချို့ယွင်းချက်များအား ဂရုမပြုတတ်ကြပေ။ မိမိ၏ ချို့ယွင်းလွဲချော်မှုများအား ပြုပြင်လိုစိတ်ထက် အခြားသူများ၏ ချွတ်ချော်မှားယွင်းမှုတို့ကိုသာ ရှာဖွေလိုစိတ် ထက်သန်လျက်ရှိနေ တတ်ကြသည်။ မနက်ဖြန် ကိယာမသ်နေ့၌ မိမိ၏အဖြစ်မည်သို့ရှိမည်ကို စဉ်းစားတွေးတောချိန်ပင် မရရှိတတ်ကြပေ။

ဂီဘသ် (ဂါ) အတင်း ပြောဆို နားထောင်ခြင်းသည် ဇေနာကာမဂုဏ်ကျူးလွန်ခြင်းထက် ဆိုးရွားခြင်း၏ ဒုတိယအချက်မှာ- ဇေနာ ကျူးလွန်ခြင်းသည် ဆိတ်ကွယ်ရာ(တစ်နည်း) လူကွယ်ရာ၌ ပြုလုပ်လေ့ရှိသော ဂိုနာဟ်မျိုးဖြစ်သည်။ သို့သော် အတင်းပြောဆိုနားထောင်ခြင်းသည် အပြောခံရသူ၏ ကွယ်ရာ၌ ဖြစ်သော်လည်း အများသူငါ ရှေ့တွင် ပြောဆိုခြင်းကြောင့် ပွင့်လင်းထင်ရှားစွာ ကျူးလွန်သော ဂိုနာဟ်ဖြစ်သည်။ တိတ်တဆိတ် ဂိုနာဟ်ပြစ်မှုပြုလုပ်ခြင်းထက် ပြောင်ပြောင်တင်းတင်း ဂိုနာဟ် ကျူးလွန်ခြင်းက ပို၍ ဆိုးရွားလေသည်။

တမန်တော်မြတ် မိန့်ထားတော်မူသည်မှာ-

*ငါ့တမန်တော်၏ အုမ္မသ်နောက်လိုက်တိုင်းသည် လွတ်ငြိမ်းချမ်းသာခွင့်ရကြမည်။ သို့သော် အကြွင်သူသည် ပြောင်ပြောင်တင်းတင်း ဂိုနာဟ်ကျူးလွန်သူဖြစ်ပါက လွတ်ငြိမ်းချမ်းသာခွင့် ရရှိလိမ့်မည်မဟုတ်။*



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com



ဂိဘသ် (၀|) အတင်းပြောဆို နားထောင်ခြင်းသည် ဇေနာပြစ်မှုထက် ဆိုးရွားသည့် တတိယအကြောင်းမှာ -

ဇေနာကာမဂုဏ် ကျူးလွန်ခြင်းအတွက် သောင်ဗဟ် အမှားဝန်ခံ၍အရှင်မြတ်ထံဝန်ချတောင်းပန်ခွင့် ရရှိနိုင်ပေသည်။ သောင်ဗဟ် မပြုဘဲ ရှိခဲ့မူ မိမိဂိုနာဟ် ကျူးလွန်ထားခြင်းကို သိပြီး ငရဲရမည်ဟု မှတ်ယူနိုင်ပေသေးသည်။

အလ္လာဟ်အရှင်မြတ်၏ အသနားတော်ရှိပါက ထိုသူလည်းမဂ်ဖိရသ် လွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်ပေသည်။ သို့သော် အတင်းပြောဆိုသူသည် မိမိကိုယ် မိမိ ဂိုနာဟ် အကုသိုလ်ကျူးလွန်သူဟူ၍ပင် မထင်သည့်အပြင် “ငါတော့သူတော်ကောင်းပဲ၊ လိမ္မာတဲ့သူပဲ” ဟု များသောအားဖြင့် သဘောပိုက်တတ်ကြသဖြင့် ဂိုနာဟ်များမှ သန့်ပြန့်သည်ဟု မှတ်ယူကြပြီး သောင်ဗဟ်ပြုခွင့် မရတတ်ကြချေ။

ကျွန်ုပ်တို့သည် ဤသို့ယုတ်ညံ့ စက်ဆုပ်ဖွယ်ရာကောင်းသည့် ကာမဂုဏ် ကျူးလွန်ခြင်းထက် ဆိုးရွားသော ဂိုနာဟ်ပြစ်မှုကြီးမှ ရှောင်ကြဉ်ရန် အမြဲတစေ ဆင်ခြင်ထိန်းသိမ်း သင့်ပေသည်။

**မူပ်သိယျနွတ်စ်—ခလောက်ကွန်ဒိုင်(မဇ္ဇာဟေရ်)**

**တမန်တော်မြတ်၏ အမိန့် ဟူသရွေ့အားနာစ်လိုက်နာခြင်းသည် အီဗာဒသ်ဖြစ်၏။ နှုတ်ထွက်စကား အရဖြစ်စေ၊လက်တွေ့ကျင့်သုံးပြသမှု အရဖြစ်စေ၊ အမိန့်ပေးစေ စိုင်းချက် အရဖြစ်စေ၊ တားမြစ်ပိတ်ပင်ချက် အရဖြစ်စေ၊ တမန်တော်မြတ်၏ အမိန့်ဟူသရွေ့အား လိုက်နာကျင့် ဆောင်ခြင်းသည် အီဗာဒသ် (အလ္လာဟ်အရှင်မြတ်အား စဝပ်ကိုးကွယ်ခြင်း) ပင်ဖြစ်သည်။**

***(အီမာမ်ဂဇာလီသခင်)***



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

## အစ္စလာမ်သာသနာတော်၏ မှန်ကန်မှုကို
## သက်သေထူသည့် (၂၀)ရာစုအတွင်းမှ

# အံ့ဖွယ်ဖြစ်ရပ်ဆန်း

**မုပ်သိအိဒ်ရီးစ်(မဇ္ဇာဟေရီ)**

သာသနာတော်၏ တိကျမှန်ကန်မှုအား မီးမောင်းထိုးပြထားသော အများသဘောပေါက်နိုင်သည့် မငြင်းနိုင်သော ဖြစ်ရပ်ဆန်းတစ်ခုအား အလ်မီဇာန်စာစောင်၌ တင်ပြလိုက်ပါသည်။

“စလ်မာန်ပါးက်” ကျေးရွာသည် အီရတ်နိုင်ငံ၊ ဘဂ္ဂဒတ်မြို့နှင့် မိုင် ၄၀ မျှ ဝေးကွာသောနေရာတွင် တည်ရှိ၍ ရှေးယခင်က “မဒါအင်န်” ဟု အမည်တွင်ခဲ့၏။ ၎င်းဒေသမှာ မြောက်မြားစွာသော ဆွဟာဗဟ် သာဝကကြီးများ အုပ်ချုပ်ခဲ့သောဒေသလည်း ဖြစ်၏။

ထိုစလ်မာန်ပါးက် ကျေးရွာတွင် အလွန်ထင်ရှား ကျော်ကြားခဲ့သည့် ဆွဟာဗဟ်သာဝကကြီး ဟဇ်ရသ်စလ်မာန်ဖာရစီ သခင်ကြီး၏ ခမ်းနားလှသော သင်္ချိုင်းတော် တည်ရှိသည်။ ၎င်း၏ ကဗရ်တော်အနီးတွင် ဆွဟာဗဟ်သာဝကကြီးများဖြစ်သည့် ဟဇ်ရသ်ဟုဇိုင်ဖဟ်ဗင်န်ယမာန်နှင့် ဟဇ်ရသ်ဂျာဘိရ်ဗင်န်အဗ်ဒုလ္လာဟ် သခင်နှစ်ပါး၏ ကဗရ်များလည်း တည်ရှိသည်။ ထိုဆွဟာဗဟ် သခင်ကြီးနှစ်ပါး၏ ကဗရ်များမှာ စလ်မာန်ပါးက်ရွာနှင့် နှစ်ဖာလုံခန့် ဝေးကွာသည့် လူစည်ကားမှု မရှိသောနေရာ၌ တည်ရှိသည်။

တစ်ညတွင် အီရတ်နိုင်ငံ၏ ပထမဆုံးဘုရင်ဖြစ်ခဲ့သူ ဖိုင်ဇလ်ဘုရင်သည် ဟဇ်ရသ်ဟုဇိုင်ဖဟ်ဗင်န်ယမာန်သခင်အား အိပ်မက် မြင်မက်လေသည်။ အိပ်မက်ထဲ၌ ဟဇ်ရသ်ဟုဇိုင်ဖဟ် သခင်က “မိမိကဗရ်မှာ “[illegible]ပဟ်” မြစ်နှင့် နီးသောကြောင့် ရေစိမ့်ဝင်လျက်ရှိပြီး”

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com



ဟဇ်ရသ်ဂျာဘိရ် သခင်၏ ကဗရ်သည်လည်း စွတ်စို ထိုင်းမှိုင်းနေပြီ ဖြစ်ကြောင်းနှင့် မိမိတို့အား "ဒဂ်ျလဟ်" မြစ်နှင့် အနည်းငယ် ဝေးကွာသော နေရာသို့ ရွှေ့ပြောင်းပေးရန်ပြောကြားသည်ဟု မြင်မက်လေသည်။ ဖိုင်ဇလ် ဘုရင်သည် ဤအတိုင်း နှစ်ည ဆက်တိုက် မြင်မက်ခဲ့သည်။

ဖိုင်ဇလ်ဘုရင် အိပ်မက် မက်မြင်ပြီး နောက်တစ်နေ့ (တတိယည)တွင် အီရတ်နိုင်ငံ၏ မုဖ်သီချုပ် ဖြစ်သူသည်လည်း ဟဇ်ရသ်ဟုဇိုင်ဖဟ် သခင်အား အိပ်မက် မက်ပြန်သည်။ အိပ်မက်ထဲ၌ ဟဇ်ရသ်ဟုဇိုင်ဖဟ်သခင်က "မိမိတို့ ကဗရ်များအား ရွှေ့ပြောင်းပေးရန် ဘုရင်အား နှစ်ညဆက်တိုက် အိပ်မက်ပေး၍ မှာကြားခဲ့သော်လည်း ဘုရင်သည် ယခုထိ မည်သည့် အစီအစဉ်မျှ မလုပ်သေးကြောင်း၊ ဘုရင့်ထံ သွားရောက်၍ အမြန်ဆုံး စီစဉ်ပေးပါဟု ပြောကြားရန် တာဝန်ပေးကြောင်း စသည်ဖြင့် မြင်မက်ခဲ့သည်။

မုဖ်သီချုပ်သည် နံနက်လင်းသည်နှင့် ဝန်ကြီးချုပ်ဖြစ်သူ နူးရစ်စအီးဒ်ပါရှားအား အတူခေါ်ဆောင်၍ ဘုရင်ဖိုင်ဇလ်ထံ သွားရောက်ပြီး မိမိ၏ အိပ်မက်အား တင်ပြလိုက်သည်။ ဘုရင်ဖိုင်ဇလ်က မိမိသည်လည်း နှစ်ည ဆက်တိုက် မက်မြင်ခဲ့ကြောင်း ပြောဆိုလေသည်။ ထို့နောက် ဆွေးနွေး တိုင်ပင်ကြသည်။ နောက်ဆုံးတွင် ဘုရင်က မုဖ်သီချုပ်အား "အကယ်၍ အသင့်အနေဖြင့် ကျွန်ုပ်အား ကဗရ်တော်များကို ရွှေ့ပြောင်းနိုင်ကြောင်း" ဖသ်ဝါ "ပေးပါက ကျွန်ုပ်သည် ရွှေ့ပြောင်းမည့် အစီအစဉ်အား ဆောင်ရွက်ပါမည်"ဟု လျှောက်ထားသည်။ မုဖ်သီချုပ်သည်လည်း ကဗရ်များအား ရွှေ့ပြောင်းနိုင်ကြောင်း "ဖသ်ဝါ" ပေးလိုက်ပြီး လာမည့် "ကုရ်ဗာနီအီးဒ်" နေ့ ဇုဟိုရ်နမာဇ် အပြီးတွင် ရွှေ့ပြောင်းရန် တစ်ပါတည်း ထည့်သွင်း သတ်မှတ် ပေးလိုက်သည်။

ဤကိစ္စကို ဘုရင့် ကြေညာချက်အဖြစ် သတင်းစာများမှ စတင် ထွက်ပေါ်လာခဲ့သည်။ ထိုသို့ အီရတ်နိုင်ငံ သတင်းစာများက ဖော်ပြလိုက်သောအခါ ဤသတင်းသည် ကမ္ဘာတစ်ခုလုံးသို့ တောမီးပမာ တစ်မဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ရိုက်တာသတင်းဌာနနှင့် အခြား သတင်းဌာနများသည် ဤသတင်းအား ကမ္ဘာအနှံ့ ဖြန့်ချိပေးပို့လိုက်သည်။

အကြောင်းအားလျော်စွာ အစီအစဉ် ပြုလုပ်မည့်ရက်သည် ဟဂ်ျကာလ ဖြစ်နေပြီး ကမ္ဘာတစ်ခုလုံးမှ ဟာဂျီများသည် ဟဂ်ျပြုလုပ်ရန်အတွက် မက္ကဟ်၊ မဒီနဟ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဤသတင်း ကြေညာချက်အား ကြား



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com



သိသည်နှင့် တစ်ပြိုင်နက် ဟာဂျီများသည် အီရတ်ဘုရင်ထံ "ကဗရ်များ ရွှေ့ပြောင်းခြင်း အား ဟာဂျ် ကျင့်စဉ် ကျင့်ဆောင်နေသည့် ကုရ်ဗာနီအီးဒ်နေ့တွင် မပြုလုပ်ဘဲ ဟာဂျ်ကာလ ပြီး၍ ရက်အနည်းငယ်ကြာမှသာ ပြုလုပ် ပေးပါရန် ဝိုင်းဝန်း၍ မေတ္တာရပ်ခံကြသည်။ ထို့အတူ အီဂျစ်၊ ဆီးရီးယား၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ တူရကီ၊ အီရန်၊ ဘူလ်ဂေးရီး ယား၊ အာဖရိက၊ ရုရှား၊ အိန္ဒိယ စသည့် နိုင်ငံများမှလည်း မိမိတို့ အနေဖြင့် ဤ အစီအစဉ်၌ ပါဝင်နိုင်ရန်အတွက် ကြေညာထား သည့် ရက်အား အနည်းငယ် ရွှေ့ဆိုင်းပေးပါရန် မြောက်မြားစွာသော ကြေးနန်းစာများ ပေးပို့လာ ကြသည်။

ဤသို့ အဘက်ဘက်မှ မေတ္တာရပ်ခံမှု များကြောင့် အီရတ်ဘုရင် ဖိုင်ဇလ်သည် "ကဗရ် များ ရွှေ့ပြောင်းမည့်ရက်အား ဟာဂျ်အပြီး (၁၀) ရက် မြောက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း" ပြန်လည်ကြေညာလိုက်လေသည်။ ကဗရ်များ အတွင်းသို့ ရေမဝင်ရောက်စေရန် အတွက် လတ်တလော အစီအစဉ်များကိုလည်း ဆောင် ရွက်လိုက်သည်။

ကြေညာထားသောရက်သို့ ရောက်ရှိလာ ခဲ့သည်။ တနင်္လာနေ့ ဖြစ်သည်။ သိန်းပေါင်း များစွာသော လူများ စုရုံးရောက်ရှိနေသည်။ နေ့လည် (၁၂) နာရီ ကျော်တွင် လူထု ရှေ့မှောက်၌ ကဗရ်များကို စတင် တူးဖော်လိုက် သည်။ ဟဇ်ရသ်ဟု ဇိုင်ဖဟ်ဗင်န်ယမားန် သခင် ၏ ကဗရ်အတွင်း၌ ရေများစိမ့်ဝင်နေပြီး ဟဇ် ရသ်ဂျာဘိရ် သခင်၏ ကဗရ်မြေမှာ စွတ်စို ထိုင်းမှိုင်းနေသည်ကို တွေ့ရှိရသည်။ (ဒဂျ်လဟ် မြစ်မှာ ကဗရ်များနှင့် နှစ်ဖာလုံခန့် လှမ်းသည်)

ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပုဂ္ဂိုလ်ကြီးများ၊ ဘုရင်ဖိုင်ဇလ် အပါအဝင် အီရတ်နိုင်ငံ အကြီး အကဲများနှင့် လူထု ပရိ သတ် ရှေ့မှောက်၌ ဦးစွာပထမ ဟဇ်ရသ် ဟုဇိုင်ဖဟ်ဗင်န်ယမားန် သခင်၏ ရုပ်ကလာပ်တော်အား ကရိန်းဖြင့် ပင့် ယူ၍ စင်မြင့်ပေါ်သို့ တင်ဆောင်လိုက်သည်။ ထို့နောက် အီရတ်ဘုရင် ဖိုင်ဇလ်၊ အီရတ် မုဖ်သီချုပ်၊ တူရကီနိုင်ငံ ဝန်ကြီးချုပ်နှင့် အီဂျစ် အိမ်ရှေ့ မင်းသားတို့မှ ပခုံးဖြင့် ထမ်းယူ၍ လေးစားဂုဏ်ပေးမှု အပြည့်ဖြင့် မှန်အိမ်တော်သို့ ထည့်သွင်းလိုက်သည်။ ဟဇ်ရသ်ဂျာဘိရ် သခင် ၏ ရုပ်ကလာပ်တော်ကိုလည်း ဤအတိုင်း စီစဉ် လိုက်ကြသည်။

ရုပ်ကလာပ်တော်များကို ကြည့်ရှုကြရာ ကဖန်ပိတ်နှင့် မုတ်ဆိတ်တော်များပင် လုံးဝ ပျက်စီးခြင်းမရှိဘဲ မူလပကတိအတိုင်း ရှိနေသည် ကို တွေ့မြင်ကြရသည်။ လွန်ခဲ့သော နှစ်ပေါင်း (၁၃၀၀) ကျော်က မြှုပ်နှံထားသော ရုပ်ကလာပ်



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com



များဟု မထင်ရဘဲ လွန်ခဲ့သည့် နှစ်နာရီ၊ သုံးနာရီခန့်ကမှ ကွယ်လွန်သွားသော ရုပ်ကလာပ်တော်များဟုပင် ထင်မှတ်ရသည်။ ဤသည်ထက် ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ ဆွဟာဗဟ်ကြီး နှစ်ပါးစလုံး၏ မျက်လုံးများမှာ ပွင့်လျက်ရှိနေပြီး စူးရှတောက်ပနေခြင်းပင် ဖြစ်သည်။ ဤသို့ စူးရှ တောက်ပမှုကြောင့် မည်သူတစ်ဦး တစ်ယောက်မျှ မျက်လုံးခြင်းဆိုင်၍ မကြည့်နိုင်ကြချေ။ ကြွရောက်လာကြသော ဆရာဝန်ကြီးများသည် ပင်လျှင် အလွန် အံ့အားသင့်ခဲ့ကြသည်။

ဂျာမနီနိုင်ငံမှ ကမ္ဘာကျော် မျက်စိ ပါရဂူ ဆရာဝန်ကြီးတစ်ဦးသည် ဤအခမ်းအနားအား စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာနေစဉ် ဆွဟာဗဟ် သခင်ကြီးနှစ်ပါး၏ စူးရှတောက်ပနေသော မျက်လုံးများအား မြင်တွေ့သောအခါ၊ ရုပ်ကလာပ်တော်များ မှန်အိမ်တော် အတွင်း၌ ရှိနေစဉ်မှာပင် အီရတ်နိုင်ငံ မုဖ်သီချုပ်၏ လက်ကိုကိုင်၍" ဤသာသနာ တော် ၏ မှန်ကန် မှု သည် ဤအဖြစ်အပျက် အပြင် အခြားမည်သည့် အထောက်အထားမျှ မလိုတော့ပါ၊ ကျွန်ုပ်ယခုပင် အစ္စလာမ်သာသနာအား လက်ခံလိုက်ပါပြီ"ဟု ပြော၍ ကလီမဟ် ဖတ်လိုက်လေသည်။

နောက်တစ်နေ့တွင် ဤအဖြစ်အပျက်နှင့် ပတ်သက်သည့် သတင်းများ ပျံ့နှံ့သွားသည်။ ဘဂ္ဂဒတ်မြို့တွင် မြောက်မြားစွာသော ယဟူဒီများ၊ နဆွ်ရာနီများသည် မည်သူ တစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှ မပါဘဲ အုပ်စုလိုက် အုပ်စုလိုက် ဗလီ ဝတ်ကျောင်းတော်များသို့ သွားရောက်၍ အစ္စလာမ် သာသနာအား လက်ခံခဲ့ကြသည်။

တင်ပြခဲ့သည့် ဖြစ်ရပ်ဆန်းသည် ရှေးနှစ်ပေါင်း ရာနှင့်ချီ၍ ကြာညောင်းခဲ့ပြီးဖြစ်သော အဖြစ်အပျက် မဟုတ်ပါ။ မဝေးကွာလှသည့် (၁၉၃၂) ခုနှစ် ဟူသော နှစ်ဆယ်ရာစု အတွင်းက အဖြစ်အပျက်ဖြစ်ပါသည်။ ဤဖြစ်ရပ်ဆန်းအား ထိုခေတ်ကာလရှိ နိုင်ငံအသီးသီးမှ အကြီးအကဲများ ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြပါသည်။ များစွာသောနိုင်ငံများ၏ သတင်းစာများတွင် ခေါင်းကြီးပိုင်းမှ ဖော်ပြထားခဲ့ပြီးလည်း ဖြစ်ပါသည်။

**မုဖ်သီအိုဒ်ရိုးစ်(မဇ္ဇာဟေရိ)**

***(၁၉၇၁ ခုနှစ်၊ မတ်လထုတ် တောင်စဉ် စာစောင်မှ ကောက်နုတ်တင်ပြပါသည်။)***



This document is created using SmartPDF Creator
To remove this message, purchase the product at www.SmartPDFCreator.com

# ထင်မြင်ယူဆချက်များ

## မှားယွင်းနေသည့်

မုပ်သီဂျအ်ဖရ်(မဇ္ဇာ ဟေရီ)

အချို့အမျိုးသမီးများသည် ဝုဇူပြုပြီးနောက် (အိမ်) အပြင်သို့သွားလာလိုက်ပါက ဝုဇူပျက်သွားသည်ဟု ထင်မှတ်ကြ၏။ **ဤသည်လုံးဝမှား၏။**

[သို့သော်မလိုအပ်ဘဲ အပြင်သို့ ထွက် ခြင်းသည် မကောင်းသည့် လုပ်ရပ်ဖြစ်သည်]

❀ ❀ ❀

အချို့သူတို့သည် အဇာန်ဆိုနေသူ၏ ရှေ့မှ လည်းကောင်း၊ ဒိုအာတောင်းနေသူ၏ ရှေ့မှလည်းကောင်း ဖြတ်သန်းခြင်းကိုမပြုပိုင်ဟု ထင်မှတ်နေကြသည်။ **ဤသည်လုံးဝမှား၏။**

[ဖြတ်သန်းသွားလာနိုင်သည်]

❀ ❀ ❀

အချို့မှာ အသိသက်သေမရှိဘဲ အမျိုးသား နှင့် အမျိုးသမီး (သတို့သားနှင့်သတို့သမီး) နှစ်ဦးသဘောတူပြုလုပ်သော နိကာဟ်ထိမ်းမြားခြင်းအား ပြုပိုင်သည်ဟု ထင်မှတ်ယူဆနေကြသည်။ **ဤသည်လုံးဝမှား၏။**

[သက်သေမရှိဘဲ နိကာဟ်ပြုပါက နိကာဟ်ပိုင်မည်မဟုတ်၊ ဇိနာဟ်သာဖြစ်မည်]

❀ ❀ ❀

အချို့သော အမျိုးသမီးများသည် အိဒ်ဒသ်ရက် အတွင်း (ခင်ပွန်းသည်ကွယ်လွန်ပြီးနောက် (၄)လ နှင့် (၁၀) ရက် အထိနှင့် ကွာရှင်းပြတ်စဲပြီးသည့်နောက် ဓမ္မတာသုံးကြိမ်လာပြီးသည်အထိ လုံခြုံစွာနေထိုင်ခြင်း) ၌သာ သူစိမ်းအမျိုးသားများမှ ပရ်ဒဟ်ပြုရန် (ခန္ဓာကိုယ်လုံခြုံစွာဝတ်ဆင်နေထိုင်ခြင်း) အရေးကြီးပြီး အိဒ္ဒသ်ရက်မဟုတ်သောနေ့များတွင်မူ ပရ်ဒဟ်ပြုရန်မလိုဟုထင်မှတ်ကြ၏။ **ဤသည်လုံးဝမှား၏။**

[အမျိုးသမီးများအတွက် အိဒ္ဒသ်ရက်အတွင်း၌သာမဟုတ်၊ အချိန်တိုင်းအတွက် သူစိမ်းအမျိုးသားများမှ ပရ်ဒဟ်ပြုရန်အလွန့်အလွန်အရေးကြီး၏။]

❀ ❀ ❀

အချို့သူတို့မှာ၊ အမျိုးသမီး"ဟိုက်ဇ်" ဖြစ်နေသည့်နေ့များ (ဓမ္မတာလာနေသည့် နေ့များ)၌ နိကာဟ်ပြုလုပ်ခြင်းမပိုင်ဟု ထင်မှတ်ကျင့်သုံးနေကြသည်။ **ဤသည် လုံးဝ မှား၏။**

[ဓမ္မတာလာနေသည့် ရက်များ၌ နိကာဟ်ပြုခြင်း ပိုင်သော်လည်း၊ ကိုယ်လက်နှီးနှောခြင်းမပိုင်]

❀ ❀ ❀

အရာတစ်ခုခုဝယ်ယူပြီးသည့်နောက် ဆိုင်ရှင်ထံမှ အနည်းငယ် အပိုတောင်းခြင်း (အစစ်တောင်းခြင်း) ပြုပါက အပြစ်"ဂိုနာဟ်" ဖြစ်သည်ဟု အချို့ကထင်မှတ်ကြသည်။ **ဤသည် လုံးဝမှား၏။**

[ရောင်းသူအား အတင်းအကျပ်ပြုလုပ်ပြီးရယူခြင်းမပိုင်၊ ကျေနပ်စွာပေးပါက ယူပိုင်၏။]

ယနေ့လူတို့ထံ၌ အကီကဟ်(ကလေး အပေါ် ကျရောက်လာမည့်ဘေးဗလာများအား ကင်းဝေးစေရန်ရည်ရွယ်၍ အလ္လာဟ့်အတွက် သားကောင်အား ကုရ်ဗာနီ) ပြုထားသော အသားအား ကလေး၏ မိဘနှင့် အဖိုး၊ အဖွားတို့ စားခြင်းမပိုင်ဟု ကျော်ကြား ပျံ့နှံ့ လျက်ရှိသည်။ ဤသည်လုံးဝမှား၏။

[မိဘနှင့် အဖိုးအဖွားတို့သည်လည်း အခြားသူများကဲ့သို့ ဒွိဟသံသယမရှိစားပိုင်၏။]

ဟာဖိဇ်များအပါအဝင် လူများစွာတို့သည်၊ ကျမ်းမြတ်ကုရ်အာန်အားဖတ်ရွတ် ရာတွင် မည်သည့်အခြေအနေ၌ပင်ဖြစ်စေ၊ "စူရဟ် သောင်ဗဟ်" ၏အစတွင် "ဗိစ်မိလ္လာဟိရ်ရဟ်မား နိရ်ရဟီးမ်" မဖတ်ရဟုထင်မှတ်နေကြသည်။ ဤသည်လုံးဝမှား၏။

[အမှန်မှာ – စူရဟ်အန်ဖားလ်၏ အာယသ်တော်များမှ အစပြု၍ ဖတ်လာစဉ်စူရဟ်သောင်ဗဟ်သို့ရောက်ရှိလာပြီး ဆက်လက်ဖတ်ရွတ် ပါက ""ဗိစ်မိလ္လာဟ်"" ဖတ်ရန်မလို၊ စူရဟ်အန်ဖားလ်အဆုံး၌ ရပ်ထားလိုက်ပြီး၊ နောက်မှ တစ်ဖန် စူရဟ် ""သောင်ဗဟ်"" ဖတ်ပါက ""ဗိစ်မိလ္လာဟ်"" ဖတ်ရမည်။ ထို့အတူ စူရဟ် သောင်ဗဟ်အားအစပြုဖတ်ပါက ဗိစ်မိလ္လာဟ် ဖတ်ရမည်]

အမျိုးသား၏ဘယ်ဘက်မျက်ခုံး၊ အမျိုးသမီး၏ ညာဘက်မျက်ခုံးလှုပ်ခြင်းဖြင့် ပူဆွေးဒုက္ခရောက်တတ်သည်၊ အမျိုးသား၏ ညာဘက်မျက်ခုံး၊ အမျိုးသမီး၏ ဘယ်ဘက်မျက်ခုံးလှုပ်ခြင်းဖြင့်ပျော်ရွှင်မှုနှင့် ကြုံတွေ့ရမည်ဟု အချို့က ထင်မှတ်ထားကြသည်။ ဤသည်လုံးဝမှား၏။

[ဤသို့ယုံကြည်ခြင်းဖြင့် အီမာန်သက်ဝင်ယုံကြည်မှု၌ထိခိုက်၏။ အလွန်ကြီးလေးသော အပြစ်ထိုက်၏]

အချို့သူတို့သည် အိမ်၏အနောက်ဘက်၊ တံတိုင်း၊ တံခါး၊ ခေါင်မိုးနှင့် အမြင့်တစ်နေရာရာတွင် ကျီးကန်းအော်မြည်ခြင်း (ကျီးသာခြင်း) ဖြင့် ဧည့်သည်ရောက်လာတတ်သည်ဟု အတိတ်နိမိတ်ကောက်ကြသည်။ ဤသည်လုံးဝမှား၏။

[ဤသို့နိမိတ်ကောက်ခြင်း၊ ယူဆခြင်းဖြင့် အလွန်ကြီးလေးသောအပြစ်ထိုက်၏။ အီမာန် ယုံကြည်မှု၌ ထိခိုက်၏]

**မုဟ်သိဂျအ်ဖရ်(မဇ္ဇာဟေရီ)**

**အမှန်တရား၏ နောက်လိုက်မဖြစ်မချင်း ထိုသူ၏ အသိဉာဏ်သည် မပြည့်စုံသေးပေ။**

***(အီမာမ်တုစ်ိုင်န်သခင်)***



This document was created using SmartFormCreator. To remove this message purchase the product at www.SmartFormCreator.com

ဟာဇ်ရသ် အာ့မရ်သခင်ကြီး၏

# ကြေကွဲဖွယ်ယိုတမ်းချင်း

စပ်အကာ ရှိ၊ မုပ်သိဗ္ဗဟီရှဒ်ဒီးန်(မဇ္ဇာ ဟေရီ)



This document was created using SmartPDFCreator
To remove this message purchase the product at www.SmartPDFCreator.com

ကိုယ်တော်မြတ် ကွယ်လွန် တော်မူသွားသော အခါ ဟဇ်ရတ်အုမရ် သခင်သည် ငိုကြွေး လျက် ဤသို့ တမ်းတရာလေ၏။

အို-အရှင့်တမန်တော် - ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့ စွန့်လွှတ်ပါ၏။

ကိုယ်တော်မြတ်သည် စွန်ပလွန်ပင်၏ ပင်စည်အား "မင်န်ဗရ်"(တရားဟောပလ္လင်) မပြုလုပ်မီ၊ အမှီပြု၍တရားဟောကြားတော်မူခဲ့ပါ၏။ ပလ္လင်ပြီးမြောက်သောအခါ ပလ္လင်ပေါ် သို့တက်၍ တရားဟောကြားတော်မူစဉ် ထိုစွန်ပလွန် ပင်စည်သည် ကိုယ်တော်မြတ်နှင့် ကွေကွင်းရပြီဖြစ်သဖြင့် ဝမ်းနည်း ကြေကွဲဖြစ် ကာ ကလေးငယ်ပမာရှိုက်ကြီးတငင် ငိုကြွေးတော်မူခဲ့၏။

အို-ကိုယ်တော်-ကျွန်တော်မျိုးတို့အနေဖြင့် ကိုယ်တော်မြတ်နှင့် ကွေကွင်းရသည့်အတွက် ထိုပင်စည်ထက်ပို၍ ငိုကြွေး ထိုက်သူများဖြစ်ကြပါ၏။

* * * * *

အို-အရှင့်တမန်တော်-ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့စွန့်လွှတ်ပါ၏။

ကိုယ်တော်မြတ်၏ အဆင့်အတန်းအား အလ္လာဟ်အရှင်မြတ်သည် မည်မျှမြင့်တင်ပေးခဲ့သည်ဆိုသော်အရှင်မြတ်သည် ကိုယ်တော့်အမိန့် နာခံခြင်းအား မိမိအမိန့်နာခံခြင်းဟု ပင်သတ်မှတ်တော်မူခဲ့ပါ၏။

ကုရ်အာန်ကျမ်းမြတ်၌ -

مَنْ يُطِعِ الرَّسُولَ فَقَدْ أَطَاعَ اللَّهَ

မည်သူမဆို၊ ရစူလ်တမန်တော် (မုဟမ္မဒ်) ၏ အမိန့်တော်များကို လိုက်နာပါက ထိုသူသည် ဧကန်စင်စစ် ငါအရှင်မြတ်၏ အမိန့်တော်များကို လိုက်နာခြင်းပင်ဖြစ်၏။

ဟုမိန့်ကြားထားတော်မူပါ၏။

* * * * *

အို-အရှင့်တမန်တော်-ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့ စွန့်လွှတ်ပါ၏။

အလ္လာဟ်အရှင်မြတ်၏ ထံတော်ပါး၌ ကိုယ်တော်၏ထူးမြတ်ခြင်း၊ ဂုဏ်သရေရှိခြင်းသည် အလွန်အဆင့်အတန်းမြင့်မားလှပါ၏။ ကိုယ်တော်မြတ်၏ ချွတ်ချော်လွဲမှားမှုများအား အရှင်မြတ်သည် ချွတ်ချော်လွဲမှားကြောင်း ပြောဆိုခြင်းမပြုမီ အလျင်ခွင့်လွှတ်တော်မူခဲ့ပါ၏။ ကျမ်းမြတ်ကုရ်အာန်၌ အရှင်မြတ်သည် မုနာဖိက်များနှင့် ပတ်သက်၍ တမန်တော်မြတ်၏ လွဲမှားမှုအားလွဲမှားကြောင်းပြောဆိုခြင်းမပြုမီအလျင်-

عَفَا اللَّهُ عَنكَ لِمَ أَذِنتَ لَهُمْ

(အို-မုဟမ္မဒ်) ငါအရှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့၏ .... ဟုမိန့်တော်မူထားပါ၏။

* * * * *

အို-အရှင့်တမန်တော်-ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့ စွန့်လွှတ်ပါ၏။ ကိုယ်တော်မြတ်၏ ဂုဏ်ရည်ထည်ဝါမှုသည် အရှင်မြတ်ထံတော်၌ မည်မျှလေးနက်လှသည်ဆိုသော်- ကိုယ်တော်မြတ်သည် နောက်ဆုံး နဗီတမန်တော်ဖြစ်သော်လည်း အရှင်မြတ်သည် နဗီတမန်တော်

များအားငှင်းတို့၏ တာဝန်နှင့် ပတ်သက်၍ ဝိညာဉ်ဘဝ၌ ကတိယူရာတွင် ကိုယ်တော့်ထံမှ ဦးစွာ ပထမ ကတိယူတော်မူခဲ့ပါ၏။ ကျမ်းမြတ်ကုရ်အာန်၌ -

وَإِذْ أَخَذْنَا مِنَ ٱلنَّبِيِّـۧنَ مِيثَـٰقَهُمْ
وَمِنكَ وَمِن نُّوحٍ وَإِبْرَٰهِيمَ ----

ထို့အပြင် တစ်ရံရောအခါဝယ်၊ ငါအရှင်မြတ်သည် နဗီတမန်တော်တို့ထံမှ (နဗီတမန်တော်များ၏ တာဝန်နှင့် ပတ်သက်၍) ကတိဝန်ခံချက်အား ယူတော်မူခဲ့၏။ အသင် (မုဟမ္မဒ်) ထံမှ လည်းကောင်း၊ နူးဟ် ထံမှလည်းကောင်း၊ အိဗ်ရာဟီးမ်ထံမှ လည်းကောင်း.... (ကတိဝန်ခံချက်အား ယူတော်မူခဲ့၏)
ဟု ဖော်ပြထားပါ၏။

* * * * *

အို-အရှင့်တမန်တော် - ကျွန်တော်မျိုး၏ မိဘနှစ်ပါး အား ကိုယ်တော့်အပေါ် သို့ စွန့်လွှတ်ပါ၏။

ကိုယ်တော်မြတ်၏ အဆင့်အတန်းသည် အလ္လာဟ် အရှင်မြတ်ထံတော်၌ ကြီးမားမြင့်မြတ်သည်ကို ကိယာမသ်နေ့၌ "ကာဖိရ်" အပေါင်းတို့ တွေ့မြင်၍ -

يَـٰلَيْتَنَآ أَطَعْنَا ٱللَّهَ وَأَطَعْنَا ٱلرَّسُولَا۠

"ကျွန်ုပ်တို့သည်အရှင်မြတ်နှင့်ကိုယ်တော်မြတ်၏ အမိန့်တော်ကိုလိုက်နာခဲ့ကြလျှင် ကောင်းလေစွ" ဟု ဝမ်းနည်းကြေကွဲစွာ မြည်တမ်း ကြမည်ဖြစ်ပါ၏။

* * * * *

အို-အရှင့်တမန်တော်-ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့စွန့်လွှတ်ပါ၏။

တမန်တော်မူစာသည် ကျောက်တုံးကျောက်ခဲမှ စမ်း ရေ၊ စမ်းချောင်းဖြစ်ပေါ် စေခြင်းဖြင့် အံ့ဖွယ်ပြုခဲ့၏။ သို့သော် အို - ကိုယ်တော်-ကိုယ်တော်သည် မိမိလက်ချောင်းကလေးများမှ စမ်းရေထွက်ပေါ် လာစေခြင်းသည်ကား ပို၍ပင် အံ့သြဖွယ်ကောင်းလှပါ၏။
*(ဤမုအ်ဂျိဇဟ်သည် အလွန်ထင်ရှားကျော်ကြားခဲ့၏)*

* * * * *

အို-အရှင့်တမန်တော်-ကျွန်တော်မျိုး၏ မိဘနှစ်ပါးအား ကိုယ်တော့်အပေါ် သို့ စွန့်လွှတ်ပါ၏။

လေသည် နဗီတမန်တော်စူလိုင်မာန် သခင်အား နံနက်ပိုင်းအချိန်တွင် တစ်လတာခရီးသို့ လည်းကောင်း၊ ညနေ ပိုင်းအချိန်တွင် တစ်လတာခရီးသို့ လည်းကောင်း ပို့ဆောင် ပေးနိုင်ခဲ့ခြင်းမှာ အံ့သြဖွယ်ဖြစ်ပါ၏။ သို့သော် ကိုယ်တော် မြတ်အား "ဗုရာက်" မြင်းပျံသည် ညအချိန်၌ မိုးကောင်းကင်အထက် (၇) ထပ်သို့ ဆောင်ကြဉ်း၍ နံနက်မိုးသောက်ချိန်၌ "မက္ကာဟ်" ရွှေမြို့တော်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းသည်ကား သာပို၍ အံ့သြဖွယ်ဖြစ်ပါ၏။

* * * * *

အို-အရှင့်တမန်တော် - ကျွန်တော်မျိုး၏ မိဘနှစ်ပါးအားကိုယ်တော့်အပေါ် သို့စွန့်လွှတ်ပါ၏။

နဗီတမန်တော် အီစာသခင်သည် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ဖြင့် သေသူအား ပြန်ရှင်ထစေနိုင်ခဲ့ခြင်းမှာ အံ့သြဖွယ်ကောင်းလှပါ၏။ သို့သော် တစ်နေ့-ကိုယ်တော်မြတ်သည် ဆိတ်သားတုံး တစ်တုံးအား မီးကင်၍စားသုံးရန် ပြုနေစဉ် ထိုဆိတ်



This document is created using Smart PDF Creator. To remove this line, buy the product at www.SmartPDFCreator.com

သားတုံးက "အို-ကိုယ်တော်-ကျွန်တော်မျိုးအား အဆိပ်အတောက်လိမ်းကျံထားပါသည်။ စားသုံးခြင်း မပြုပါနှင့်" ဟု လျှောက်ထားလာခဲ့ခြင်းသည်ကား ပို၍ ပင်အံ့ဖွယ်ဖြစ်ပါ၏။

⁂ ⁂ ⁂ ⁂ ⁂

အို-အရှင့်တမန်တော် - ကျွန်တော်မျိုး၏ မိဘနှစ်ပါး အား ကိုယ်တော့်အပေါ်သို့ စွန့်လွှတ်ပါ၏။

နဗီတမန်တော် "နူးဟ်" သခင်သည် မိမိ အမျိုးသားများ၏ ဒုက္ခပေးမှုများကြောင့် အလ္လာဟ် အရှင်မြတ်ထံ -

رَّبِّ لَا تَذَرْ عَلَى ٱلْأَرْضِ مِنَ ٱلْكَٰفِرِينَ دَيَّارًا

""အို-ကျွန်တော်မျိုးအား ဖန်ဆင်းတော်မူသောအရှင်-သွေဖည်သူများအား ပထဝီမြေပြင်ပေါ်၌ တစ်ဦးတစ်ယောက်မျှပင် မထားပါနှင့်တော့"" ဟုလျှောက်ထားခဲ့သဖြင့် အရှင်မြတ်သည် ၎င်း၏ အမျိုးသားများအား ဖျက်ဆီးပစ်ခဲ့၏။ အို-ကိုယ်တော် အကယ်၍ ကိုယ်တော်မြတ်သည်လည်း ကျွန်တော်မျိုးတို့အား ကျိန်ဆဲခဲ့သည်ရှိသော် ကျွန်တော်မျိုးတို့အနက် တစ်ဦးတစ်ယောက် မျှပင် ကျန်ရှိတော့မည်မဟုတ်ပါ။ တစ်ချိန်ကငြင်းပယ်သူ များသည် ကိုယ်တော်မြတ် နမာဇ်ဖတ်နေစဉ် ကျောကုန်းပေါ်သို့ ကုလားအုပ်၏ အချင်းများအား ပစ်တင်ခဲ့ကြ၏။ "အုဟုဒ်" တိုက်ပွဲ၌ သွေးချင်းချင်းယိုစီးစေခဲ့၏။ သွားတော်များ မြေခစေခဲ့၏။ ခဲများဖြင့် ပစ်ပေါက်၍ သွေးပေါက်ပေါက်ကျ မြေခရသည်အထိ ပြုကျင့်ခဲ့ကြ၏။ ဤသို့ဒုက္ခမျိုးစုံ ပေးခဲ့သော်လည်း ကိုယ်တော်မြတ်သည် ကျိန်ဆဲရမည့် အစား -

اَللّٰهُمَّ اغْفِرْ لِقَوْمِىْ فَاِنَّهُمْ لَا يَعْلَمُوْنَ

**"အို - အလ္လာဟ်အရှင်မြတ် - ကျွန်တော်မျိုး၏ အမျိုး သားများအား ခွင့်လွှတ်တော်မူပါ၊ အမှန်စင်စစ်၊ ၎င်းတို့သည် မသိနားမလည်ရှာသူများဖြစ်ကြပါသည်"** ဟု အသနားခံပန် ကြားပေးပါ၏။

⁂ ⁂ ⁂ ⁂ ⁂

အို - အရှင့် တမန်တော် - ကျွန်တော် မျိုး၏မိဘ နှစ်ပါးအား ကိုယ်တော်မြတ်အပေါ်သို့ စွန့်လွှတ်ပါ၏။

ကိုယ်တော်မြတ်၏ သက်တမ်းသည် အလွန်တို တောင်းလှပါ၏။ "နဗူဝသ်" ရပြီးနောက် (၂၃) နှစ်သာနေထိုင် ခဲ့ရ၏။ သို့သော်နဗီသက်တမ်း (၂၃) နှစ်တာကာလအတွင်း မြောက်မြားစွာသောသူများသည် ကိုယ်တော်မြတ်အား ယုံကြည် လက်ခံလာခဲ့ကြ၏။

နဗီတမန်တော်နူးဟ် သခင်သည် သက်တော် တစ် ထောင်ရရှိခဲ့သော်လည်း ဤမျှလောက် အစ္စလာမ် သာသနာ ဝင်များဖြစ်မလာခဲ့၊ ကုရ်အာန်ကျမ်းမြတ်၌ -

وَمَآ ءَامَنَ مَعَهُۥٓ إِلَّا قَلِيلٌ

**စင်စစ်၊ ၎င်း (နဗီတမန်တော်နူးဟ်) နှင့် အတူအနည်း ငယ်မျှသော သူတို့သာလျှင် သက်ဝင်ယုံကြည်ခဲ့ကြ၏။** ဟုပါရှိထား၏။

"ဟဂ်ျဂျသုလ်ဝဒအ်" ကိုယ်တော်မြတ်၏ နောက်ဆုံး 'ဟဂ်ျ' ၌ ဆွဟာဗဟ်ပေါင်း တစ်သိန်း နှစ်သောင်းလေးထောင် ကျော်ပါဝင်ရောက်ရှိခဲ့၏။ ကိုယ်တော်မြတ်၏ မျက်ကွယ်၌ အစ္စလာမ်သာသနာ အား လက်ခံထားသူများမှာမူ ရောက်ရှိမလာနိုင်ခဲ့၊



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

ငှင်းတို့၏အရေအတွက်ကို အရှင်မြတ်သာလျှင်သိတော်မူပါ၏။

(ဘုခါရီကျမ်း၌ - عُرِضَتْ عَلَيَّ الْأُمَمُ

ကိုယ်တော်မြတ်သည် တစ်ကမ္ဘာလုံးအားမိမိ "**အုမ္မသ်**" သားများဝန်းရံထားသည်ကို (ဟဂ်ျအချိန်၌) တွေ့မြင်ခဲ့ရသည် ဟုဖော်ပြထား၏)

※ ※ ※ ※ ※

အို - အရှင့်တမန်တော် - ကျွန်တော်မျိုး၏ မိဘနှစ်ပါး အားကိုယ်တော်အပေါ် သို့စွန့်လွှတ်ပါ၏။

အကယ်၍ ကိုယ်တော်မြတ်သည်မိမိနှင့် ဂုဏ်ရည်တူသူများနှင့်သာ ပေါင်းသင်းဆက်ဆံမည်ဆိုပါက ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးတို့နှင့် ပေါင်းသင်းဆက်ဆံတော်မူမည်မဟုတ်၊ အတူတကွနေထိုင်တော်မူမည်လည်းမဟုတ်ပါ၊

ထို့အပြင်အကယ်၍ ကိုယ်တော်မြတ်သည် မိမိနှင့် ဂုဏ်ရည်တူအမျိုးသမီးနှင့်သာ "နိကာဟ်" ပြုထိမ်းမြားမည်၊ ဂုဏ်ရည်မတူသူနှင့် ထိမ်းမြားခြင်း မပြုဟုဆိုပါက ကိုယ်တော်မြတ်နှင့် ဂုဏ်ရည်တူ အမျိုးသမီးဟူ၍မရှိနိုင်ပါ၊ သို့သော်ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးတို့အနက်မှ အမျိုးသမီးများနှင့် ထိမ်းမြားတော်မူခဲ့ပါ၏။

တစ်ဖန် အကယ်၍ ကိုယ်တော်မြတ်သည် မိမိနှင့်ဂုဏ် ရည်တူသူများနှင့်သာ အတူစားအတူသွားပြု၍ ဂုဏ်ရည်မတူ သူများနှင့် ရှောင်ရှားနေထိုင်မည်ဆိုပါက ကိုယ်တော်သည် ကျွန်တော်မျိုးတို့နှင့် အတူတကွ နေထိုင်စားသောက်တော်မူမည်မဟုတ်ပါ။

စင်စစ် ကိုယ်တော်မြတ်သည် ကျွန်တော်မျိုးတို့အား အတူတကွနေထိုင်စေတော်မူခဲ့ပါ၏။ အတူတကွထိုင်၍လည်း ကျွေးမွေးခဲ့ပါ၏။ သားမွေးထည်ကိုလည်း ဝတ်ဆင်တော်မူခဲ့ ပါ၏။ နွမ်းပါးသူများသာ စီးနင်းသည့် မြည်းသတ္တဝါကိုလည်း စီးနင်းတော်မူခဲ့ပါ၏။ ကျွန်တော်မျိုးတို့ကိုလည်း မိမိ၏နောက်၌ ထိုင်၍ စီးနင်းစေခဲ့ပါ၏။ မြေပြင်ပေါ်၌ အခင်းခင်း၍လည်းစားသောက်ခြင်းပြုခဲ့ပါ၏။စားသောက်ပြီးသည့်နောက်လက် ချောင်းကလေးများအား လျှာဖြင့် လျက်တော် မူခဲ့ပါ၏။ ဤသို့ဖြင့် မိမိကိုယ် မိမိနှိမ့်ချတော်မူခဲ့ပါ၏။

**ယခုမူကိုယ်တော်သည်ကျွန်တော်မျိုးတို့နှင့် ခွဲခွာသွားခဲ့ပြီ ဖြစ်ပါ၏၊**

**ယခုမူကိုယ်တော်သည် ကျွန်တော်မျိုး တို့နှင့် ခွဲခွာသွားခဲ့ပြီ ဖြစ်ပါ၏။**

**ယ ခု မူ ကို ယ် တော် သည် ကျွ န် တော် မျိုး တို့နှင့် ခွဲခွာသွားခဲ့ပြီ ဖြစ်ပါ၏။**

အို-ကိုယ်တော်-ကိုယ်တော့်အပေါ် သို့ အရှင်မြတ်ထံတော်မှ ငြိမ်းချမ်း သာယာမှုအပေါင်းကျရောက်ပါစေသား။ يَارَبِّ صَلِّ وَسَلِّمْ دَائِمًا اَبَدًا

عَلٰى حَبِيْبِكَ خَيْرِ الْخَلْقِ كُلِّهِمِ

**စပ်အကာရီ၊ မုဖ်သီဋ္ဌဟီရုဒ်ဒိးန်(မဇ္ဇာဟေရီ)**

**အကြင်မုစ်လင်မ် တစ်ဦးသည် မိမိ၏မျိုးနွယ်အားအခြားအမျိုး အနွယ်များထက်သာ ပို၍မြင့်မြတ် သည်ဟုထင်မှတ်ယူဆပါက (လူမျိုးခွဲဝါဒထားရှိပါက) ထိုသူသည် မုစ်လင်မ်ဆု တစ်ရပ်လုံး၏လည်ပင်း အပေါ် သို့စီးတင်သူ၊တမန်တော်မြတ်နှင့် ဆွဟာဗဟ်များ၏ ခုက္ခခံ ကြိုးပမ်းထားမှုများအားဖျက်ဆီး သူပင်ဖြစ်၏။**

***(တဖ်ရည်ကြီး မော်လာနာသူစွတ်ဖ်သခင်)***

## သဇ်လီးဂ်ကြိုးပမ်းမှုနှင့် ပတ်သက်၍
## ဟဇ်ရသ်ကြီး မော်လာနာ ရှားဟ်အိလ်ယားစ် သခင်၏

# ဓိနိ့မှာချက်များ

**မော်လာနာရဖ်ဇာန်အလီ(မဟ်မူဒီ)**

## လူတိုင်းအဘယ်သို့ ရနိုင်မည်နည်း

အစီအစဉ်တစ်ခု၌ ဟဇ်ရသ်ကြီး ဤသို့ အမိန့်ရှိခဲ့၏။ ဤကြိုးပမ်းမှုလုပ်ငန်းရှိ တာဝန်ခံများ ကောင်းစွာ မှတ်သားထားကြရမည်မှာ-နေရာတစ်နေရာရာတွင် ဖိတ်ခေါ်ခြင်း၊ ကြိုးပမ်းခြင်းအား လက်မခံသည့်အပြင် မကောင်း ပြောဆိုလာလျှင်လည်း လုံးဝစိတ်ပျက်ရန်မလိုပါ။ စိတ်ဓာတ်ကျအားငယ်ရန် အကြောင်းမရှိပါ။ ဤသဇ်လီးဂ်ကြိုးပမ်းမှုလုပ်ငန်းသည် နဗီတမန်တော်များ၊ အထူးသဖြင့် နှစ်ဘဝ သခင်ကျေးဇူးတော်ရှင် ကိုယ်တော်မြတ် ﷺ ၏ အထူးစွန့်သီတော်လမ်းစဉ်နှင့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်ပင်ဖြစ်၏။ ဖန်ဆင်းရှင်၏ လမ်းတော်၌ နဗီတမန်တော် များနှင့် ကိုယ်တော်မြတ် ﷺ စွဲစွဲမြဲမြဲပြုကျင့်ခဲ့သော ဤကြိုးပမ်းမှုလုပ်ငန်းအတွက်သေးသိမ်ရခြင်း၊ အထင်အမြင်သေးခံရခြင်းများကို လူတိုင်းအဘယ်သို့ ရနိုင်မည်နည်း။

* * * * *

## ကျွန်ုပ်တို့ လုပ်ရမည့်အလုပ်မှာ

ဟဇ်ရသ်ကြီး ဤသို့ အမိန့်ရှိခဲ့သည်။ လူအများ ကျွန်ုပ်တို့စကားများကို လက်ခံ လိုက်နာကြလျှင် ကျွန်ုပ်တို့သည် မိမိအောင်မြင်မှု ဟုထင်မှတ်နေကြ၏။ နားမထောင်၊ လိုက်နာခြင်း မပြုပါက မအောင်မြင် ဟု ထင်မှတ်နေကြသည်။ ထိုသို့မှတ်ယူခြင်းသည် လုံး၀မှား၏။ အခြားသူများနာခံခြင်း၊ မနာခံခြင်းမှာ ၎င်းတို့အလုပ်သာဖြစ်သည်။ ကျွန်ုပ်တို့၏ အောင်မြင်မှု၊ မအောင်မြင်မှုဟု မည်သို့တွက်ဆနိုင်မည်နည်း။ မိမိတာ၀န်အားပြည့်ပြည့်၀၀ ထမ်းဆောင် ကြိုးပမ်းလိုက်ခြင်းသည်ပင်လျှင် ကျွန်ုပ်တို့၏ အောင်မြင်မှုဖြစ်၏။ လူအများ အယူအဆ လွဲမှားနေကြ၏။ တစ်ပါးသူလက်ခံနာယူအောင် ပြုလုပ်ခြင်းအား မိမိတာ၀န်ဟု ယူဆနေကြ၏။ စင်စစ်ဤသည် အလ္လာဟ်အရှင်မြတ်၏ အလုပ်ဖြစ်၏။ ကျွန်ုပ်တို့လုပ်ရမည့် အလုပ်မှာ အကောင်းဆုံးနည်းလမ်းဖြင့် ကြိုးပမ်းခြင်းသာဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် လူအများလက်ခံ နာယူအောင်ပြုလုပ်နိုင်သည့် စွမ်းအားအား နဗီတမန်တော်များကို ပင်လျှင် အပ်နှင်းတော် မမူခဲ့ပေ။

လူအများ လက်မခံ၊ မနာခံခြင်းသည် ကျွန်ုပ်တို့၏ ကြိုးပမ်းမှု လျော့နည်းသောကြောင့် ဖြစ်ကောင်း ဖြစ်နိုင်၏။ တာ၀န်မကျေသဖြင့် တာ၀န်မကျေမှု၏ ရလဒ်ဖြစ်သည်ဟု မှတ်ယူကာ ကြိုးပမ်းမှု စံချိန်ကို မြှင့်တင်၍ အရှင်မြတ်လမ်းဖွင့်ပေးရန် ဒိုအာပိုမို၍ တောင်းဆိုရန်ထိုက်၏။

*　*　*　*　*

## အလုပ်မစရသေးပါ

ဟဇ်ရသ်ကြီး အမိန့်ရှိခဲ့သည်။ များစွာသောသူတို့သည် သဗ်လီးဂ်ကြိုးပမ်းမှုလုပ်ငန်း၏ "ဘရ်ကသ်" တိုးပွားမှုများကို တွေ့မြင်ပြီး လုပ်ငန်းဖြစ်မြောက်နေပြီဟု ထင်မှတ်နေကြ၏။ အမှန်မှာ လုပ်ငန်း ဖြစ်ခြင်းက တခြား "ဘရ်ကသ်" ဖြစ်ခြင်းက တခြားဖြစ်၏။ သိထားကြရန်မှာတမန်တော်မြတ် ဖွားမြင်သန့်စင်တော်မူသောအခါ "ဘရ်ကသ်" ဖြစ်လာ၏။ သို့သော် ဒအ်၀သ်လုပ်ငန်းကိုမူ အချိန်ကာလ ကြာသောအခါမှ စတင်ခဲ့သည်။ (ဘရ်ကသ်တိုးပွာမှုကိုကြည့်၍ လုပ်ငန်းဖြစ်နေပြီဟု မှတ်ယူ၍မရ) အမှန် အတိုင်းပြောရလျှင် ယခုအချိန်ထိလုပ်ငန်းမစရသေးပါ။

လုပ်ငန်းစတင်ပြီဆိုပါက ယနေ့မုစ်လင်မ်များ၏ အခြေအနေသည် လွန်ခဲ့သော နှစ်ပေါင်း (၇၀၀) အလျင်က မုစ်လင်မ်များ၏ (ငြိမ်းချမ်းသော၊ ဘာသာတရားကိုင်းရှိုင်းသော) ခေတ်ကာလသို့ ပြန်လည် ရောက်ရှိလိမ့်မည်။

ဤသို့ မဟုတ်ဘဲ လက်ရှိအခြေအနေကို လုပ်ငန်းစတင် ဖြစ်မြောက်နေပြီဟု မှတ်ယူပြီးရှိမြဲရှိနေ သောအခြေအနေ အတိုင်းသာလုပ်ကိုင်နေကြပါက လာမည့်နှစ်ပေါင်း ရာစုလောက်မှ ကျရောက်မည့် မကောင်းမှုများသည် လပိုင်းအတွင်း ကျရောက်လာလိမ့်မည်။ ဤသည်ကို အထူးသတိပြုစေလို၏။

*　*　*　*　*



This document is created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

## အီလင်မ်နှင့် ဇိကိရ်ရရန်နည်းလမ်း

----- ဟဇ်ရသ်ကြီးအမိန့်ရှိသည်မှာ - ယခုအချိန်ထိ ကျွန်ုပ်တို့ မုဘာလ်လီးဂ် (သဗ်လီးဂ်ကြိုးပမ်းနေသူများ) ထံတွင် "အီလ်မ်" (သာသနာ့ပညာ) နှင့် "ဇိကိရ်" အလုပ်များမရောက်ရှိသေးသဖြင့် (ဤအလုပ်နှစ်ခုအားထိထိ ရောက်ရောက်မဆောင်ရွက်ကြသဖြင့်) ကျွန်ုပ်များစွာသောက ဖြစ်နေရ၏။ ထိုအရာနှစ်ခုရရှိရေးအတွက် အကောင်း ဆုံးနည်းလမ်းမှာ - သဗ်လီးဂ်ကြိုးပမ်းနေသူများအား စစ်မှန်သော သာသနာ့ပညာရှင်ကြီးများနှင့် ပီးရ်သူတော်စင် များထံစေလွှတ်၍ ထိုပုဂ္ဂိုလ်မြတ်များ၏ အုပ်ထိန်းမှုအောက်တွင် ကြိုးပမ်းစေခြင်းပင်ဖြစ်သည်။

* * * * *

## လမ်းများ၏ တံခါးကို ဖွင့်ပေးလိုက်ခြင်းမဖြစ်စေနှင့်

နေ့တစ်နေ့၏ ဖဂျရ်နမာဇ်အပြီးတွင်ဖြစ်သည်။ ဟဇ်ရသ်ကြီး အပြင်းအထန် မမာမကျန်းဖြစ်နေရှာသည်။ လဲလျောင်းရင်းပင် အသံထုတ်၍စကားတစ်ခွန်းနှစ်ခွန်းပင် မပြောနိုင်သည့်အတွက် မိမိအားသီးသန့်ပြုစုနေသူ တစ်ဦးအားခေါ်၍ နိဇာမုဒ်ဒီးန်မရ်ကဇ်ဗလီအတွင်းရှိ နေသူများထံ ဤသို့ တစ်ဆင့်ပြန်လည်ပြောကြားစေခဲ့သည်။

မိတ်ဆွေတို့-သာသနာ့ ပညာသင်ယူခြင်းနှင့် "ဇိကိရ်"တသခြင်းများကို ဆည်းပူး ပြုကျင့်ခြင်းမရှိဘဲ သွားလာကြိုးစားအားထုတ်ပါက ကြိုးပမ်းမှုအားလုံးသည် အကျိုးမဲ့အချည်းနှီးသာဖြစ်မည်။ သာသနာ့ပညာသင်ယူခြင်းနှင့် ဇိကိရ်တသခြင်းများသည် အတောင်ပံနှစ်ခုကဲ့သို့ ဖြစ်သည်။ (ဤအတောင်ပံ နှစ်ခုမရှိဘဲ သဗ်လီးဂ်ကြိုးပမ်းမှုဝေဟင်တွင် ပျံသန်းခြင်း ပြုနိုင်မည်မဟုတ်)

တင်ပြခဲ့သည့် အချက်နှစ်ချက်ကို လျစ်လျူရှုထားခြင်းဖြင့် ဤကြိုးပမ်းမှုသည် ကြီးလေးသော စိုးရိမ်ဖွယ် အန္တရာယ်နှင့် လမ်းများ၏ တံခါးကိုဖွင့်ပေးလိုက်ခြင်းမဖြစ်ပါစေနှင့်။

* * * * *

## ဤသူတို့ကို ပို၍ဂုဏ်ပေးပါ

ဟဇ်ရသ်ကြီးအမိန့်ရှိခဲ့သည်။ သဗ်လီးဂ် ကြိုးပမ်းမှုလုပ်ငန်း၌ ပါဝင်ကြိုးပမ်းနေသူများသည် များသောအားဖြင့် လူတော်လူကောင်းများ၊ ဂုဏ်သရေရှိသူများ၊ လူချမ်းသာများကိုသာ အရေးပေးဆက်ဆံနေကြသည်။ လူဆင်းရဲများကိုမူ ဂရုမပြု အရေးမထားကြပေ၊ ဤသို့လုံးဝမပြုထိုက်၊ ကောင်းစွာမှတ်သားထားကြပါ၊ အသင်တို့ထံ လာရောက်သော သူများမှာ (အသင်တို့အရေးမထားမိသောသူများမှာ) အရှင်မြတ်ဘက်တော်မှ ဖြစ်သည်။ အသင်တို့အရေးထားနေကြသူများမှာ အသင်တို့တကောက်ကောက်နောက်မှ လိုက်၍ ဒုက္ခခံကြိုးပမ်းခဲ့ရသူများဖြစ်သည်။ အရှင်မြတ်ဘက်တော်မှ လာသူများအား သင်တို့ကြိုးပမ်းမှု အကြောင်းခံဖြင့် ရောက်ရှိလာသူများထက် ပို၍ဂုဏ်ပေးအပ်၏။



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

## အန္တရာယ်နှစ်ခုမလာမီကြိုးပမ်းကြ

ဟဇ်ရသ်ကြီး အမိန့်ရှိခဲ့သည်မှာ- မိတ်ဆွေတို့- များစွာ ကြိုးပမ်းကြရန် လိုသေး၏။ မကြာမီ အချိန်တွင် သာသနာတစ်ရပ်လုံးအတွက် အလွန်ကြီးမားသော အန္တရာယ်နှစ်ခုနှင့် ကြုံတွေ့ရလိမ့်မည်။

တစ်ခုမှာ ပညာမဲ့လူတန်းစားများသည် မုစ်လင်မ်များအား အီမာန်ပျက်သွားစေရန် ကြိုးပမ်းလုပ်ဆောင်ကြလိမ့်မည်။

အခြားတစ်ခုမှာ မုရ်သဒ်ဖြစ်ခြင်း ( သာသနာအားလက်လွှတ်လိုက်ခြင်း) တို့ဖြစ်မည်။ ဤအန္တရာယ်နှစ်ခုသည် အနောက်နိုင်ငံသားတို့၏ ဓလေ့ထုံးစံများနှင့် အတူ တစ်ပါတည်း လာနေ ၏။ ကျွန်ုပ်တို့ထံသို့ ဒီရေအလားရောက်ရှိလာလိမ့်မည်။ မလာမီကြိုးပမ်းကြကုန်။

*  *  *

မော်လာနာ ရမ်ဇာန်အလီ(မဟ်မူဒီ)

ကျမ်းကိုး - မလ်ဖူဇာသေ့ မော်လာနာအိလ်ယားစ်

မည်သူမဆို၊ တမန်တော်မြတ်၏ စွန္နသ်ကျင့်စဉ်တစ်ခုခုအားမကောင်းခြင်းဟုဆိုက်သို့ ဆက်စပ်ထင်မှတ်ပါက "ကုဖ်ရ်" ဖြစ်မည် (အီမာန်ပျက်) မည်ကိုစိုးရိမ်ရ၏။

(မုဟာဒ်ဒီဆ်ဟာဇိဗ်အာစ်ဇနေ့ ဟာကျုရ်သခင်)



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

# ပယာဝါအလိပ်စိဇေားရိုး

(၁)အမေး–ဘဏ်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများသည် ငွေစုလက်မှတ်ဝယ်ထားသူများ၊ ငွေစာရင်းဖွင့် အပ်နှံထားသူများနှင့် ရှယ်ယာဝင်ထားသူများအား လစဉ်၊ နှစ်စဉ် ရာခိုင်နှုန်းမည်ရွေ့မည်မျှ အမြတ်ငွေရရှိမည်ဟု အတိအကျသတ်မှတ်ပေးသည့် အပြင် ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံ ထားသည့်ငွေများအားလည်း လုံးဝဆုံးရှုံးမှုမရှိစေရပါဟု အာမခံစာချုပ်များပင်ပြုလုပ်ပေးလျက် ရှိကြသည်။ မုစ်လင်မ်များသည် ထိုလုပ်ငန်းများ၌ ပါဝင်ရင်နှီး မြှုပ်နှံ၍ အကျိုးအမြတ်ရယူ ခံစားပိုင်ခွင့်ရှိပါသလား?

အဖြေ– မုစ်လင်မ်များသည် ဘဏ်လုပ်ငန်းများ၌ ပါဝင်ရင်းနှီးမြှုပ်နှံ၍လည်းကောင်း၊ ငွေစု လက်မှတ်ဝယ်ယူ၍လည်းကောင်း၊ ငွေစာရင်းဖွင့်အပ်နှံ၍လည်းကောင်း အကျိုးအမြတ် ခံစားခြင်းလုံးဝမပြုပိုင်ပါ။ ဘဏ်လုပ်ငန်းသည် အတိုးလုပ်ငန်းဖြစ်သည်၊ အတိုးပေးခြင်း၊ ယူခြင်းသည် ကုရ်အာန်ကျမ်းမြတ်၏ သတ်မှတ်ချက်အရ ဟရာမ်ဖြစ်သည်၊ အစုစပ်လုပ်ငန်း လုပ်ကိုင်ခြင်း ပိုင်သော်လည်း မေးခွန်းပါ အတိုင်းလစဉ်/ နှစ်စဉ် ရာခိုင်နှုန်းမည်မျှဟု အတိအကျသတ်မှတ်၍ ရယူခြင်းမပိုင်၊ မဆုံးရှုံးစေရပါဟု အာမခံ စာချုပ်ချုပ်၍လုပ်ကိုင်ခြင်း သည်လည်းမပိုင်၊ မြတ်လျှင်လည်းသတ်မှတ်နှုန်းထားအတိုင်းခွဲဝေယူရမည်၊ ရှုံးလျှင်လည်းသတ်မှတ်နှုန်းထားအတိုင်းမျှဝေကျခံရမည်ဟူသော စည်းကမ်းချက်နှင့် ယင်းစည်းကမ်းချက်အတိုင်း လက်တွေ့ဆောင်ရွက်မှသာ အစုစပ်လုပ်ငန်းလုပ်ခြင်းပိုင်၏။

(၂)အမေး– BEER (ဘီယာ) သောက်ခြင်း၊ ရောင်းခြင်းရှရီအသ်တရားတော်အရမည်သို့ရှိပါသနည်း?

အဖြေ– ဘီယာသည်အရက်ဖြစ်သည်၊သောက်ခြင်း၊ ရောင်းခြင်းမပိုင်ပါ၊ ဟရာမ်ဖြစ်၏၊ ဂိုနာ ဟ်ကဗီရဟ် (ကြီးလေးသော အပြစ်)ထိုက်၏၊

(၃) –လူနေအဆောက်အဦများဆောက်လုပ်မှုတိုးတက်များ ပြားလာသည်နှင့်အမျှ အိမ်ရောင်းခြင်း၊ ဝယ်ခြင်း၊နည်းစနစ်များသည်လည်း တိုးတက်လာ၏၊ အောက်ပါအတိုင်းရောင်းဝယ်ခြင်း၊များသည် ရှရီအသ်တရားတော်အရ မည်သို့ရှိပါသနည်း၊?

(က)အမေး–စတင်ဆောက်လုပ်ရန် စီစဉ်နေသော အိမ်၏အိမ်ခန်းအား ငွေအချို့ ကြိုတင်ပေး၍ ဝယ်ယူခြင်း၊

အဖြေ–ဝယ်နိုင်သည်၊

(ခ)အမေး–လူတစ်ဦးသည် ဆောက်လုပ်နေဆဲ အိမ်၏အိမ်ခန်းအား ကြိုတင်ငွေပေး၍ ဝယ်ယူထားပြီးနောက် ၎င်းအိမ်ခန်းအကောင်အထည်ပေါ်လာသောအခါ မိမိလက်ဝယ်ရယူသိမ်းပိုက်ပြီးနောက် အမြတ်တင်၍ အခြားသူ တစ်ဦးအားရောင်းချခြင်း၊

အဖြေ–ပိုင်၏၊

(ဂ)အမေး–အိမ်ဝယ်ယူရာ၌ အချို့သောဘဏ်များနှင့် ဆက်သွယ်ဝယ်ယူပါက အိမ်၏ တန်ဖိုးငွေတစ်ဝက် အားမိမိဘက်မှ ပေးချေရမည်ဖြစ်ပြီး ကျန်တစ်ဝက်အားဘဏ်မှ ပေးချေပေးမည်ဖြစ်သည်။ ဘဏ်မှ ပေးချေပေးထားသည့်ငွေအား သတ်မှတ်ထားသော ကာလအတွင်း အရစ်ကျပြန်လည် ပေးဆပ်ရမည်ဖြစ်၏။ ထို့ပြင်ဘဏ်မှ ပေးချေပေးထားသော ငွေအပေါ် သတ်မှတ်ထားသည့် အတိုးနှုန်းဖြင့်တွက်၍ အတိုးငွေအား ဘဏ်သို့ပေးသွင်း ရမည်ဖြစ်၏။ ဤနည်းလမ်းကို အသုံးပြု၍ အိမ်ဝယ်ခြင်း။

အဖြေ – ဤနည်းလမ်းကို အသုံးပြု၍အိမ်ဝယ်ခြင်း မပိုင်ပါ၊ ဤနည်းလမ်းသည် အတိုးပေးရသော နည်းလမ်း ဖြစ်သည်၊ အတိုးပေးခြင်း၊ ယူခြင်း ဟရာမ်ဖြစ်၏၊ ပြုပိုင်သည့်နည်းလမ်းမှာ ဘဏ်သည်အိမ်/ မြေ/ ခြံကို ပိုင်ရှင်ထံမှ

ဝယ်ယူပြီး လက်ငင်းငွေတစ်ဝက်ချေမည့်သူအား အမြတ်တင်ရောင်းခြင်းပိုင်၏၊ ဤသို့ဘဏ်သည် အိမ်/ မြေ / ခြံ ကိုဝယ်ယူကာ လက်ငင်းငွေတစ်ဝက်ချေသူအား အမြတ်တင်ရောင်းခြင်းမှာ လက်တွေ့ဘဏ်ကဝယ်ယူသိမ်းပိုက်ပြီးမှ ငွေတစ်ဝက်ချေသူအား အမြတ်ဖြင့်ရောင်းခြင်းဖြစ်ရမည်၊

(၄)အမေး–ပွဲစားလုပ်ခြင်းပိုင်ပါသလား? မည်သို့သော လုပ်ငန်း၌ ပွဲစားလုပ်ခြင်းပိုင်၍ မည်သို့သော လုပ်ငန်း၌ ပွဲစားလုပ်ခြင်း မပိုင်ပါသနည်း။

အဖြေ– ရောင်းခြင်း၊ဝယ်ခြင်းပိုင်သော အလုပ်၌ ပွဲစားလုပ်ခြင်းပိုင်၏၊ ရောင်းခြင်း၊ ဝယ်ခြင်းမပိုင်သော အလုပ်၌ ပွဲစားလုပ်ခြင်းသည်လည်းမပိုင်၊

(၅)အမေး–သောကြာနေ့၊ ဂျုမ္မအဟ် ပထမအဇာန်နှင့် နမာဇ်ဝတ်ပြုပြီးချိန်တိုင် အရောင်းအဝယ်လုပ်ခြင်းရပ်ဆိုင်းရန် အရေးကြီးပါသလား? ထိုအချိန်၌ မိသားစုဝင်တစ်ဦးဦးအားဖြစ်စေ၊ ဘာသာခြား တစ်ဦးဦးအား ဖြစ်စေ၊ အလုပ်သမားတစ်ဦးဦးအားဖြစ်စေ၊ လူစားထား၍ ဆက်လက်ရောင်းဝယ် စေခြင်းပြုနိုင် ပါသလား?

အဖြေ–ပထမအဇာန်နှင့် နမာဇ်ဝတ်ပြုပြီးချိန်တိုင် အရောင်းအဝယ်လုပ်ခြင်း မပိုင်ပါ၊ ဘာသာခြားကို လူစားထား၍ ဆက်လက်ရောင်းဝယ်စေခြင်းပြုပိုင်၏၊ အဇာန်ဆိုပြီးသည်နှင့် မုစ်လင်မ်များသည် ဗလီသို့ သွားရန်တာဝန်ရှိ၏၊

(၆)အမေး–အမျိုးသမီးများ “ဟိုက်ဇ်” (ဓမ္မတာ) လာနေသည့်ရက်များ၌ ကုရ်အာန်ကျမ်းမြတ်အား အလွတ် ဖတ်ရွတ်ခြင်းနှင့် “ဇိကိရ်” ဖတ်ခြင်းများပြုနိုင်ပါသလား?

အဖြေ– ကုရ်အာန်အာယသ် အလွတ်မဖတ်ပိုင်ပါ၊ ကုရ်အာန်အာယသ်မှ လွဲ၍ အခြားဇိကိရ်အားလုံး ဖတ်ပိုင်ခွင့်ရှိသည်၊

(၇)အမေး–ဝုဇူပြုလုပ်ရမည့် ခန္ဓာကိုယ်အစိတ်အပိုင်း၌ သဘော်ဆေး(သို့)ကတ္တရာစေး(သို့) ပွဲ့လျက်စသည့်အရာများဆွဲကပ်နေပြီး သန့်စင်ခြင်းမပြုဘဲ ဝုဇူပြုပါက ဝုဇူ၌ မည်သို့ထိခိုက်မှုရှိပါသနည်း။

အဖြေ–ဝုဇူမပိုင်ပါ၊ ထိုဝုဇူဖြင့် ဝတ်ပြုသည့် နမာဇ်လည်းမပိုင်ပါ၊

(၈)အမေး—ဖရပ်ဇ်နမာဇ်များ၏ တတိယရကအသ်နှင့် စတုတ္ထရကအသ်များ၌ "ရူရပ်ဖာသိဟပ်" သာဖတ်ရွတ်ရမည်ဖြစ်သော်လည်း၊ မေ့လျော့၍ ရူရပ်တစ်ခုခု ဆက်လက်ဖတ်ရွတ်မိပါက စဂျ်ဒဟ် "စဟူ" ပြုရန်လိုအပ်ပါသလား?

အဖြေ—စဂျ်ဒဟ်စဟူ လုပ်ရန်မလိုအပ်ပါ၊

(၉)အမေး—စားစရာတစ်ခုခု (သို့) ဆေးလိပ် (သို့) ကွမ်းစားသောက်ပြီးနောက် ပလုတ်မကျင်းဘဲ နမာဇ်ဖတ်လိုက်၏။ နမာဇ်အတွင်း၌ ထိုအရာများ၏ အရသာများခံစားနေရပါက နမာဇ်၌ မည်သို့ထိခိုက်မှုရှိပါသနည်း?

အဖြေ—အရသာလျှင် ခံစားနေရပါက မက္ကရူဖြစ်၏၊ စားထားသော အရာ၏ ပဲခြမ်းစေ့အရွယ် ခန့်ဝမ်းအတွင်း ရောက်သွားပါက နမာဇ်ပျက်၏၊

(၁၀)အမေး—ဂျမာအသ်နှင့် နမာဇ်ဖတ်နေသူများ "ရူကူအ်" ပြုနေစဉ် နမာဇ်အစမမီသူ အချို့သည် အပြေးအလွှား "ရူကူအ်" မီအောင်ပါဝင်ကြ၏။ ဤသို့အပြေးအလွှား နမာဇ်အတွင်း ပါဝင်ခြင်းသည် တရားတော်အရ မည်သို့ရှိပါသနည်း?

အဖြေ—ဤသို့ မပြုလုပ်ရန် တမန်တော်မြတ် ﷺ က မိန့်ကြားထားတော်မူ၏၊ သို့သော်လည်း ထိုသူသည် ရှေ့ဆောင် အီမာမ်နှင့် "ရူကူအ်" ဦးညွှတ်လျက် သပ်ဗီးဟ် တစ်ကြိမ်ခန့်မျှ မီပါက ထိုသူသည် ထိုရကအသ် ကို မီသူ၊ ရသူဖြစ်ပေမည်၊

(ဖိကဟ်ပညာရှင်များကဤအတိုင်းတင်ပြထားသည်)

အလ်ဟာဂ်၊ မော်လာနာ၊ဟာဖိဇ်
မုဖ်သီမုဟမ္မဒ်ဧူရ်သိ(မဇ္ဇာဟေရီ)

အလ်ဟာဂ်၊ မော်လာနာ၊ဟာဖိဇ်
မုဖ်သီနူးရ်မုဟမ္မဒ်(မဇ္ဇာဟေရီ)

## သာသနာ့ ပညာရှင်များအတွက် လွှန်လေပြီးသောသူတော်စင်များ၏

# အမြွက်စကား

မုဖ်သီအဟ်မဒ်ဘားမ်(မဇွာ ဟေရီ)

"ပညာလည်းမရှိ၊ သိရှိပြီးသည့်နောက်လိုက်နာကျင့်သုံးလိုစိတ်လည်းမရှိ၊ ထိုသို့သော သူတို့၏ မေးခွန်းများအတွက်အကောင်းဆုံးသော အဖြေမှာ တိတ်ဆိတ်စွာနေလိုက်ခြင်းပင်ဖြစ်သည်"

[အီမာမ်ဟဲန်သခင်]

"အမှန်တကယ်မသိ၍မေးမြန်းလာသူများအား သဘောပေါက်အောင်ရှင်းပြနိုင်သော် လည်း၊ စောဒက သက်သက်ကိုသာ ရည်ရွယ်၍မေးမြန်းသူများကိုမူ 'သင်တို့သဘော ပေါက်ချင်သလိုသာ သဘောပေါက်ကြပေတော့' ဟုပြောရန်မှ အပအခြားမရှိ"

[ဟဇ်ရသ်ထာနဝီ]

"အရူးများနှင့် စကားပြောခြင်းမှရှောင်ပါ၊ ထို့အပြင် သာသနာ့ပညာရှင်ဖြစ်သော်လည်း၊ အချေအတင်ဆွေးနွေးသော နည်းစနစ်ကို နားမလည်၊ မည်သို့မည်ပုံအထောက်အထားပေး ရသည်ကိုလည်းမသိရှိ၊ ထိုသို့သောသူမျိုးနှင့်လည်း (များစွာ) စကားပြောခြင်းမှ ရှောင်ပါ"

[အီမာမ်အဘူဟနီဖဟ် သခင်]

“မိမိကိုယ်တိုင်လည်း ‘အာခိရသ်’ တမလွန်အရေးကို တွေး၍ ကြောက်ရွံ့ပါ၊ တရားနာသူများကိုလည်း မိမိကဲ့သို့ အကြောက်တရားဝင်စေလိုသော စိတ်စေတနာဖြင့် ဟောကြားပါ”

[အိမာမ်ဂဇာလီ သခင်]

“အသင်သည် မည်သည့်အခြေအနေ၊ မည်သည့် အဆင့်အတန်းရှိနေစေကာမူ၊အမှန်တရားကို ရှာဖွေသူ၊ လိုလားသူဖြစ်ရမည်။အသင်၏ ဆန့်ကျင်ဘက်ဖြစ်သူ (ဝေဖန်ထောက်ပြသူ)၏ နှုတ်မှထွက်လာသော အမှန်တရားကိုလည်းလက်ခံကျင့်သုံးနိုင်သူဖြစ်ရမည်”

[အိမာမ်ဂဇာလီ သခင်]

“အာလင်မ်သာသနာ့ပညာရှင်တစ်ဦးအား ဒွန္နယာလောကကို ချစ်ခင်နေသည်ဟု ယူဆရလျှင် ထိုအာလင်မ်သည်သာသနာရေးရာနှင့်ပတ်သက်၍ နာမည်ပျက်တော့မည်ဟု မှတ်ထင်ကုန်”

[အိမာမ်ဂဇာလီ သခင်]

“အကြင်သူသည် ဒွန္နယာလောက၏ သေးသိမ်မှုကို မသိမြင်လျှင် ထိုသူသည် ဉာဏ်မရှိသူပင်ဖြစ်သည်၊ ထိုသူသည် အိုလမာ သာသနာ့ပညာရှင်များထဲမှ မဖြစ်နိုင်”

[ဟဇ်ရသ် ရှိုက်ခ်]



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

"မိမိကိုယ်တိုင်မှာ အရှင်မြတ်၏ အမိန့်ကို ဖီဆန်လျက်ရှိနေပြီး အခြားသူများအား မိမိအမိန့်နာခံစေရန်မည်သူမျှ ဤသို့ပြုလုပ်ရန်အခွင့်အရေးမရှိ"

[အာမရ် ဗင်န်အာဗ်ဒုလ် အဇီးဇ် သခင်]

"ခေတ်ကာလ တစ်ခုခု၌ အစ္စလာမ်အမည်ခံ လူအုပ်စုတစ်စုသည် မုစ်လင်မ်များအား အကီဒဟ် (အစ္စလာမ်သာသနာနှင့်ပတ်သက်၍ ထားရှိရမည့်ယုံကြည်ချက်များ) ပျက်ပြား အောင်ပြုမူလာပါက ထိုအုပ်စုအားရင်ဆိုင်တိုက်ဖျက်ရန်အတွက် ထိုခေတ်ကာလရှိ အာလင်မ် သာသနာ့ ပညာရှင်တိုင်းအပေါ်၊ ကြီးလေးသောတာဝန်အဖြစ်ကျရောက်လာ၏"

[မုဖ်သီရှီးဒ်အာဟ်မဒ်သခင်]

"ပညာတစ်ရပ်သည် ယနေ့တွင် သင့်အားမကောင်းမှုများမှ တားဆီးခြင်းမပြုနိုင်လျှင်၊ အမလ် အိဗာဒသ်ပြုခြင်းဘက် သို့မပို့ဆောင်နိုင်လျှင်၊ ထိုပညာသည် ကိယာမသ်နေ့၌ လည်း သင့်အား ငရဲမီးဘေးမှ ကယ်တင်နိုင်မည်မဟုတ်"

[အီမာမ်ဂဇာလီ သခင်]

"မည်သည့် ရန်လိုမှုမျိုးပင် ဖြစ်လင့်ကစား ပြေငြိမ်းအောင်ပြုလုပ်နိုင်၏။ သို့သော် မနာလိုဝန်တိုမှုကြောင့် ဖြစ်ပေါ်လာသော ရန်လိုမှုကိုမူ ပြေငြိမ်းအောင်ပြုလုပ်၍ မရနိုင်ပါ"

[အီမာမ် ဂဇာလီ သခင်]



This document was created using Smart PDF Creator
To remove this message ... the product at www.SmartPDFCreator.com

# ဝိဇ်အာသ်ပြုရန်အရေးကြီးပါသလား?

ဟစ်ရဉ်ထာနဝီ

မော်လာနာဟာရွှန်လူလာသ်(မဟ်မူဒီ)

လူ့နှလုံးသား အတွင်း လျှို့ဝှက်နေသောရောဂါ (မကောင်းမှု ဒုစရိုက်) များရှိတတ်လေသည်။ ထိုဒုစရိုက်များကို (ရှိုင်ခ်မုဟက္ကိက်) ကျွမ်းကျင်သော ဆရာကသာလျှင် သိနိုင်သည်။ အကယ်၍ ထိုဒုစရိုက်များကို မိမိသိ ထားသော်လည်း ကုပုံကုနည်းကိုမသိနိုင်၊ ကုနည်းကိုသိသော်လည်း စိတ်၏ လွှမ်းမိုးမှုကြောင့် အကောင်အထည် မဖော်နိုင်ဘဲ ဖြစ်တတ်လေသည်။ ဤသည့်လိုအပ်ချက်များကြောင့် (ပီးရိကာမိလ်) ပြည့်စုံကျွမ်းကျင်သောဆရာကို ရွေးရလေသည်။ ထိုဆရာသည် မိမိ၏ ဖုံးကွယ် နေသော မကောင်းမှုဒုစရိုက်များကို သဘောပေါက်၍ သတိပေးကာ ကုနည်းကို သင်ပေးလေသည်။ လူမမာသည် မိမိရောဂါကို တိကျစွာ မသိနိုင်၊ ဆရာသည် ကျွမ်းကျင်မှုရှိသည်။ ဤလမ်းကိုဖြတ်ကျော်လာခဲ့ရင်းလမ်းခွတ်လတ်၏ ဆူးပြောင့်ခလုတ်များ၊ လမ်းလွှဲများ၊ ပူဆွေးမှုများကို ကျော်လွှား ခဲ့ရလေသည်။ ထိုသို့ ကျော်လွှားနေချိန်တွင် ၎င်းကိုလည်း ကျွမ်းကျင်သော ဆရာက ပဲ့ထိန်း ပေးခဲ့လေသည်။ ထိုသို့ ပဲ့ထိန်းခဲ့ပုံကို သိထားသဖြင့် အစစ်နှင့်အတု၊ အမှားနှင့်အမှန်ကို ပိုင်းခြား၍ သိထားခြင်းဖြစ်သည်။

လူသည် မိမိရောဂါကို မိမိသိထားသော်လည်း စိတ်မချရပေ၊ ကျွမ်းကျင်သူသာလျှင် ကောင်းမွန်စွာသိနိုင်၏။ ထို့အပြင် ကျွမ်းကျင်သူ (ရှိုင်ခ်) နှင့်အတူ အလ္လာဟ်အရှင်မြတ်၏ ဖေးမမှုလည်း ရှိတတ်၏။ ၎င်းက ပြသသော ကုသနည်းသည်လွယ် ကူ၍ ပြည့်စုံမည်ဖြစ်သည်။ ပမာပြဆိုရလျှင် ဆေးပညာကိုအောင် သော်လည်း ကျွမ်းကျင်သော ဆရာဝန်လက်အောက်တွင်လက်တွေ့ကွင်းမဆင်းဘဲဆေးကုသလျှင် စိုးရိမ် ရသကဲ့သို့ဖြစ်သည်။ ဆေးပညာစာအုပ်၌ ကုသနည်းအစုံပါဝင်၏။ ဆရာဝန်များကလည်း ထိုစာအုပ်မှပင် ကုသနည်းကို အသုံးပြုကြလေသည်။ သို့သော် စာအုပ်ကြည့် ၍ ကုသနည်းအတိုင်း မိမိကိုယ် ကို ဆေးမကုသကြပေ။ အသေးအဖွဲ့ ရောဂါကို ကုသနိုင်သော်လည်း ပြင်းထန်သောရောဂါကိုမူ မကုနိုင်။

မိမိကိုယ်တိုင် မလျှောက်လျှင် မရောက်သကဲ့သို့လမ်းပြမရှိခဲ့လျှင် လမ်းမှန် ရရန် ခဲယဉ်း၏။ မျက်မမြင် တစ်ယောက်သည် တစ်နေရာကို ရောက်လိုလျှင် ဦးစွာ မိမိကိုယ်တိုင်လျှောက်လှမ်းဖို့ လိုလိမ့်မည်။ မိမိကိုယ်တိုင်

မလျှောက်ခဲ့လျှင် ခရီးမတွင် နိုင်။ လျှောက်ပြန်လျှင် လည်း ခရီးဖော် လမ်းပြလို မည်ဖြစ်သည်။ လမ်းပြ မပါဘဲလျှောက်လျှင် ခလုတ်တိုက် မှာသေချာ၏။ဖြောင့် ဖြူးစွာလိုရာ ပန်းတိုင်သို့ရောက် လိုလျှင် မိမိက လျှောက်ရင်းနှင့် လမ်းပြလက်ကို ကိုင်တွယ်မှသာ ရောက်နိုင်မည် ဖြစ်သည်။ ဤနည်းဖြင့်ပင် နှလုံး သားပြုပြင်ရန် ရည်ရွယ်၍ လက်တွေ့ အမလ်ကျင့်ခြင်းသည် မျက်မမြင်၏ လျှောက်ခြင်းနှင့်လည်း ကောင်း၊ သူတော်စင် တစ်ပါးဖြင့် ဗိုင်အသ်ပြုခြင်းသည် မျက်မမြင်က လမ်းပြ၏လက်ကို ကိုင်ခြင်းနှင့် လည်းကောင်းတူ၏။

ပြည့်ဝသော အရည်အချင်းကို ဆရာမရှိဘဲ အလ္လာဟ် အရှင်မြတ်က ချီးမြှင့်လေ့မရှိပေ။ ထို့ကြောင့် နှလုံး သား ပြုပြင်ရန် စွမ်းအားကို အရှင်မြတ် ထံမှ ရခဲ့လျှင် ကျွမ်းကျင်သော လမ်းပြကို ရှာရန် အရေးကြီး၏။ သို့မှသာ ၎င်း၏သွန်သင်မှု၊ ၎င်း၏ အသိုက်အဝန်းတွင် ထိုင်ခြင်း၏ ဗရ်ကာသ်ဖြင့်လိုရာ ပန်းတိုင်သို့ ဘေးမသင့်၊ ရန်မခဘဲ ဖြောင့်ဖြူးစွာ ရောက်နိုင်မည်ဖြစ်သည်။

## ပီးရ်ဆရာသမားအသိုက်အဝန်း၏ အရေးကြီးပုံ

ဗိုင်အသ်ပြုရခြင်း၏ အဓိက ရည်ရွယ်ချက်သည် (ပီရ်) ဆရာ သမားနှင့် အတူနေရန်၊ ၎င်း၏အသိုက်အဝန်းတွင် နေရန်နှင့် ရင်းနှီးမှုရယူရန်ပင်ဖြစ်သည်။ သို့မှသာ(သစောင်ဝုဖ်၏)ကျင့်စဉ် များကို ကျင့်ကြံရာတွင် ဖြတ်ကျော် ရသော ဆူးငြောင့်ခလုတ်များ၊အ ထစ်အငေါ့များမှ အကာအကွယ် ရမည်ဖြစ်သည်။ ဆရာသမား၏ အသိုက်အဝန်း၌ ထိုင်ရာ၌ သာ သနာ့ပညာ တတ်မြောက်နေရန် အရေးမကြီးပေ။ ပညာတတ် မြောက်သူသည်ပင်ဆရာသမား အသိုက်အဝန်းတွင် ထိုင်ဘူးခဲ့ ခြင်းမရှိပါက ထိုပညာသည် လည်း ပြည့်စုံမည်မဟုတ်ချေ။ နှလုံးသား ပြုပြင်ရာတွင်ဆရာသမားအသိုက် အဝန်းတွင် မထိုင်ဘူးသော ပညာ ရှင်ထက်၊ ဆရာသမား အသိုက် အဝန်းတွင် ထိုင်ဘူးသောလူသာမန် သည် ပို၍ပင်လွယ်ကူ၍ထိရောက် လေသည်။

ဆွဟာဗဟ် သာဝက (ရသွေယလ္လာဟုသအာလာ အန်း ဟုမ်)တိုင်းသည် အာလင်မ် များ မဟုတ်ကြချေ။ သို့သော်လည်း သာမန်ဆွဟာဗီတစ်ပါး၏ အဆင့် ကို ဟဒီးဆ်ပါရဂူများ (ဖူကဟာ) သာသနာ့ ဥပဒေပညာရှင် များ (အောင်လီယာ) သူတော်စင်များ ပင်မမီနိုင်ဟု မှတ်လင်မ်များက ခံယူ ထားကြ၏။ ဤသို့ထွတ်မြတ်ရခြင်း ၏အကြောင်းရင်းမှာ နဗီတမန် တော်မြတ် ၏အသိုက်အဝန်းတွင် ထိုင် ဖူးခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

တစ်နည်း ဆိုလျှင် ဆွဟာ ဗဟ်သာဝက (ရသွေယလ္လာ ဟု သအာလာအန်းဟုမ်) သခင် များ ရရှိခဲ့ကြသော ထွတ်မြတ်မှု သည် နဗီတမန်တော်မြတ် ﷺ ၏ (စုဟ်ဗသ်) အသိုက်အဝန်းနှင့် ထိ တွေ့ခဲ့သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့်၊ခေတ်အဆက်ဆက်၏ (အဟ် လုလ်လာဟ်) သူတော်စင် သူ တော်ကောင်းများသည် (စုဟ် ဗသ်) ဆရာသမားအသိုက်အဝန်း တွင် ထိုင်ခြင်းကိုအရေးပေးခဲ့၏။ သာသနာ့ပညာထက် ဆရာသမား များ၏အသိုက်အဝန်း၌ ပါဝင်ခြင်း ကို ဂရုစိုက်ခဲ့၏။

## စာပေကိုသာလေ့လာ၍ ပါရဂူဖြစ်နိုင် ပါ၏လော?

“လက်သမားအနားတွင် မထိုင်သရွေ့လက်သမားမဖြစ်နိုင်” ရွှေဘော်ကိုပင်စနစ် တကျကိုင် တွယ်နိုင်မည် မဟုတ်ချေ”



This document was created using SmartPDFCreator. To remove this message, purchase the product at www.SmartPDFCreator.com



"အပ်ချုပ်သူထံတွင်မထိုင်သရွေ့အပ်ကိုင်တွယ်နည်း ကိုပင်သိနိုင်မည်မဟုတ်၊"

"လက်ရေးလှသူတစ်ဦးအနားတွင်မထိုင်သရွေ့၊ ကလောင်ကိုင်တွယ်နည်းကိုပင် မည်သည့်အခါမျှသိနိုင်မည်မဟုတ်" စသည် တို့ကိုလူသာမန်များပင် သဘောပေါက်နိုင်၏။

အချုပ်အားဖြင့် ဆိုရလျှင် (ကာမိလ်)ပြည့်စုံသောဆရာသမားတစ်ဦး၏ အသိုက်အဝန်းတွင် မထိုင်သရွေ့၊မည်သူမျှ(ကာမိလ်)ပြည့်စုံသူ မဖြစ်နိုင်။

သူတော်စင်ဆရာသမားအသိုက်အဝန်းနှင့်ပတ်သက်၍ဖာရစီဘာသာဖြင့် သီကုံးထားသောကဗျာတစ်ပုဒ်သည်အလွန်အရေးပါ၏။ ၎င်းကဗျာ၏ အဓိပ္ပာယ်မှာ-

"သူတော်ကောင်းများအနားတွင်ထိုင်ခြင်းသည်အသင့်အားသူတော်ကောင်းပြုလုပ်မည်ဖြစ်သည်။ သူယုတ်မာအနားတွင် ထိုင်ခြင်းသည် အသင့်အား သူယုတ်မာပြုလုပ်လိမ့်မည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်မှုကို လိုလားသူသည် (အောင်လီယာအိက်ရာမ်) သူတော်စင်များ အသိုက်အဝန်းတွင်ထိုင်သင့်၏""အလ္လာဟ်အရှင်မြတ်၏အချစ်တော်များ၏အသိုက်အဝန်းတွင် ခေတ္တထိုင်ခြင်းသည် ပြစ်မှုမပါသော(စိတ်ထားဖြူစင်စွာဖြင့်)နှစ်ပေါင်းတစ်ရာ(အိဗာဒသ်)ကောင်းမှုကုသိုလ်ပြုခြင်းထက်မြတ်၏"ဟုဖြစ်၏။

အဆိုပါ ကဗျာလင်္ကာ၏ဆိုလိုရင်းမှာ"ကာမိလ်(ပြည့်စုံသော)သူတော်စင်တစ်ပါးပါး၏ အသိုက်အဝန်းတွင် ထိုင်ခြင်းအားဖြင့် တစ်ခါတစ်ရံ ၎င်း၏ဆုံးမမှု တစ်ခုသည်ပင်တစ်သက်လုံးအဖို့နဖူးစာကောင်းရန် အကြောင်းခံ ဖြစ်နိုင်လေသည်။ထို့ကြောင့်သူတော်စင်များထံခေတ္တခဏ ထိုင်ခြင်းသည်လည်း အလွန်အကျိုးထူး နိုင်၏"ဟု ဆိုလိုပေသည်။ အဆိုပါကဗျာ၌သူတော်စင်များ၏ အသိုက်အဝန်းတွင် ခေတ္တထိုင်ခြင်းသည် နှစ်ပေါင်းတစ်ရာ အိဗာဒသ်ပြုခြင်းထက်သာမြတ်သည်ဟု ဆိုထားသည်ကို ဥပမာတစ်ခုဖြင့်ရှင်းပြအံ့။

လူတစ်ဦးထံတွင် ရွှေဒင်္ဂါး ၁၀ ပြားရှိသည်ဆိုပါစို့၊ အပေါ်ယံအားဖြင့်ထိုသူ၌အသုံးအဆောင်ပစ္စည်းများမရှိသော်လည်း၊ လေးနက်စွာစဉ်းစားလျှင် ထိုသူသည်အသုံးအဆောင်ပစ္စည်း အများအပြားကို ပိုင်ဆိုင်သူဟုဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ရွှေ ဒင်္ဂါး ၁၀ ပြားကို ရောင်း၍ ရရှိသောငွေဖြင့်အ သုံးအဆောင်ပစ္စည်း အမြောက်အမြား ဝယ်နိုင်လေသည်။

ဤနည်းနှင်နှင် သူတော်စင်များ၏ အသိုက်အဝန်းတွင် အစဉ်ထိုင်ခြင်းဖြင့် ၎င်းတို့၏ဆုံးမမှု တစ်ခုတလေမျှပင် နှလုံးသားအတွင်း စူးရှမိပါက အပေါ်ယံအားဖြင့် ကောင်းမှုများ မရှိသော်လည်း ကောင်းမှု ပြုချင်ဇော (စိတ်)အတွင်း၌ ကိန်းအောင်းလာတတ်သဖြင့် ကောင်းမှုကုသိုလ် ပေါင်းစုံကို ပိုင်ဆိုင်သူဟု ဆိုရပေမည်။ မည်သို့ပင် ဆိုစေကောင်းမှု ပြုချင်ဇော(စိတ်)သည်အဓိကဖြစ်သည်။ ဤသည်ကိုပင် ကောင်းမှုအပေါင်း၏ သော့တန်ဟု ဆိုရမည်။ ဤသော့တန်ကို"စုဟ်ဗသ်" သူတော်စင်များ၏ အသိုက်အဝန်း၌သာ ရရှိနိုင်၏။ တစ်ဖန်ကောင်းမှု ပြုချင်ဇော (စိတ်) ဖြစ်ပေါ်သော်လည်း၊ ကောင်းမှုများ မပွားပါက အချည်းနှီး ဖြစ်ချေမည်။

ဤသည်ကြောင့်ပင် (အအ်မာလ်) ကောင်းမှုပြုကျင့်မှု မရှိဘဲ မည်မျှပင် အပြောကောင်းသည်ဖြစ်စေ၊ မည်မျှပင် နှလုံးသား အ



This document is created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com



တွင်းထူးခြားသော ခံစားချက်များ ခံစားရသည်ဖြစ်စေ၊ မည်မျှပင် ထူးခြားသော အခြေအနေ ပေါ်လွင်သည်ဖြစ်စေ၊ ဘဝင်ကျစရာ မရှိချေ။ ထို့ကြောင့် အရေးအ ထိုက်သောအရာသည် (အအ်မာလ်) ကောင်းမှုပြုကျင့် မှုများသာ ဖြစ်သည်။ ခံစားချက်များသည်အဓိကမဟုတ်ချေ၊ မည်သို့ပင်ဆိုစေ ကောင်းမှုပြုချင်စိတ် (ဇော)ကိုအလ္လာဟ်အရှင်မြတ်က မချီးမြှင့်လျှင် ကောင်းမှုပွားရန် အလွန်ခဲယဉ်း၏။ တစ်ဖန် အလ္လာဟ်အရှင်မြတ်သည်(အများအားဖြင့်) ပြည့်စုံသော သူတော်စင်များ၏ အသိုက်အဝန်းတွင် ထိုင်မှသာ ကောင်းမှုပြုချင်စိတ် (ဇော) ကို ချီးမြှင့်လေ့ရှိသည်။

သူတော်စင်များ၏ အသိုက်အဝန်းတွင် ထိုင်ခြင်းဖြင့် တပည့်များသည် ဆရာသမား၏ ကိုယ်ကျင့် တရားများကို အတုခိုးတတ်လေ့ရှိသည်။ ဖာရစီဘာသာဖြင့် သီကုံးထားသော ကဗျာတစ်ပုဒ်သည် သူတော်စင်များ အသိုက် အဝန်း၏ အရေးပါပုံကို ဖော်ကြူးလျက် ရှိသည်။

ဎင်း၏အဓိပ္ပာယ်မှာ-

"တစ်နေ့သ၌ကျွန်ုပ်သည် ရေချိုးနေစဉ် ကျွန်ုပ်၏ မိတ်ဆွေက အလွန် မွှေးကြိုင်နေသော မြေကြီးလက်တစ်ဆုပ်စာ လာပေးခဲ့သည်။ ကျွန်ုပ်ကအံ့သြလျက် ထိုမြေကြီးအား "အသင်သည် နှင်းဆီလား၊ သို့မဟုတ်စံပယ်လား" ဟု မေးရာ၊ ဎင်းက "ကျွန်ုပ်သည် အဖိုးမတန်သောသာမန်မြေကြီး ဖြစ်ပါသည်။ သို့သော် အချိန်ကြာမြင့်စွာ ပန်းများနှင့် အတူနေခဲ့ရသဖြင့် ထိုပန်းများ၏ အနံ့များ ကျွန်ုပ် ထံကို၊ စိမ့်ဝင်သွားခြင်း ဖြစ်သည်ဟု အဖြေပေးခဲ့၏" ဟူ၍ ဖြစ်သည်။

ဤကဲ့သို့ပင်မရှာအီးခ် သူတော်စင်များ၏အသိုက်အဝန်းတွင် ထိုင်ခြင်းဖြင့်-

(၁)သူတော်စင်များအတွင်းရှိ ကိုယ်ကျင့်တရားများသည် တစ်စတစ်စ အသင့်ထံသို့ ကူးပြောင်း လာမည်။

(၂) ပြည့်စုံစွာ ပြုပြင်မှုမရသော်မှ၊ အနည်းဆုံး မိမိအတွင်းရှိ အပြစ်အနာအစာများကို သိရှိသွားမည်။ ဤအချက်သည် တိုးတက်မှု၏ သော့တန်ဖြစ်သည်။

(၃)ဎင်းတို့၏ အလေ့အထများကိုအတုယူခွင့်ရမည်။ကောင်းမှုကုသိုလ်ပွားများ ရာ၌ လည်းကောင်း၊ ဇိကိရ် ပြုရာ၌လည်းကောင်း၊ စိတ်ရွှင်လန်းမှုနှင့် စိတ်ဝင်စားမှုများ ပွားများလာမည်။

(၄)ဇိကိရ်ပြုရာ၌၊ ထူးခြားသော ခံစားချက်များခံစားလာသော အခါဎင်းသည်ပဲ့ထိန်းပေးမည်။

(၅)ဎင်း၏သွန်သင်မှုများသည် အနှစ်နှစ်အလလမှအတွေ့အကြုံများဖြစ်သဖြင့် မိမိအတွင်း အခြေအနေကို ကွက်ကွက်ကွင်းကွင်း သိနိုင်သည်။

(၆)ဎင်းတို့အနက် အချို့သည် ဗရ်ကသ်မင်္ဂလာနှင့် ပြည့်စုံကြသဖြင့် ဎင်း၏ ဗရ်သ်မင်္ဂလာကိုလည်းယူခွင့်ရလေသည်။

(၇)အမလ်(ကောင်းမှု)ပြုကျင့်လိုစိတ်တိုးတက်လာလေသည်။

(၈)မိမိအတွင်းအရည်အချင်းကို သိလာလေသည်။

(၉)အလ္လာဟ်အရှင်မြတ်ကို ချစ်ခင်ကြသူများ၏ အသိုက် အဝန်းတွင် ထိုင်ခြင်းဖြင့်၊ မိမိ အတွင်း၌လည်း အလ္လာဟ်အရှင်မြတ်၏ ချစ်ခင်မှု ဝင် လာလေသည်။

(၁၀) ဎင်းတို့သည်အအ်မာလိ



ဆွာလိဟာ (ကောင်းမှုကုသိုလ်) ပြုကျင့်ကြသောကြောင့် ဗရ်ကသ်(မင်္ဂလာ)နှင့် ပြည့်စုံ ကြသဖြင့်ၡင်းတို့၏ ဆုံးမမှုတွင်လည်း ဗရ်ကသ်ရှိတတ်၏။ အလျှင်အမြန် စူးရှမှုလည်း ဖြစ်စေလေသည်။

(၁၁) အတ်ဟ် လုလ္လာဟ် (အလ္လာဟ်အရှင်မြတ်၏ အချစ်တော်များ) ၏ အသိုက်အဝန်းသည် နှလုံးသားပြုပြင်ရာ၌ ထိရောက်ရခြင်း အကြောင်းမှာ ကောင်းမြတ်သောစကားများကို အဖန်ဖန်အလဲလဲကြားရခြင်းကြောင့် ဖြစ်သည်။ စူးရှခြင်းလည်း မရှိဘဲနေမည်မဟုတ်ချေ။ ကောင်းသောစကားများကို ကြား၍ ပထမတစ်ခေါက် မေ့သွား၏။ ဒုတိယတစ်ခေါက် မေ့သွားနိုင်၏။ တတိယတစ်ခေါက်တွင်မူ သတိရှိကာ မိမိကိုယ်ကို ပြုပြင်မည်မှာ အမှန်ပင်။ ၎င်းတို့၏အသိုက်အဝန်းတွင် ထိုင်ခြင်းဖြင့် အတွင်းပိုင်းဆိုင်ရာ အခြားအကျိုးလည်းရနိုင်လေသည်။ ထိုအကျိုးသည် အခြားမဟုတ်၊ အသင်သည် ၎င်းတို့၏ အသိုက်အဝန်းတွင် ထိုင်ခြင်းဖြင့် ရင်းနှီးမှု တစ်မျိုးဖြစ်လာမည်။ ထိုရင်းနှီးမှုဖြင့် ပြုပြင်မှု အကျိုးနှစ်မျိုးကို ရရှိနိုင်လေသည်။

ပထမအမျိုးမှာ ၎င်းတို့သည်အသင့်အဖို့တောင်းဆုဒိုအာပြုမည်။ တစ်ဖန် ၎င်းတို့ဒိုအာကို အလ္လာဟ်အရှင်မြတ်က "ကဗူလ်ပြု" (လက်ခံ) တော်မူသဖြင့် အသင့်ပေါ်သို့ အရှင်မြတ်၏ ကရုဏာ သက်တော်မူ မည်ဖြစ်သည်။ တစ်ဖန်(အများအားဖြင့်)၎င်းတို့သည်အလ္လာဟ် အရှင်မြတ် ထံမှမည်သူမည်ဝါအတွက် ဒိုအာပြုပါဟု အသိဝင်လာ တတ်၍ဒိုအာပြုကြ၏။ ထိုသို့ ဒိုအာပြုခြင်းသည် အလ္လာဟ်အရှင်မြတ်က ကရုဏာသက်တော်မူရန် အချိန်ကျရောက်လာပြီဟူသောလက္ခဏာ ဖြစ်သည်။

ဒုတိယအမျိုးမှာ အလွန်သိမ်မွေ့၏။ ထိုအချက်မှာ ၎င်းတို့နှင့် ရင်းနှီးမှုကြောင့် အသင်၏ အမလ်တွင် ဗရ်ကသ် ရှိလာသည်။ ထို့ကြောင့်အသင်သည်အတွင်းပိုင်းဆိုင်ရာ အဆင့်များကို တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှား၍ အလျှင်အမြန် အတွင်းပြုပြင် မှုရလာလေသည်။

(၁၂) ၎င်းတို့၏ နှလုံးသားသည် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော(ဟိဒါယသ်)၏နူးရ် (အလင်းရောင်) ဖြင့် လင်းဝင်းနေသဖြင့်၊ ၎င်းတို့အနားတွင်ထိုင်ခြင်းဖြင့်(ဟိဒါယသ်၏) အလင်းရောင်ကို ရရှိလေသည်။အဆိုပါ အလင်းရောင် ရရှိလာလျှင် (နှလုံးသား၏) အမှောင်ထုပပျောက်သွားလေသည်။ ထိုအလင်းရောင်ဖြင့် အရာရာတိုင်း၏ အခြေအနေအမှန် (ဇစ်မြစ်) ကိုသိလာ၍ သံသယကင်းရှင်းသွား တတ်သည်။

နှလုံးသားကြည်လင်သူတစ်ယောက်သည် သူတော်စင်များ အသိုက်အဝန်းတွင် မထိုင်လျှင်လည်း၊ သူတော်စင်တို့အား ကြည့်လိုက်ခြင်းအားဖြင့် (မိမိကိုယ်ကို ပြုပြင်လိုစိတ်ဝင်လာရန်)လုံလောက်သည်။ အကယ်၍ ဤသို့ နှလုံးသားကြည်လင်သူ မဟုတ်ပါက



This document was created using SmartPDF Creator
To remove this message purchase the product at www.SmartPDFCreator.com

သူတော်စင်များအသိုက်အဝန်းတွင်ရက်အနည်းငယ် ထိုင် ရန်လိုအပ်ပေမည်။

### သူတော်စင်များအသိုက်အဝန်း တွင်ထိုင်နည်း

သူတော်စင်များ အသိုက်အဝန်းတွင်ထိုင်လျှင် အချို့အရာများကို ရှောင်ရပေမည်။ ထိုအရာသည် အခြားမဟုတ်၊အဲ့ဟ်လိဒွန်ယာ(လောကကိုသာဦးစားပေးသူများ)၏ အသိုက်အဝန်းကို ရှောင်ရမည်။ လောကကို ဦးစားပေးသူများဆိုသည်မှာအလ္လာဟ်အရှင်မြတ်မှ လွဲ၍၊ အခြားအရာများအကြောင်းကို များများပြောဆိုသူများကို ဆိုလို၏။

တစ်ဖန်သူတော်စင်များ အသိုက်အဝန်းတွင် ထိုင်လျှင်၎င်းတို့နှင့်ပတ်သက်၍ စိတ်ထဲ၌ သံသယမရှိစေရ၊ ၎င်းတို့အား သူတော်စင်ဖြစ်ကြောင်း စိတ်ထဲ၌ အပြည့်အဝ ထောက်ခံမှု မရှိလျှင်လည်း ၎င်းတို့ပြောသော စကားများသည် မှန်ကန်သည်ဟူသော ထောက်ခံမှုမျိုးအနည်း ဆုံးရှိရမည်။

မည်သို့ပင်ဖြစ်စေ၊ ပြည့်စုံသော ဆရာသမားတစ်ဦးကို တွေ့၍ ဗိုင်အသ်ပြုလိုလျှင် ဗိုင်အသ်ပြု ပြီး အချိန်ပေးနိုင်လျှင် ၎င်း၏အသိုက်အဝန်းတွင်နေရမည်။ အချိန်မပေးနိုင်လျှင်ဆရာသမား ကိုအဝေးမှ စာဖြင့်ဆက်သွယ်၍၎င်း၏အဆုံးအမ အတိုင်း ကျင့်ကြံ ရမည်။ ပို၍ ကောင်းသည်မှာ ဗိုင်အသ်ပြုပြီး ရက်အတော်များများ ၎င်း၏ အသိုက်အဝန်းတွင် နေခွင့် ရ၍ နောက်ပိုင်းတွင်လည်း အခါ အား လျော်စွာနေခွင့် ရပါက "နူးရုန်း အလာနူးရ်" (ကောင်းချီးမင်္ဂလာ အတည့်)ဖြစ်ပေမည်။

အကယ်၍ အဲ့ဟ်လုလ္လာဟ် (သူတော်စင်)များ၏ အသိုက်အဝန်းတွင် နေထိုင်ခွင့်လုံးဝမရရှိသူသည် အနည်းဆုံး၎င်းတို့၏ မိန့်ခွန်းများကို အဆက်မပြတ်လေ့လာရမည်။ ဤသို့လေ့လာခြင်းအားဖြင့် ဘာသာရေးဗဟုသုတ တိုးမြင့်လာမည့်အပြင် ၎င်းတို့၏ အီမာန်နှင့်အမလ် (ကျင့်စဉ်)များသည် ကျွန်ုပ်တို့၏ နှလုံးသားအတွင်းသို့ စိမ့်ဝင်သွားမည်မှာ ဧကန်မလွဲပင်ဖြစ်ပေ တော့သည်။

**မော်လာနာဟာရွှန်ရ်လူလာသ်(မဟ်မူဒီ)**

အသင်သည် တစ်နေ့နေ့၌ သေဆုံး၍ သင်္ချိုင်းသို့သွားရမည်မှာ မုချပင်ဖြစ်သည်။ အသင်၏ ပတ်ဝန်းကျင်၌ လူတို့သေဆုံး၍ သွားနေသည်ကိုလည်း အသင်မြင်နေရ သည်။ ထို့ကြောင့်လက်မဲ့ (ကောင်းမှုကုသိုလ်မပါသော) အဖြစ်နှင့် ကဗရ် (မြေကြီးတွင်း) သို့ မသွားရစေရန် သတိပြုပါ။

*(အီမာမ်ဂဇာ လီသခင်)*

# السفر بالطائرة

ကမ္ဘာ့ဖိကဟ်ဓမ္မသတ်ပညာရှင်များအဖွဲ့ချုပ်၊ ဒု-ဥက္ကဋ္ဌ
ပါကစ္စတန်နိုင်ငံတရားသူကြီး မုဖ်သီသကီးအုဆ်မာနီသခင်၏

# ကမ္ဘာ့ခရီးသွားမှတ်တမ်း

(အမေရိကန်နိုင်ငံ)




မော်လာနာ ယအ်ကူးဗ်(မဟ်မူဒ်)
B.A, R.A (Final), R.L(1)

လွန်ခဲ့သည့်လက အမေရိကန်နိုင်ငံနှင့် ဥရောပသို့ ရှည်လျားသော ခရီးစဉ်တစ်ခု သွားရန် ရုတ်တရက်ကြုံကြိုက်ခဲ့၏၊ ခရီးစဉ်ဖြစ်ပေါ်လာရသည့် အကြောင်းရင်းကား ဤသို့တည်း-

အမေရိကန် နိုင်ငံရှိ အစ္စလာမ် ဘာသာဝင် မုစ်လင်မ်များသည် အသင်းအဖွဲ့အစည်း အကြီးအငယ် မြောက်မြားစွာ ဖွဲ့စည်း တည်ထောင်ထားကြသည်။ ယင်းအသင်းအဖွဲ့များအနက် **Federation Of Islamic Association (F.I.A)** ဟူသည့် အသင်းကြီး တစ်သင်းလည်း ပါဝင်၏။ ဤ အသင်းကြီးမှာ အမေရိကန်နိုင်ငံ၏ ပြည်နယ် အသီးသီးရှိ အသင်းငယ်တို့ကို စုစည်း၍ ဖွဲ့စည်း ထားသော ညီညွတ်ရေးအသင်းကြီး တစ်သင်း ဖြစ်၏။ ယင်း အသင်းကြီး၏ ဌာနချုပ်မှာ **New York** (နယူးယောက်) မြို့တွင် တည်ရှိ၏။ အဆိုပါ အသင်းကြီးသည် မိမိ၏ နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲကြီးအား တစ်နှစ်လျှင် တစ်နေရာ စီ ကျင်းပလေ့ရှိသည်။ ယခုနှစ်တွင် **Washington** (ဝါရှင်တန်) ပြည်နယ်၏ တောင်ဘက်မိုင် (၃၀၀) ခန့်ဝေးကွာသည့် **West Virginia** (အနောက်ဗာဂျီးနီးယား) ပြည်နယ်၏ မြို့တော် **Charleston** (ချားလ်စ်တန်မြို့) တွင် ကျင်းပခဲ့သည်။ ယခုနှစ်တွင် အဆိုပါ အသင်းကြီးသည် မိမိ၏ အသင်းဝင် အဖွဲ့အစည်းများအပြင် နိုင်ငံရပ်ခြားမှ ကိုယ်စားလှယ်တော်များကိုပါ ဖိတ်ခေါ်ခဲ့ရာ ကျွန်ုပ်တို့ ပါကစ္စတန်နိုင်ငံကိုပါ ထည့်သွင်း ဖိတ်ခေါ်ခဲ့ သည်။

ပါကစ္စတန်နိုင်ငံအစိုးရမှ ရှေ့နေကြီး ဂျနာဗ်အဗ် ဒုလ်ခါလိဒ် အိစ်ဟားက်ဆွာဟိဗ်၊ ဒေါက်တာသန်ဇီလုရ်ရဟ် မာန်ဆွာဟိဗ်နှင့် ကျွန်ုပ် (မုဖ်သီသကီး အုဆ်မာနီ)တို့ သုံးဦးအား ကိုယ်စားလှယ်အဖွဲ့အဖြစ် ဖွဲ့စည်းကာ စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ကျွန်ုပ်သည် ခရီးထွက်ရမည့် ကိစ္စကို ရုတ်တရက်ပင် ကြားသိလိုက်ရသည်။ ၂၀-၇-၁၉၉၉- ရက်နေ့တွင် **Chasleston** (ချားလ်စ်တန်) တွင် အစည်းအဝေး စတင်မည် ဖြစ်သဖြင့် ၁၄-၇-၁၉၉၉-နေ့တွင် သွားနိုင်ခြင်း ရှိ/မရှိ သေချာအောင် အတည်ပြုခဲ့သည်။ ဆိုလိုသည်မှာ ၁၈-၇-၁၉၉၉- ရက်နေ့တွင် မိမိနိုင်ငံမှ ထွက်ခွာရန် ဖြစ်သည်။ သုံးရက်အတွင်း ခရီးထွက်ရန် အစအဆုံး စီစဉ်ရန် ဖြစ်သည်။ **(F.I.A)** အသင်းကြီးမှ ဖိတ်စာ အရောက်နောက်ကျခဲ့သဖြင့် ယခုကဲ့သို့ ဖြစ်ရကြောင်း နောက်မှ သိရှိခဲ့ရ၏။

၁၈-၇-၁၉၉၉- ရက်နေ့ နံနက် (၂) နာရီတွင် **PIA** လေကြောင်းဖြင့် **New York** (နယူးယောက်) မြို့သို့ ခရီးစတင်ခဲ့၏။ ဤခရီးစဉ်သည် တိုက်ကြီးသုံးတိုက်အား ကျော်ဖြတ်ပျံသန်းရမည်ဖြစ်၍ (၂၄) နာရီကြာမှ အမေရိကန်နိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် **Dubai** (ဒူဘိုင်း) **Cario** (ကိုင်ရို)၊ **Frankfurth** (ဖရန့်ဖွတ်ရ်)၊ **Paris** (ပဲရစ်) မြို့များတွင် ခေတ္တ ခရီးတစ်ထောက် နားပြီး သွားခဲ့ရသည်။ ကရာချိမြို့မှ နံနက် (၂) နာရီတွင် ထွက်ခွာခဲ့ပြီး ညဟူ၍ သုံးနာရီသာ ဆုံဆည်းခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နေရောင်ခြည်အောက်၌ (၂၃) နာရီ ဆက်တိုက် လေယာဉ် စီးခဲ့ရသည်။ လေယာဉ်မှာ နေနှင့်အတူ ပျံသန်းနေရခြင်းကြောင့် (၂၃) နာရီလုံးလုံး နေ့အချိန်နှင့်သာ ကြုံတွေ့နေရခြင်းဖြစ်သည်။ ကရာချိမြို့ စံတော်ချိန် ၁၈-၇-၁၉၉၉-နေ့၊ ည (၉) နာရီတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ ရောက်ရှိခဲ့သည်။



ပြင်သစ် စံတော်ချိန်မှာ ညနေ (၅) နာရီသာ ရှိသေးသည်။ ပြင်သစ်လေဆိပ်၌ ခေတ္တ ရပ်နားစဉ် ထောင့်တစ်ထောင့်သို့ သွား၍ အဆွရ် နမားဇ် ဖတ်လိုက်သည်။ ခရီးစဉ် ပြန်လည် စတင် ပြီးနောက် အတ္တလန္တိတ် သမုဒ္ဒရာကြီးအား (၆) နာရီခန့် ဆက်တိုက် ကျော်ဖြတ်ပျံသန်းခဲ့ပြီး (၇) နာရီမြောက် အချိန်တွင် အမေရိကန်နိုင်ငံ New York (နယူးယောက်) မြို့သို့ ရောက်သည် အထိ နေမဝင်သေးချေ။ New York သို့ ရောက်ရှိသော အချိန်မှာ ကရာချိ စံတော်ချိန်အရ ၁၉-၇-၁၉၉၉– နံနက် (၅) နာရီ ဖြစ်၏။ နယူးယောက်မှာ ၁၈-၇-၁၉၉၉– ရက်နေ့ ညနေ (၇) နာရီသာ ရှိသေးသည်။ (၈) နာရီကျော်မှ နေဝင်မည် ဖြစ်၍၊ အဆွရ်အချိန် မကုန်သေးချေ။ လေဆိပ်၌ အမေရိကန်နိုင်ငံဆိုင်ရာ ပါကစ္စတန် ဒုတိယကောင်စစ်ဝန်က ကျွန်ုပ်တို့အား စောင့်ကြိုလျက်ရှိသည်။ အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် လေဆိပ်၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များ ချောမောစွာ ပြီးမြောက်ခဲ့သည်။

ထိုညတွင် နယူးယောက်မြို့ရှိ ဟော်တယ်၌ တည်းခိုခဲ့ကြသည်။ နောက်နေ့ နံနက် (၁၁) နာရီတွင် Charleston (ချာလ်စ်တန်) မြို့သို့ ထွက်ခွာလာခဲ့ကြပြီး (၁) နာရီတွင် ရောက်ရှိသွားသည်။

Charleston (ချားလ်စ်တန်) မြို့သည် West Virginia (အနောက်ဗာဂျီးနီးယားပြည်နယ်၏) မြို့တော် ဖြစ်သည်။ စိမ်းလန်းစိုပြေသည့် တောတောင်များကြားတွင် တည်ရှိသည့် မြို့တော်ဖြစ်၏။ ကျွန်ုပ်တို့သည် Kanawha မြစ်ကမ်းဘေးတွင် တည်ဆောက် ထားသည့် Holiday Inn' တွင် တည်းခိုကြရသည်။ ယင်းတည်းခိုဆောင်၏ ခန်းမကြီးတွင် နှီးနှော ဖလှယ်ပွဲကြီး ကျင်းပရန် စီစဉ်ထားသည်။

## "အမေရိကန်နိုင်ငံရှိ လေးမျိုးသော မုစ်လင်မ်များ"

အမေရိကန်နိုင်ငံတွင် လေးမျိုး လေးစားသော မုစ်လင်မ်များ နေထိုင်ကြသည်။ ***ပထမအမျိုးအစားမှာ*** ဇာတိချက်မြှုပ်အားဖြင့် တိုင်းတစ်ပါးသား မုစ်လင်မ်များ ဖြစ်သော်လည်း အလုပ်လုပ်ရန် လည်းကောင်း၊ စီးပွားရှာရန် လည်းကောင်း၊ ပညာဆည်းပူးရန် လည်းကောင်း၊ ရောက်ရှိလာပြီး အမေရိကန်နိုင်ငံတွင် အမြဲတမ်း အခြေချ နေထိုင်တော့သည့်သူများ၊ ***ဒုတိယအမျိုးအစားမှာ*** မိဘများက အကြောင်းမျိုးစုံဖြင့် တိုင်းတစ်ပါးမှ အမေရိကန်သို့ ရောက်ရှိလာကြပြီး သားသမီးများ ထွန်းကား၍ အတည်တကျ နေထိုင်ကာ အမေရိကန် ယဉ်ကျေးမှုတွင်



နှစ်မျှောနေပြီး မိမိကိုယ်ကို မုစ်လင်မ်ဟု ခေါ်နေကြသူများ၊ **တတိယ အမျိုး အစားမှာ** အမေရိကန်နိုင်ငံသား အသားမဲ ကပ္ပလီလူမျိုး မုစ်လင်မ်များ ဖြစ်ကြသည်။ ၎င်းတို့အနက် အများစုမှာ "အလီဂျာဟ်" ဆိုသူ၏ တပည့် နောက်လိုက်များ ဖြစ်ကြ၏။ အကီဒဟ် ယုံကြည်ချက်အားဖြင့် မမှန်ကန်ကြ၍ မုစ်လင်မ်များ မဟုတ်ကြချေ။ အချို့မှာ မုစ်လင်မ်အသင်း အဖွဲ့အစည်းများနှင့် ထိတွေ့ကာ အစ္စလာမ်ကို သဘောပေါက် နားလည်ခွင့်ရ၍ အစ္စလာမ် လက်ခံထားကြသူများ ဖြစ်ပြီး၊ အချို့မှာ မူလက "အလီဂျာဟ်" ၏ နောက်လိုက် များ ဖြစ်ပြီး၊ နောက်ပိုင်းတွင် မုစ်လင်မ်.များနှင့် ထိတွေ့ကာ၊ အမှန်တရားကို မြင်တွေ့ပြီး၊ စစ်မှန် သော အစ္စလာမ်ကို လက်ခံလာကြသူများ ဖြစ်ကြသည်။ ထိုအသားမဲ ကပ္ပလီမုစ်လင်မ်တို့ကို "ဘီလာလီမုစ်လင်မ်" (ဟဇ်ရသ်ဘီလာလ် သခင်၏ မျိုးနွယ်ဝင်မုစ်လင်မ်)များဟုခေါ်ဆိုကြသည် **စတုတ္ထ အမျိုးအစားမှာ** အသားဖြူ ဥရောပသား မုစ်လင်မ်အသစ်များဖြစ်ကြသည်။ ထိုသူတို့သည် မုစ်လင်မ်အသင်းအဖွဲ့ အသီးသီးတို့၏ ကြိုးပမ်းမှုကြောင့် အစ္စလာမ်ကို လက်ခံလာကြသူများ ဖြစ်သည်။

**(F.I.A)** အသင်းကြီး (ယခု နိုးနှော ဖလှယ်ပွဲကြီးအား ကမကထပြု ကျင်းပသော အဖွဲ့ကြီး)မှာ ယင်းအမျိုးအစား လေးမျိုးလုံး ပါဝင်သော လူမျိုးစုအသင်းကြီး ဖြစ်သည်။ အရေအတွက်အားဖြင့် ပထမနှင့် ဒုတိယ အမျိုးအစားမှ ပုဂ္ဂိုလ်မျိုး များပြားပြီး တတိယနှင့် စတုတ္ထ အမျိုးအစား ပုဂ္ဂိုလ်များ နည်းပါးသည်။ ဤအသင်းကြီး၏ အသင်းဝင်များ၊ ထောက်ပံ့သူများ၊ စိတ်ဝင်စားသူများမှာ အာရပ်မုစ်လင်မ် အချို့နှင့် အမေရိကန်နိုင်ငံသား မုစ်လင်မ်များ ဖြစ်ကြသည်။

ဤ **F. I. A** အဖွဲ့အစည်းသည် အမေရိကန်နိုင်ငံရှိ အခြား အခြားသော အဖွဲ့အစည်းများနှင့်လည်း ဆက်နွယ်လျက်ရှိ၏။ ယခု ကျင်းပသည့် နိုးနှောဖလှယ်ပွဲတွင် အဆိုပါ အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ခေါ်ခဲ့ပါသည်။ ထို့အပြင် **Saudi Arabia** (ဆော်ဒီ အာရေးဗီးယား)၊ **Egypt** (အီဂျစ်)၊ **Syria** (ဆီးရီးယား)၊ **Jordan** (ဂျော်ဒန်) **Lebanon** (လက်ဘနွန်)နှင့် **Pakistan** (ပါကစ္စတန်) နိုင်ငံများမှ ကိုယ်စားလှယ်တော်များကိုလည်း ဖိတ်ခေါ်ခဲ့သည်။

## နိုးနှောဖလှယ်ပွဲကြီး ကျင်းပခြင်း

နိုးနှောဖလှယ်ပွဲ ကျင်းပခြင်း၏ အဓိက ရည်ရွယ်ချက် မှာ အမေရိကန်နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အသီးသီးမှ ဤ F. I. A အဖွဲ့ကြီးအား စိတ်ဝင်စားကြသူများအတွက် လူမှုရေး စုစည်းမှု



တစ်ရပ် ဖန်တီးခြင်းသာဖြစ်သည်။ အစည်းအဝေး တက်ရောက်လာကြသူများသည် တစ်ယောက်နှင့် တစ်ယောက် တရင်းတနှီး သိကျွမ်းကာ တစ်ယောက်နှင့် တစ်ယောက် နားလည်မှုရှိလာပြီး တစ်ယောက် အခက်အခဲ တစ်ယောက်ကြားသိ ဖြေရှင်းပေးနိုင်ရန် ဖြစ်သည်။ ဤစုစည်းမှုကို အကြောင်းပြု၍ ရရှိလိုက်သည့် အချိန်ကို အခွင့်အရေးယူကာ တစ်ဦးနှင့်တစ်ဦး နီးစပ်လာအောင် ပြုလုပ်ပေးခြင်းလည်း ဖြစ်သည်။ ကျွန်ုပ်သည် နှီးနှောဖလှယ်ပွဲကြီး ကျင်းပသည့် ဤရည်ရွယ်ချက်အား နှီးနှောဖလှယ်ပွဲ ကျင်းပမည့်နေရာသို့ ရောက်မှသိခဲ့ရ၏။

နှီးနှော ဖလှယ်ပွဲကြီးနှင့် တစ်ဆက်တည်း "အမေရိကန်နိုင်ငံတွင် အစ္စလာမ်သာသနာ" ဟူသော ခေါင်းစဉ်ဖြင့်၊ စာတမ်းဖတ်နှီးနှောဖလှယ် ဆွေးနွေးပွဲလေး တစ်ခုကိုပါ ကြားညှပ်ပြီး ကျင်းပရန် ထည့်သွင်းထား၏။ ဤစာတမ်းဖတ်ပွဲအတွက် ကျွန်ုပ်တို့အား ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် စာတမ်းဖတ်ရန်အတွက် စာတမ်းတစ်ရပ် ရေးသားပြုစုနိုင်လောက်အောင် သုတေသနပြုချိန် မရ၍ မရေးနိုင်ခဲ့ချေ။

တစ်ဖန် ယင်းစင်မြင့်သည် သုတေသနပြုပြီး စာတမ်းဖတ်ရမည့် စင်မြင့်မျိုး မဟုတ်ကြောင်း သိရှိ ရပြန်သည်။ ထို့ကြောင့်ပင် ပါကစ္စတန်နိုင်ငံမှာ နေစဉ်က သိရှိထားသည့် အမေရိကန် မုစ်လင်မ်များအကြောင်းနှင့် ယခု ဤနှစ်ရက် သုံးရက်အတွင်း ထိတွေ့ခဲ့ရသည့် အခြေအနေအပေါ် မူတည်၍ ယင်းစင်မြင့်နှင့် လိုက်ဖက်ညီသည့်စကားများကို **Charleston** (ချားလ်စ်တန်) မြို့၌ပင်၊ ရေးသားပြုစုလိုက်၏။ အစည်းအဝေး ကျင်းပသည့် နောက်နေ့ နံနက်ပိုင်း အစီအစဉ်၏ နောက်ဆုံး အစီအစဉ်တွင် ကျွန်ုပ်စာတမ်း ဖတ်ပြခွင့် ရခဲ့သည်။ အစည်းအဝေး တက်ရောက် လာကြ သူများမှာ အင်္ဂလိပ်စကား ပြော သူများ ဖြစ်ကြသဖြင့်၊ စာတမ်းကို အင်္ဂလိပ်လိုပင် ပြုစု တင်ပြလိုက်ရပါသည်။ (ယင်းစာတမ်းပါ အရေးကြီးသည့် အချက်အလက်များကိုသာ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသား တင်ပြပါမည်။)

အစဉ်အလာအရ တင်ပြရသည့် စကားများ ပြောဆိုတင်ပြပြီး၊ ကျွန်ုပ်ဆက်လက်တင်ပြခဲ့သည်မှာ -

ဤ **F.I.A** အစည်း အဝေးကြီး၏ ဖိတ်ကြားစာကို နောက်ကျမှ ရရှိခဲ့ရ၍ မည်သည့် သုတေသနပြု စာတမ်းမျှ ရေးသားချိန်မရသဖြင့် ဝမ်းနည်း မိပါသည်။ သို့သော်လည်း ယခု ဆွေးနွေးနေသည့် ခေါင်းစဉ်နှင့် ပတ်သက်၍ ယေဘူယျ သဘောဆောင်သည့် အချက်များ



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

**မုစ်လင်မ်တစ်ဦးသည် အစ္စလာမ်သာသနာနှင့် ပတ်သက်၍ တင်ပြပို့ချရေး တာဝန်ကို မိမိကိုယ်တိုင်က တိကျမှန်ကန်သော မုစ်လင်မ် တစ်ဦးအဖြစ် ပုံစံမပြသနိုင်သရွေ့ ယင်းတာဝန်ကို ထမ်းဆောင်ရန် မလွယ်ကူပါ။**

အား လူကြီးမင်းများမှ တစ်ဆင့် အမေရိကန်ရှိ မုစ်လင်မ်ထု တစ်ရပ်လုံးထံသို့ လက်ဆင့်ကမ်းပေးပို့စေချင်ပါသည်။

ပါကစ္စတန်နိုင်ငံရှိ မုစ်လင်မ် ညီနောင်များမှာ မြေပထဝီအားဖြင့် အမေရိကန်တွင် နေထိုင်ကြသူများနှင့် ဝေးလံကြသော်လည်း၊ ပါကစ္စတန်ရှိ မုစ်လင်မ်များအနေဖြင့် အစ္စလာမ်နှင့် မုစ်လင်မ်များ၏ အခက်အခဲနှင့် ပတ်သက်လာလျှင် စိတ်ဝင်စားမှု အပြည့်အဝ ရှိစမြဲပါ။ မြေပထဝီ၏ မည်သည့် အစိတ်အပိုင်းရှိ မုစ်လင်မ် ဖြစ်ပါစေ၊ ပါကစ္စတန်နိုင်ငံရှိ မုစ်လင်မ်များ၏ စိတ်နှလုံးဝယ် အမြဲပင် တမ်းတတုန်လှုပ်လျက် ရှိပါသည်။ လူကြီးမင်းများ၏ တိုက်ကြီး (အမေရိကတိုက်)တွင် နေထိုင်ကြသော မုစ်လင်မ်များ ကြုံတွေ့နေကြရသည့် အခက်အခဲ ပေါင်းစုံကိုလည်း ယေဘူယျအားဖြင့် ကြားသိထားပြီး ဖြစ်ပါသည်။

အမေရိကန်နိုင်ငံတွင် အစ္စလာမ် ဟူသော အကြောင်းအရာကို နှစ်မျိုး နှစ်စား သုံးသပ်ရပါလိမ့်မည်။

ပထမမှာ- အစ္စလာမ်ကို နားမလည်သဘောမပေါက်ကြသေးသူများထံ အစ္စလာမ်ကို နားလည် သဘောပေါက်လာအောင် တင်ပြဆွေးနွေးရန်ဖြစ်ပြီး ဒုတိယမှာ မုစ်လင်မ်များကို စစ်မှန်ပီသသော မုစ်လင်မ်များအဖြစ် ဖန်တီးရန်နှင့် မုစ်လင်မ် တစ်ဦးသည် မိမိ၏ သာသနာဝင် အုပ်စုများ အချင်းချင်းတို့တွင် သာသနာ၏ တန်ဖိုးနှင့် သာသနာအပေါ် အလေးထားမှုများကို မည်သို့ မည်ပုံ တည်တံ့ခိုင်မြဲရှင်သန်စွာ ထားနိုင်မည်နည်း ဟူသောအချက်ကို တင်ပြဆွေးနွေးရန် ဖြစ်သည်။ အထက်ပါ အချက်နှစ်ချက်သည် တစ်ခုနှင့် တစ်ခု ဆက်နွယ်လျက် ရှိသော အချက်များ ဖြစ်ကြသည်။ တစ်ခုကို တစ်ခုမှ ဖယ်ရှား၍ မရနိုင်ပါ။ သို့ဖြစ်၍ မုစ်လင်မ် တစ်ဦးသည် အစ္စလာမ်သာသနာနှင့် ပတ်သက်၍ တင်ပြပို့ချရေး တာဝန်ကို မိမိကိုယ်တိုင်က တိကျမှန်ကန်သော မုစ်လင်မ် တစ်ဦးအဖြစ် ပုံစံမပြသနိုင်သရွေ့ ယင်းတာဝန်ကို ထမ်းဆောင်ရန် မလွယ်ကူပါ။

အနောက် နိုင်ငံများရှိ အစ္စလာမ်ကို သဘော မပေါက်သူများ ရှေ့မှောက်တွင် အစ္စလာမ်ကို နားလည်သဘောပေါက်အောင် တင်ပြဆွေးနွေးရန် ဤအချိန်ကာလသည် အသင့်တော်ဆုံးဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့် ရာစုနှစ်များစွာကတည်းက အနောက်တိုင်းသားများသည် မြောက်မြားစွာသော စနစ် များကို လက်တွေ့ စမ်းသပ်ပြီးဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ကိုးကွယ်ဆည်းကပ်မှုမှ စ၍ ဖန်ဆင်းရှင်ကိုပါ ငြင်းပယ်လိုက်သည်အထိ တွေးခေါ်၍ ရလေသမျှသော စနစ်များကို မိမိတို့ဘဝအတွက် သုသေသနပြု လက်တွေ့



This document was created using Smart PDF Creator
To remove this message, purchase the product at www.SmartPDFCreator.com

**ရုပ်ပိုင်းဆိုင်ရာ တွေ့ရှိချက်များကို ကျော်လွန်ပြီး တစ်ဖက်ကမ်းဆီသို့ မြင်နိုင်စွမ်း၊ ကြည့်နိုင်စွမ်းမရှိသော ၎င်းတို့၏ ဘဝ သက်တမ်းတွင် ယင်းဝေါ်မှတ်မှုအား ကုစားမှု လုံးဝမရနိုင်ပါ။**

ကျင့်သုံးပြီး ဖြစ်ပါသည်။ မည်သည့် စနစ်ဝါဒကမျှ ၎င်းတို့ လိုအပ်သည့် ပန်းတိုင်သို့ မပို့ပေးနိုင်ခဲ့ပါ။ ၎င်းတို့၏ ရှေးကျသော သာသနာသည်ပင်လျှင် ၎င်းတို့၏ သိပ္ပံနည်းကျ တိုးတက်မှု မှန်သမျှကို ဟန့်တားခဲ့ပါသည်။

၎င်းတို့က မိမိတို့၏ ကိုးကွယ်ရာ သာသနာကို စွန့်လွှတ်ကာ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို လက်တွေ့ ကျင့်သုံးလာယင်း ရုပ်ပိုင်းဆိုင်ရာ ဘက်စုံ အောင်မြင်မှုကို ရရှိခဲ့သော်လည်း နှလုံးသားပိုင်းဆိုင်ရာ ဝိညာဉ်၏ ပျော်ရွှင်ချမ်းမြေ့မှုမှ လက်မဲ့ဖြစ်ခဲ့ရသည်။ ၎င်းတို့သည် လကမ္ဘာနှင့် ဂြိုဟ်တို့တွင် အလံတိုင် စိုက်ထူနိုင်ခဲ့လင့်ကစား မိမိတို့၏ ဝိညာဉ်တွင် အာသာမပြေသည့် ဝေ်မွတ်မှု တစ်မျိုးကို ခံစားနေကြရပါသည်။ ရုပ်ပိုင်းဆိုင်ရာ တွေ့ရှိချက်များကို ကျော်လွန်ပြီး တစ်ဖက်ကမ်းဆီသို့ မြင်နိုင်စွမ်း၊ ကြည့်နိုင်စွမ်းမရှိသော ၎င်းတို့၏ ဘဝသက်တမ်းတွင် ယင်းဝေ်မွတ်မှုအား ကုစားမှု လုံးဝမရနိုင်ပါ။

ဤအတွက်ကြောင့်၊ ထို ဝိညာဉ်ပိုင်းဆိုင်ရာ ဝေ်မွတ် နေသူတို့အား "ဆွဲရာသွလ်မုစ်သကီးမ်" ဖြောင့်မတ် မှန်ကန်သော လမ်းကို ပြသရန် ယခုအချိန်ကာလသည် အသင့်တော်ဆုံးနှင့် အမွန်မြတ်ဆုံးသော အချိန်ဖြစ်သည်ဟု ကျွန်တော်ထင်မြင်ပါသည်။

၎င်းတို့အား ရုပ်ပိုင်းဆိုင်ရာ အောင်မြင်တိုးတက်မှုနှင့်တကွ ဝိညာဉ်ပိုင်းဆိုင်ရာ ငြိမ်းအေးချမ်းသာသည့် ဘဝသက်တမ်း တစ်ခုကို အစ္စလာမ်လူနေမှု စနစ်ကသာလျှင် ပေးအပ်နိုင်မည် ဖြစ်ပါသည်။

အရှေ့နှင့် အနောက်နိုင်ငံများအကြား အတွေးအခေါ် လွန်ဆွဲမှုများ ရှိနေသည်။ ယင်းတို့၏ ကွဲလွဲနေသော ကိစ္စရပ်များအား ကုစားနိုင်သော နည်းလမ်းမရှိသည်လည်း မဟုတ်၊ ရှိသည်။ ထို နည်းလမ်းမှာ တစ်ခုတည်းသော နည်းလမ်း ဖြစ်ပြီး တစ်ဘက်၏ထူးခြားချက်နှင့် ထွတ်မြတ်မှုများကိုအခြားတစ်ဘက်မှ သင်ယူလိုသည့် စိတ်ဓာတ်များ မွေးမြူရန်ပင် ဖြစ်ပါသည်။ သို့မှသာ အုပ်စုနှစ်စုအကြား အကောင်းဆုံးသောနည်းလမ်း ပေါ်ထွက်လာနိုင်မည် ဖြစ်သည်။

အနောက်နိုင်ငံများသည် ရုပ်ပိုင်း ဆိုင်ရာ တိုးတက်မှုများတွင် တစ်ဘက်ကမ်းခပ် အမြင့်ဆုံး အဆင့်သို့ ရောက်ရှိနေပြီး အရှေ့နိုင်ငံများသည် ရုပ်ပိုင်းဆိုင်ရာကဏ္ဍတွင် အနောက်နိုင်ငံများထံမှ အမြောက်အမြား သင်ယူစရာများ ရှိနေပါသည်။

ထို့အတူ အနောက်နိုင်ငံသားများသည် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှု အထွတ်အထိပ်သို့ ရောက်ရှိနေသော်လည်း ဝိညာဉ်ပိုင်းဆိုင်ရာ

**အချင်းချင်း တိုက်ခိုက်နေမှုများ၊ မငြိမ်သက်မှုများ၊ မိုက်မှားမှုများ၊ ဆင်းရဲ မွဲတေမှုများနှင့် စာရိတ္တ ပျက်ပြားချို့ယွင်းမှုများ၏ [illegible] ယနေ့လူသားများ ရှိုက်ကြီးတငင် ငိုကြွေးလျက် [illegible] ပါသည်။**

ကြီးပမ်း အားထုတ်မှုတွင်မူ ဗလာနတ္ထိ သုည အထိ ရောက်ရှိနေသည်။ ထိုသူတို့အနေဖြင့် စိတ်၏ ငြိမ်းအေးချမ်းသာမှုကို ပေးနိုင်စွမ်း ရှိသော ဝိညာဉ်ပိုင်းဆိုင်ရာ လမ်းညွှန်မှုတစ်ရပ် ကို အရေးတကြီး လိုအပ်နေပါသည်။ တစ်ဖန် မငြင်းနိုင်သည့် အမှန်တရားတစ်ခုမှာ အနောက် နိုင်ငံသားများအား စိတ်ငြိမ်းအေး ချမ်းသာ စေသည့် လမ်းညွှန်မှုများကို အစ္စလာမ်ကသာ လျှင် ညွှန်ပြပေးနိုင်မည် ဖြစ်ပါသည်။

ယခုကဲ့သို့ အရှေ့နှင့် အနောက် နှစ်ပိုင်း ကွဲနေသည့် အခြေအနေ၌ အကယ်၍ အရှေ့ နိုင်ငံများသည် အနောက်နိုင်ငံများရှိ ရုပ်ပိုင်း ဆိုင်ရာ အတွေ့အကြုံများ၊ ဗဟုသုတများအား အကျိုးခံစားရယူပြီး အနောက်နိုင်ငံများသည် လည်း အရှေ့နိုင်ငံများရှိ ဝိညာဉ်ပိုင်းဆိုင်ရာ အတွေ့ အကြုံများနှင့် လမ်းညွှန်မှုတို့အား အကျိုးခံစား ရယူကြမည်ဆိုလျှင် ကမ္ဘာကြီး တစ်ခုလုံးရှိ အရှေ့နှင့် အနောက် နှစ်ခြမ်းကွဲနေ သည့် နေရာဒေသရှိ လူသားတိုင်း အတွက် အကျိုးထူး ရစေရန်အလို့ငှာ အပြုသဘော ဆောင်သည့် အကြံဉာဏ်များ၊ ဗဟုသုတများကို ရုပ်လုံးဖော် ပေးနိုင်မည်ဟု ကျွန်တော် ယုံကြည် ပါသည်။ အချင်းချင်း တိုက်ခိုက်နေမှုများ၊ မငြိမ် သက်မှုများ၊ မိုက်မှားမှုများ၊ ဆင်းရဲ မွဲတေမှု များနှင့် စာရိတ္တ ပျက်ပြားချို့ယွင်းမှုများ၏ မီးပုံ ကြီးထဲတွင် ယနေ့လူသားများ ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိနေကြပါသည်။

အမေရိကန်နိုင်ငံတွင် နေထိုင်လျက် ရှိကြသော အစ္စလာမ်ဘာသာဝင် မုစ်လင်မ်များ အပေါ် တာဝန်ရှိသည်မှာ၊ အစ္စလာမ်၏ ဤ သတင်းကောင်း (အနောက်နိုင်ငံသားများအား အစ္စလာမ်ကို တင်ပြ ဖိတ်ခေါ်ရန် အချိန်ကျပြီ ဟူသည့် သတင်းကောင်း) ကို မိမိတို့နှင့် အတူ နေ အတူစား နိုင်ငံသားများထံသို့ လက်ဆင့် ကမ်း ပို့ပေးရန်ပင် ဖြစ်ပါသည်။ ဤ သောက အား လူတိုင်း ပိုက်ထွေးလာအောင် အစဉ်ကြိုး ပမ်း နေရပါမည်။ ဤဖိတ်ခေါ်မှုလုပ်ငန်းသည် အဖွဲ့အစည်း တစ်ခုခု၊ အုပ်စု တစ်ခုခု၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဟူသည့် အထူးပြုသူတို့၏ သီးသန့်လုပ်ငန်း တာဝန်မဟုတ်ပါ။ မုစ်လင်မ် တိုင်း၏ တာဝန်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ မည်သည့် အစိတ်အပိုင်းမှာ နေထိုင်သူဖြစ်ပါ ပါစေ တာဝန်ရှိပါသည်။

သို့သော် အထူးသတိပြု ရမည့်အချက် မှာ ဤထူးမြတ်လှသော ဖိတ်ခေါ်မှု လုပ်ငန်း မွန်ကို အကောင်အထည်ဖော်နေသူ မုစ်လင်မ် များသည် မိမိကိုယ်တိုင် စစ်မှန်သည့် မုစ်လင်မ်၊ တည်ကြည်ပြီး လက်တွေ့ကျသည့် မုစ်လင်မ် မဖြစ်သရွေ့ ကာလပတ်လုံး အကျိုးသက်ရောက် အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အပြော



This document is created using the unregistered version of Soft Creator. To remove this message, purchase the product at www.SoftCreator.com

**အပြောသမားသက်သက်၊ မွေးရာပါ မုစ်လင်မ်၊ လက်တွေ့ ဘဝတွင် အစ္စလာမ်၏ ရောင်ခြည် ထင်ဟပ်မှု မရှိသောသူများ ဤဖိတ်ခေါ်မှု လုပ်ငန်းမွန်ကို ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် တိုးတက်ပြောင်းလဲမှု ဖြစ်ထွန်းလာနိုင်စရာ မရှိပါ။**

သမားသက်သက်၊ မွေးရာပါ မုစ်လင်မ်၊ လက်တွေ့ ဘဝတွင် အစ္စလာမ်၏ ရောင်ခြည် ထင်ဟပ်မှု မရှိသောသူများ ဤဖိတ်ခေါ်မှု လုပ်ငန်းမွန်ကို ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် တိုးတက်ပြောင်းလဲမှု ဖြစ်ထွန်းလာနိုင်စရာ မရှိပါ။ အစ္စလာမ့် လူနေမှုစနစ်ကို တင်ပြနိုင်ရန် အတွက် အထိရောက်ဆုံး နည်းလမ်းမှာ မိမိကိုယ်တိုင် အစ္စလာမ်အပေါ် လက်တွေ့ ကျင့်သုံးပြသခြင်းပင်ဖြစ်သည်။

(ကျွန်ုပ်၏ ဆွေးနွေးမှု များသည် "အမေရိကန်နိုင်ငံတွင် အစ္စလာမ်သာသနာ" ဟူသော ခေါင်းစဉ်မှ "မုစ်လင်မ်များ ကိုယ်တိုင် မုစ်လင်မ်ဖြစ်ရေး"သို့ ဦးတည်လာပါသည်)

အထက်၌ တင်ပြခဲ့သည့် အတိုင်း၊ အမေရိကန်နိုင်ငံ၌ အတည်တကျ နေထိုင်ကြသူ မုစ်လင်မ်များ အပေါ် တာဝန်ကြီးတစ်ရပ်အဖြစ် တည်ရှိသည့် ဤဖိတ်ခေါ်မှုတာဝန်ကို ထမ်းဆောင်နိုင်ရန်မှာ မိမိတို့ ကိုယ်တိုင်က မိမိတို့၏ သာသနာနှင့် တစ်မျိုးသားလုံး၏ ဂုဏ်သိက္ခာကိုလေးစားပါမှ၊ ထိန်းသိမ်း စောင့်ရှောက် အကာအကွယ်ပေးနိုင်ပါမှ၊ ထိထိရောက်ရောက်၊ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံတွင် နေထိုင်ပြီး ကိုယ်တိုင်က အခြားသော အမေရိကန်များနှင့် ခွဲခြား၍ မရလောက်အောင် နေမှု၊ ထိုင်မှု၊ စားသောက်မှု ၊ တူညီနေသူများ ဤဖိတ်ခေါ်မှု တာဝန် ထမ်းဆောင်ပါက တင်ပြချက် မှန်သမျှသည် လုံးထွေးနေသည့် (အဓိပ္ပာယ်မဲ့သည့်) ဖိတ်ခေါ် မှုသာ ဖြစ်မည်ဖြစ်ပြီး အပြင်ပန်းလူ့အဖွဲ့အစည်းတွင်လည်း မည်သည့် အကောင်အထည် ဖော်မှုကိုမျှ သက်သေ ထူပြနိုင်မည် မဟုတ်ကြောင်း တင်ပြလိုက်ရပါသည်။

**မော်လာ ရာ ယအ်ကူးဗ်(မဟ်မူဒီ)**
**B.A, R.A (Final), R.L(1)**

**မည်သူ့ထံတွင်မျှ မည်သည့် အရာကိုမဆို လိုလားစိတ် မထားလေနှင့်၊ ဤသည်လူ့လောက၌ ဂုဏ်သိက္ခာရှိခြင်း၏ အဓိကအချက်ပင် ဖြစ်သည်။**

***(မော်လာနာ ရဂ္ဂိုးဒ် အဟ်မဒ်ဂန်ဂူဟီသခင်)***

ဆွဟာဗဟ်သာဝကြီးများ၏

ဗိဒ်အသ်လုပ်ငန်းများအား

# ရှုရှာမှုနှိုးတိုးပုံများ

**မော်လာနာ ယူနုစ်တတ်စ်—သာပေါင်း(မဟ်မူဒ်)**

တမန်တော်မြတ် ﷺ ဤသို့ မိန့်တော်မူခဲ့သည်။ ငါတမန်တော် ကွယ်လွန်ပြီးသည့် နောက်ပိုင်း တွင် မြောက်မြားစွာ သော ကွဲလွဲမှုများဖြစ်ပေါ်လာမည်။ ထို အချိန်ကာလသည် အသင်တို့ အတွက် အလွန်အရေးကြီး၏။ ထို အချိန်၌ အသင်တို့သည် ငါတမန်တော်၏ စွန္နသ်နည်း လမ်းနှင့် ခလီဖဟ်ကြီး (၄) ပါး၏ နည်းလမ်းအား ခိုင်ခန့်စွာ ဆုပ်ကိုင်ထားကြ၊ အသစ်တီထွင် သောစကားရပ်များ (လုပ်ရပ်များ) မှ ရှောင်ကြဉ်ကြ၊ အသစ်တီထွင် သူများ (ဗိဒ်အသီများ) နှင့်ဝေးစွာ ရှောင်ရှား၍ နေထိုင်ကြ၊ သာသနာ၌ အသစ်တီထွင်သော လုပ် ငန်းတိုင်းသည် ဗိဒ်အသ်ဖြစ်၍ ဗိဒ်အသ်တိုင်း သည် လမ်းမှား ဖြစ် ၏။ **(မိရ်ကားသ်ကျမ်း)**

ဟာဖိရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ်(ရသွိ) သခင်ဆင့်ပြန် တော်မူခဲ့သည်။

ခေတ်ကာလ တစ်ခု ဤသို့ ဆိုက်ရောက်လာမည်။ ထို ခေတ်ကာလ၌ လူတို့သည် တမန်တော်မြတ် ﷺ ၏ စွန္နသ်နည်း လမ်းများအား မေ့လျော့ပျောက်ကွယ်အောင် ပြုလုပ်ကြပြီး ဗိဒ်အသ်(ရှရီအသ်တရားတော်၌ အထောက်အထားမရှိသော လုပ်ငန်း (ဝါ) တမန်တော်မြတ်၏ နည်း

ဆွဟာဗဟ်သာဝကြီးများ၏

# ရှုရာမှုနိုးတိုးပိုများ

မော်လာ နာ ယူနွတ်စ်—သာ ပေါင်း(မဟ်မူဒ်)

တမန်တော်မြတ် ﷺ ဤသို့ မိန့်တော်မူခဲ့သည်။ ငါတမန်တော် ကွယ်လွန်ပြီးသည့် နောက်ပိုင်း တွင် မြောက်မြားစွာ သော ကွဲလွဲမှုများဖြစ်ပေါ်လာမည်။ ထို အချိန်ကာလသည် အသင်တို့ အတွက် အလွန်အရေးကြီး၏။ ထို အချိန်၌ အသင်တို့သည် ငါတမန်တော်၏ စွန္နသ်နည်း လမ်းနှင့် ခလီဖဟ်ကြီး (၄) ပါး၏ နည်းလမ်းအား ခိုင်ခန့်စွာ ဆုပ်ကိုင်ထားကြ၊ အသစ်တီထွင် သောစကားရပ်များ (လုပ်ရပ်များ) မှ ရှောင်ကြဉ်ကြ၊ အသစ်တီထွင် သူများ (ဗိဒ်အသီများ) နှင့်ဝေးစွာ ရှောင်ရှား၍ နေထိုင်ကြ၊ သာသ နာ၌ အသစ်တီထွင်သော လုပ် ငန်းတိုင်းသည် ဗိဒ်အသ်ဖြစ် ၍ ဗိဒ်အသ်တိုင်း သည် လမ်းမှား ဖြစ် ၏။ **(ဗိရ်ကားသ်ကျမ်း)**

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ်(ရသွိ) သခင်ဆင့်ပြန် တော်မူခဲ့သည်။

ခေတ်ကာလ တစ်ခု ဤ သို့ ဆိုက်ရောက်လာမည်။ ထို ခေတ်ကာလ၌ လူတို့သည် တမန် တော်မြတ် ﷺ ၏ စွန္နသ်နည်း လမ်းများအား မေ့လျော့ပျောက် ကွယ်အောင် ပြုလုပ်ကြပြီး ဗိဒ် အသ်(ရှရီအသ်တ ရားတော်၌ အ ထောက်အထားမ ရှိသော လုပ် ငန်း (ဝါ) တမန်တော်မြတ်၏ နည်း

လမ်းနှင့် ဆန့်ကျင် သောလုပ်ငန်း) များအား ရှင်သန် အောင်ပြုလုပ် ကြလိမ့်မည်။

**(ဂုနိယသုသ္ဗသွာလီဝိုးနိကျမ်း)**

မုချကေန် ယနေ့အခါ သမယ၌ ထိုခေတ်ကာလ ဆိုက် ရောက်နေပြီဖြစ်၏။ တမန်တော် မြတ် သည် ကျွန်ုပ်တို့အား လုပ်ငန်းတိုင်းနှင့် စပ်လျဉ်း၍ ပြည့် စုံစွာလမ်းညွှန်မိန့်ကြား ထားတော် မူခဲ့၏။

- အိပ်ရာမဝင်မီ ဖတ် ရွတ်ရမည့်ဒိုအာ၊ အိပ် ပုံအိပ်နည်း။
- အိပ်မက်မက်သည့် အခါ ဖတ်ရမည့်ဒို အာ။
- အိပ်ရာမှထလျှင် ဖတ် ရမည့်ဒိုအာ၊ အိပ်ရာမှ ထလျှင် ဆောင်ရွက်ရ မည့် နည်းစနစ်။
- အိမ်မှထွက်ခြင်း၊ ဝင် ခြင်း နည်းစနစ် နှင့်ဖတ် ရန်ဒိုအာများ။

ထမင်းစားပုံစားနည်း၊ ဗလီသို့ ဝင်/ထွက်ခြင်း နည်းစနစ်၊ ဖတ် ရန် ဒိုအာ။

- ဝူဇူလုပ်နည်း၊ ဖတ်ရန် ဒိုအာများ
- မနက် / ည ဖတ် ရန် ဒိုအာများ။
- လမြင်ခြင်း၊ လကြတ် ခြင်း၊ နေကြတ်ခြင်း၊ မိုးခေါင်ခြင်း စသည့် အချိန်များ၌ ပြုလုပ် ရမည့် ကျင့်စဉ်များ၊ ဒို အာများ။
- အဝတ်အစားဝတ်ဆင် သည့်အခါ ဖတ်ရမည့် ဒိုအာများ၊ ဝတ်ဆင်ပုံ ဝတ်ဆင်နည်းများ။
- ခရီးထွက်သည့်အခါ ဖတ်ရန် ဒိုအာ၊ ခရီး၌ ဖတ်ရန်ဒိုအာ။
- ခရီးမှပြန်ရောက်သည့် အခါ ဖတ်ရန်ဒိုအာ။
- လူမမာမေးမြန်းနည်း၊ သင်္ချိုင်းသို့ ရောက်ရှိ ပါက ပြုကျင့်ရမည့် နည်းစနစ်များ။ (အချို့ ကိုသာတင် ပြထားခြင်း ဖြစ်သည်။)

စသည်ဖြင့် ပြည့်စုံစွာ လမ်းညွှန်သင်ပြထားပြီးဖြစ်၏။ သို့သော် ယနေ့ကျွန်ုပ်တို့၌ လက် တွေ့လေ့လာသင်ယူကျက် မှတ်ပြီး လိုက်နာကျင့်သုံးနေသူ မည်သူ ရှိပါသနည်း? မည်မျှရှိ ပါသနည်း? တမန်တော်မြတ် ၏ နည်း? စနစ်များအား လိုက်နာကျင့်သုံး မည်ဟု ဆန္ဒဖြစ်သူ မည်သူရှိပါ သနည်း။ မည်မျှရှိပါသနည်း?

အချို့သူတို့မှာ ဗိဒ်အသ် လုပ်ငန်းများ ပြုမူဆောင်ရွက်ရန် သာ သောကထားကြ၏။ ဖွန့်သ် ဖြစ်သော ဒိုအာများကို စွန့်လွှတ် ထား၍ စွန္နသ်မဟုတ်သော ဒိုအာ များကို ကြိုးစားပမ်းစား ရှာဖွေ၍ ကျက်မှတ်ကြ၏။ ဗိဒ်အသ် လုပ်ငန်း များ လုပ်ကိုင်ကြရန် လူအများ အား ပြောဆိုတိုက်တွန်း သည့် အပြင် ထိုဗိဒ်အသ် လုပ်ငန်းများ တည်မြဲ နေစေရန် အတွက် မိမိ၏ ဥစ္စာ ပစ္စည်းများသာမက အသက် ကိုပင် ပဓာန မထားဘဲ ကြိုးစား ဆောင်ရွက်နေကြသည်။ဝမ်းနည်း စရာ ကောင်းလှ၏။ အစ္စလာမ် သာသနာတော်အား ပြန့်ပွား စေချင်ကြသော်လည်း မိမိကိုယ် တိုင်မှာ သာသနာအား ဖျက်ဆီး နေသူဖြစ်သည်ကို သတိမပြုမိ။ အစ္စလာမ်သာသနာ၏ အောင် မြင်တိုးတက်မှုများကို တွေ့မြင်၊ ကြားသိပြီး၊ ပျော်ရွှင်နေ၏။ မိမိ ကိုယ်တိုင်မှာ လမ်းမှားနေသဖြင့် ရှိုင်သွာန် ပျော်ရွှင်နေသည်ကို ဂရုမထားမိ။ ယခု ကျွန်ုပ်တို့၏ ရှေ့ဆောင်လမ်းပြများ ဖြစ်ခဲ့ကြ သော အရှင်မြတ်၏ ချစ်ခင်နှစ် သက်မှုကို ရရှိခဲ့သည် တမန် တော်မြတ် ၏ နောက်လိုက် ဆွဟာဗဟ်သာဝကကြီးများ၏ ဗိဒ်အသ်လုပ်ငန်းများအား မည် မျှရွံမုန်းခဲ့သည်ကို တင်ပြမည်။ ၎င်းဆွဟာဗဟ်သာဝကကြီးများ မှာ တမန်တော်မြတ် တွယ်

လွန်ပြီးသည့်နောက် သာသနာတော်အား ဖြန့်ချိရန်အတွက် အလ္လာဟ်အရှင်မြတ်၏ သီးသန့်ရွေးချယ်ခြင်းခံထားရသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုပုဂ္ဂိုလ် မွန်များသည်တမန်တော်မြတ် ﷺ စွန္နသ်နည်း စနစ်များအား ချစ်ခင်လေးစားပြီး စွန္နသ်နှင့် ဆန့်ကျင်သောလုပ်ရပ် များကို အလွန်ရွံရှာမုန်းတီးကြ၏။ ၎င်းတို့၏တမန်တော်မြတ် ﷺ ၏စွန္နသ် တော်များအားချစ်ခင်ခြင်းနှင့်ဗိဒ်အသ်လုပ်ငန်းများအား မုန်းတီးရွံရှာ မုန်းတီးခြင်း၌ မည်သူနှင့်မျှ နှိုင်းယှဉ်ပြ၍ မရနိုင်ပေ။ ယခုတင်ပြမည့် အချို့သောဖြစ်ရပ်များအားလေ့လာသုံးသပ်ခြင်းဖြင့် ဆွဟာဗဟ် သာဝကကြီးများသည်ဗိဒ်အသ်လုပ် ငန်းများအား မည်မျှ ရွံရှာမုန်းတီးကြကြောင်းတွေ့ရှိကြရမည်ဖြစ်၏။

## မိမိသားကို သိစေချင်၊ ဆုံးမထိုသခင်

(အဗ်ဒုလ္လာဟ်ဗင်န် မုဂဖ်ဖလ်(ရသွိ) သခင်သည် မိမိ၏သားတော်အား ဤသို့ ဆုံးမခဲ့၏။ )

"အို- ချစ်သား၊ ------ ဗိဒ်အသ်လုပ်ငန်းပြု လုပ်နေသော ထိုင်ဝိုင်းသို့ မသွားလေနှင့်။ ဆွဟာဗဟ်ကြီးများ အနက် မည်သည့်ဆွဟာဗဟ် မဆို ဗိဒ်အသ်လုပ်ငန်းထက် အခြား လုပ်ငန်းတစ်ခုခုအားပို၍ ရွံရှာ မုန်းတီးသည်ကို ကျွန်ုပ် မတွေ့ရှိ ခဲ့ "ဟုမိန့်ကြားခဲ့၏။

(မိရ္ကာအားသ်ကျမ်း)

## အဇာန်အပြင်ဟစ်အော်လျှင် လမ်းမှားနေသူပင်

မက္ကာဟ် ရွှေမြို့တော်၌ မုအဇ္ဇင်န်(အဇာန်ဆိုသူ)သည် ဖဂျ်ရ်အဇာန်ပေးပြီးသည့်နောက် လူတို့အား အသံကျယ် လောင်စွာဖြင့် "အဆ္ဆွလား သုဂျာမိအသွန်း"ဟု ဟစ်အော်လေ၏။ ထိုအခါဟဇ်ရသ်အုမရ် (ရသွိ)သခင်က "အသင်၏အဇာန်သံသည် ကျွန်ုပ် တို့ အတွက်မလုံလောက်ပါသလော"ဟုပြင်းပြင်းထန်ထန် ငေါက်ငမ်းလိုက်လေ၏။

(ကီဖာယာ)

## အဇာန်အပြင်ထပ်ဆင့်ချင် မောင်းထုတ်ဗလီအပြင်

ဟဇ်ရသ်အလီ(ရသွိ)သည် မုအဇ္ဇင်န်(အဇာန်ပေးသူ)အား အိရှာအ်အဇာန်ပေးပြီးသည့် အပြင် သပ်စ်ဝီးဘ် (အဇာန်ပေးပြီးသည့်အပြင် ဗလီသို့ လာရန် လူတို့အား ဟစ်အော်နေခြင်း) ပြုလုပ်နေသည်ကို တွေ့ရှိသောအခါ "ထိုဗိဒ်အသီကို ဗလီအပြင်သို့ မောင်းထုတ်လိုက်ကြ"ဟုမိန့်တော်မူလေ၏။

(အီကားမသုလ်ဟစ်ဂျားဂျ်)
(ဘာဟ်ရုလ်ရာအိက်)

## ဤနေရာ၌ မဖတ်ချင်၊ အစ်ဗနေ့အုမရ်သခင်

ဟဇ်ရသ် အဗ်ဒုလ္လာဟ် ဗင်န်အုမရ်(ရသွိ)သခင်သည် မုအဇ္ဇင်န်အား ဇုဟ်ရ်အဇာန် ပေးပြီးသည့်နောက်သပ်စ်ဝီးဘ်ပြုလုပ်နေသည်ကို တွေ့ရှိသောအခါ အလွန်ဒေါသဖြစ်လာပြီး မိတ်ဆွေဖြစ်သူဟဇ်ရသ်မုဂျာ ဟိဒ်(ရဟ်)သခင်အား "ကျွန်ုပ်ကို ဤဗိဒ်အသီရှိသောနေရာမှ အခြားနေရာသို့ ပို့ဆောင်ပေးပါ"ဟု မိန့်တော် မူခဲ့၏။ ထိုဗလီ၌ နမာဇ်မဖတ် တော့ချေ။

(သိရ်မိဇီ၊ အဘူဒါဝူးဒ်)

## ဖိတ်ခြင်းမရှိ၊ သွားခြင်းမရှိ မြတ်တမန်၏ခေတ်

ဟဇ်ရသ်အုဆ်မာန် ဗင်န်အဘီအားဆ့်(ရသွိ)သခင်အား တစ်ဦးသောသူက "ခသနာ"ပွဲ သို့ ကြွရောက်ပါရန် ဖိတ်ကြားသောအခါသခင်က "တမန်တော်မြတ် ﷺ ၏ခေတ်အခါက"ခသနာ" ပြုကြရာတွင် ကျွန်ုပ်တို့သည်သွားရောက်ခြင်းမရှိခဲ့။ ဒအ်ဝသ်ပေးဖိတ်ကြားခြင်းမျိုးလည်းမရှိခဲ့" ဟုဆိုကာ ဖိတ်ကြားမှုအား ငြင်းဆန်လိုက်လေ ၏။

(မက်စ်နဒ်အိမာမ်အဟ်မဒ်ကျမ်း)



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

## မြတ်တမန်မလုပ်ခဲ့အရာ၊ မှန်မြတ်သော်လည်းစွန့်လွှတ်ပါ

ဟဇ်ရသ်အဗ်ဒုလ္လာဟ် ဗင်န် အဇ္ဇူဗားစ်(ရသွိ)သခင်နှင့် ဟဇ်ရသ် အမီးရ်မအာဝိယဟ်(ရသွိ) သခင် နှစ်ပါးသည်"ကအ်ဗဟ်"ကျောင်းတော် အား"သဝါးဖ်" ပြုကြစဉ်ဟဇ်ရသ် အမိရ်မ အာဝိယဟ်သခင်သည် "ကအ်ဗဟ်"ကျောင်းတော်၏ထောင့် များအားလုံးကိုနမ်းရှုပ်လေသည်။ ထိုအခါ ဟဇ်ရသ်အဗ် ဒုလ္လာဟ်ဗင်န် အဇ္ဇူဗားစ်သခင်က "တမန်တော်မြတ် ﷺ သည် ရွှတ်ကဲ်နိယမာနီထောင့် နှင့်ဟာဂျရိအတ်စ်ဝဒ်မှလွဲ၍"ကအ်ဗဟ်" ကျောင်းတော်၏ မည်သည့်နေရာ ကိုမျှနမ်းရှုပ်ခြင်းမရှိခဲ့"ဟုပြောကြား သောအခါ ဟဇ်ရသ်အမီးရ်မအာဝ် ယဟ်သခင်က"မှန်မြတ်သော"ကအ်ဗဟ်" ကျောင်းတော်၏ နေရာအားလုံး အားနမ်းရှုပ် နေခြင်းဖြစ်ပါသည်။ နေရာတစ်ခုခုကို စွန့်လွှတ်ခြင်း မရှိပါ" ဟုပြန် လည်ဖြေကြားလေ ၏။ ထိုအခါ"ဟဇ်ရသ်အဗ်ဒုလ္လာဟ် ဗင်န်အဇ္ဇူဗားစ်သခင်"က ကျွန်ုပ်တို့ အတွက် တမန်တော်မြတ် ﷺ ၏ အကျင့်စာရိတ္တနှင့်ပြုမူ ဆောင်ရွက် ပုံသည် အကောင်းဆုံးသောနမူနာ ပင်ဖြစ်၏။ "ကအ်ဗဟ်"ကျောင်း တော်၏ နေရာတိုင်းသည်မှန်မြတ် သည်မှာမှန်၏။ သို့သော် တမန် တော်မြတ် ﷺ ပြုလုပ်ခဲ့သော အလုပ်ကိုသာ ပြုလုပ်သင့်သည်" ဟုပြောကြား သောအခါ ဟဇ်ရသ် အမီးရ် မအာဝိယဟ်သခင်က" အသင်၏ ပြောဆို ချက်များသည် မှန်ကန်လှပါသည်" ဟု ပြန်လည် ပြောကြားခဲ့လေ၏။

## စွန္နသ်နှင့် ဆန့်ကျင်၊ ထိုင်ဖတ်လျှင်၊ ကအဗ်သခင် ဒေါသဝင်

ဟဇ်ရသ်ကအဗ်ဗင်န် အုဂ်ျရဟ် သခင်သည် ဟဇ်ရသ် အဗ်ဒုလ္လာဟ် ဗင်န်ဟာကမ်အား စွန္နသ်တော်နှင့် ဆန့်ကျင်စွာ'ခုသ္ဗဗဟ်' ထိုင်ဖတ်နေ သည်ကိုတွေ့သောအခါ "ကြည့်ကြ စမ်းပါ၊ ဤညစ်ညမ်းသောသူသည် 'ခုသ္ဗဗဟ်' ကိုထိုင်၍ဖတ်နေသည်" ဟု ဒေါသတကြီးပြောကြားခဲ့သည်။

## ခုသ္ဗဗဟ်၌ မြှောက်သောလက်၊ ဆွဟာဗဟ်၏ကျိန်စာသက်

ဘစ်ရ်ဗင်န် မရ်ဝါးန် (ရသွိ) သခင်သည်ဟဇ်ရသ်အုမာရဟ်ဗင်န် ရုဝိုင်ဗဟ် (ရသွိ)အား ခုသ္ဗဗဟ်ဖတ် ရာ၌ လက်မြှောက်သည်ကို တွေ့ရှိ သောအခါ"အလ္လာဟ် အရှင်မြတ် သည် အသင်၏သေး ငယ်သော လက်ကိုဖျက်ဆီးပါစေ၊ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ဤကဲ့သို့ လက်မြှောက်သည်ကို မတွေ့ခဲ့" ဟု အမိန့်ရှိခဲ့၏။

## ကောင်းမွန်သော်ငြား၊ ကျွန်ုပ်တို့ အား၊ ဤသို့ဖတ်ရန်၊ မိန့်မထား

အဗ်ဒုလ္လာဟ် ဗင်န်အုမရ် (ရသွိ) သခင်၏ ထံပါး၌ လူတစ် ယောက်သည် နှာချေလေ၏။ နှာချေ ပြီးနောက် "အလ်ဟမ်းဒုလိလ္လာဟ်" ဖတ်ရမည့်အစား၊"အလ်ဟမ်းဒုလိ လ္လာဟိဝစလာမုအလာရစူလိလ္လာဟ်" ဟုဖတ်လိုက်သည်။[ဝစလာမုအလာ ရစူလိလ္လာဟ် ဟူသော စာပိုဒ်ကို ပို၍ ဖတ်လိုက်သည်၊] ထိုအခါဟဇ် ရသ်အိဗ်နေ့အုမရ်သခင်က"အသင် ယခုဖတ်လိုက်သော စာပိုဒ်နှစ်ခု သည်သူ့ နေရာနှင့်သူ ကောင်းမွန် ပါ၏။ သို့သော် အကြင်နဗီတမန် တော် ﷺ အပေါ်ကျွန်ုပ်တို့ဒရူးဒ် မေတ္တာပို့ကြသည်။ ထိုမေတ္တာ ပို့ ခြင်းခံရသည့် နဗီတမန်တော် က နှာချေသည့်အခါ "အလ်ဟမ်ဒုလိ လ္လာဟ်အလာ ကုလ်လိဟာလ်" ဟု ရွတ်ဖတ်ရန် သင်ကြားပေးခဲ့ပြီး "အလ်ဟမ်းဒုလိလ္လာဟိ ဝစလာမု အလာရစူလိလ္လာဟ်" ဟုသင်ကြား မပေးခဲ့ဟု မိန့်တော်မူခဲ့၏။

(သီရ် မိဇီကျမ်း)



This document is created using PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

**မြောက်သည့်လက်၊ ပခုံးကျော်လျှင်၊ ဗိဒ်အသ်၊ မြောက်သည်ပင်**

ဟဇ်ရသ် အဗ်ဒုလ္လာဟ် ဗင်န် အုမရ် (ရသို) သခင်သည် လူအများအားပခုံးအပေါ်ထိလက်မြောက်၍ ဒိုအာတောင်းနေကြသည်ကိုတွေ့ရှိသောအခါ "ဤသို့ ပခုံးအပေါ်ထိလက်မြောက်၍ ဒိုအာတောင်းခြင်းသည် ဗိဒ်အသ်ဖြစ်၏။ တမန်တော်မြတ် ﷺ သည် ဒိုအာတောင်းရာ၌ ပခုံးအပေါ်ထိလက်မြောက်ခြင်း မရှိခဲ့" ဟုမိန့်တော်မူလိုက်၏။ /တမန်တော်မြတ်သည်မိုး ဆုတောင်းရာ၌သာပခုံးအပေါ်ထိလက် မြောက်၍ ဒိုအာ တောင်းခဲ့သည်။/

**စိတ်ထင်ရာ ပြုလုပ်မှု၊ မြတ်တမန် ထက်ပိုတတ်သူ**

ဟဇ်ရသ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရသို) သခင်၏ ထံသို့ သတင်းတစ်ခု ရောက်ရှိလာသည်မှာ - လူတစ်စုသည် မဂ်ရိဗ် နမာဇ်ပြီးနောက်ဝိုင်းဖွဲ့၍ ထိုင်ပြီး ထိုလူစုထဲမှ တစ်ဦးသော သူက စုဗ်ဟာနလ္လာဟ် ဤမျှခန့်၊ အလ်ဟမ်းဒုလိလ္လာဟ် ဤမျှခန့်၊ အလ္လာဟုအတ်က်ဘရ် ဤမျှခန့် ဖတ်ကြဟု ပြောလေသည်။ လူ အုပ်စုသည်လည်း ထိုသူပြောသည့် အတိုင်းဖတ်လေ့ရှိသည်။ ဤသို့သတင်းရောက်ရှိလာသောအခါ သခင်သည်ထိုလူစုရှိရာသို့ ကြွမြန်းသွားတော်မူပြီး ထိုသူများ ၏လုပ်ရပ်ကိုကြည့်၍ ကစမ်ကျိန်ဆိုကာ "အသင်တို့သည် အတိုင်း အဆမရှိသောဗိဒ်အသ် ၏ အမှောင်ထုအတွင်း၌ နစ်မွန်းနေကြ၏။ အသင်တို့သည် တမန်တော်မြတ်နှင့်တမန်တော်မြတ် ﷺ ၏ နောက်လိုက်ဆွဟာဗဟ် ကြီးများထက်ပို၍ သာသနာ့ ပညာရှိနေပြီလော" ဟုပြောဆိုပြီးၚင်းတို့အားဗလီထဲမှ မောင်း ထုတ်လိုက်လေ၏။

**[သိနံဗိဇိကျမ်း]**

တင်ပြခဲ့သည့် အကြောင်းအရာများသည်ကား ကျွန်ုပ်တို့ ၏ ရှေ့ဆောင်လမ်းပြဖြစ်သူ အရှင်မြတ်၏ ချစ်ခင်နှစ်သက် မှုကိုရရှိသွားခဲ့ကြသူ ဆွဟာဗဟ် သာဝကကြီးများ၏ ဖြစ်ရပ်မှန် အကြောင်းအရာများဖြစ်ပါသည်။ အချို့ကိုသာကောက် နုတ်တင်ပြထားခြင်းဖြစ်၏။ အကြောင်းအရာများမှာ သိမ်မွေ့နက်နဲလှ၏။ ကျွန်ုပ်တို့ ကဲ့သို့ ပညာတတ်ကြီး များအဖို့ အလွန်သေးဖွဲ့သော ကိစ္စ၊ မပြောပလောက်သောကိစ္စဟု သဘောပိုက်ကောင်းပိုက်ပေမည်။ သို့သော် အရှင်မြတ်၏ နှစ်သက်မှု ကိုရရှိသွားခဲ့ကြသော ထိုပုဂ္ဂိုလ်များ အဖို့မူကား အလွန်ကြီးကျယ်သောကိစ္စရပ်များဖြစ်ခဲ့၏။ တိုတောင်းလှသောကျွန်ုပ်တို့၏ ဘဝသက်တမ်းအားမှန်ကန်မွန်မြတ်သော၊ အရှင်မြတ်နှစ်သက်သောဘဝ သက်တမ်းဖြစ်ရန်ဤအကြောင်း အရာများက အထောက်အကူ ပြုမည်ဟု မျှော်လင့်မိပါ၏။

**မော်လာနာ ယူနွတ်စ်—သာပေါင်း (မြမ်ဖုနီ)**

**ဗိဒ်အသီ (တရားတော်၌မရှိသော လုပ်ရပ်များအားတီထွင် ပြုလုပ်သူ၊ လမ်းမှားနေသူ) ဖြစ်ခြင်း၏ နိမိတ်လက္ခဏာမှာဟဒီးဆ်တော်နှင့် ဆွဟာဗဟ်သာဝကကြီးများ၏ နည်းလမ်းအပေါ်လိုက်နာကျင့်သုံးနေသူ များအားမကောင်း ပြောခြင်းပင်ဖြစ်သည်။**

***(ရှိုက်ခ်အာဇ်ဒုလ်ဟာဒရ်ဂျီလာနီသခင်)***



This document was created using SmartPDFCreator. To remove this message, purchase the product at www.SmartPDFCreator.com

## အိုလမာ ဒေယိုဗန်ဆိုသည်မှာ

# ပညာသူများနည်း?
# မပညာရှိသေးသူများနည်း?

ဟာဗိဇ်ရုပ်(အဆ်အဒိယဟ်) B.Sc(Botany), H.G.P (ပုသိမ်)

### ဟာဇ်ရသ်ထာနဝီ၏ ဈော်လင့်ချက်နှင့် ရှိင်ခုလ်ဟာင်းန်ဒ်သခင်

ဟာကီးမုလ်အုမ္မသ်၊ ဟာဇ်ရသ်မော်လာနာ အရှ်ရဖ်အလီထာနဝီ သခင်ကာန်ပူးရ်မြို့ရှိ မဒ်ရစဟ်၌ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော အချိန်က အဖြစ်အပျက်ဖြစ်သည်။

ဟာဇ်ရသ်ထာနဝီသခင်သည် ကာန်ပူးရ်ကျောင်း၏ ဂျလ်စဟ် (ဘွဲ့နှင်းအခမ်းအနား)သို့ ကြွရောက်၍ တရားဟောကြားပေးပါရန် မိမိ၏ဆရာဖြစ်သူ ဟာဇ်ရသ် ရှိုင်ခုလ်ဟင်းန်ဒ် (မော်လာနာ မဟ်မူးဒုလ်ဟစ်န်) အားဖိတ်ကြားလိုက်၏။ ဤအစီအစဉ်သို့ မိမိ၏ ဆရာသခင်အား ဖိတ်ကြားရခြင်း၌ အကြောင်းရှိ၏။ ရည်ရွယ်ချက်ရှိ၏။ အဘယ်အရာများပါ နည်း ?

* * * * *

ကာန်ပူးရ်မြို့ရှိ အချို့သော ပုဂ္ဂိုလ်များသည် လောကီပညာရပ်များ ၌ တစ် ဖက်ကမ်းခပ်ကျွမ်းကျင်ကြကြောင်းကျော်ကြားလျက်ရှိ၏။ ဤမျှကြီးကျယ်သော ပညာရပ်များအား ကျွမ်းကျင်သူများဖြစ် လင့်ကစား၊သာသနာရေးရာ နှင့် ပတ်သက်၍ ၎င်းတို့၏ ခံယူချက်အတွေးအခေါ်များမှာ ဗိဒ်အသ်လုပ်ငန်းများဘက်သို့ ယိမ်းယိုင်လျက်ရှိ၏။ ထိုပုဂ္ဂိုလ်များသည် အိုလမာအေ့ဒေယိုဗန်(စစ်မှန်သောသာသနာ့ပညာရှင်များ) အား သာသနာ့ပညာရပ်များ ကို သာတ စိုက် မတ်မတ်ကြိုးပမ်း ဆောင်ရွက် နေသူများဖြစ်ကြသဖြင့် လောကီဆိုင်ရာ ပညာရပ်များ၌ အားနည်းသူများ၊ မကျွမ်းကျင်သူများဖြစ်မည်ဟုထင်မှတ် ယူဆထားကြ၏။

ဂျလ်စဟ်သို့ ဟာဇ်ရသ်ရှိုင်ခုလ် ဟင်းန်ဒ်သခင်ကြီးကြွရောက်ပြီး တရားဟောကြားလိုက်ခြင်းဖြင့် အိုလမာအေ့ဒေယိုဗန်များသည် ပညာ

အဆင့်အတန်း မြင့်မားသူများဖြစ်သည့် အပြင် သာသနာ့ပညာရပ်များသာမက လောကီ ပညာရပ်များကိုပါ တစ်ဖက်ကမ်း ခပ် တတ်မြောက်ကျွမ်းကျင်သူများဖြစ်ကြောင်း ထိုကာန်ပူးရ်မြို့သားများသိရှိသွားမည်ဖြစ်၏။

ဤသည်ထိုစဉ်က အသက်အရွယ်အားဖြင့် ငယ်ရွယ်သေးသောဟာဇ်ရသ် ထာနဝီသခင်၏ မိမိဆရာဖြစ်သူအား ဖိတ်ခေါ်ရသည့် ရည်ရွယ်ချက်ပင်တည်း။

*   *   *   *

ဤသို့ဖြင့် ဂျလ်စဟ်ဘွဲ့နှင်း အခမ်းအနားကျင်းပသည့် နေ့သို့ရောက်ရှိလာခဲ့ချေပြီ၊ ဟာဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ် သခင်သည်လည်းကြွရောက်လာခဲ့သည်။ ဂျလ်စဟ်ဘွဲ့နှင်း အခမ်းအနားစတင်ပေပြီ။

အစီအစဉ် အရ ဟာဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ်သခင်သည် မိမိ၏တရားဟောကြားမှုအားစတင်လိုက်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လောကီပညာရပ်များ ဆိုင်ရာ အကြောင်းအရာများ အားတင်ပြဖြစ်သွား၏။ သို့သော် ထိုအချိန်၌ ဟာဇ်ရသ်ထာနဝီသခင် မျှော်လင့်နေသော ကာန်ပူးရ်မြို့သား လောကီပညာရှင်များမှာ ဂျလ်စဟ်သို့ရောက်ရှိ မလာ သေးချေ။

ဟာဇ်ရသ်ရှိုင်ခုလ် ဟင်းန်ဒ် သခင်၏ တရားမှာတဖြည်းဖြည်း အရှိန်ရလာသည်။ သခင်သည်လောကီ ဆိုင်ရာပညာရပ် များအား စိတ်ဝင်စားဖွယ်ပီပီပြင်ပြင်ချက် ကျကျတင်ပြနေ၏။ ထိုအခိုက် ဟာဇ်ရသ်ထာနဝီ မျှော်လင့် နေသော ကာန်ပူးရ်မြို့သား လောကီပညာရှင်များရောက်ရှိလာ၏။ ဟာဇ်ရသ်ထာနဝီ သခင်သည် ထိုသူများရောက်ရှိလာသဖြင့် မိမိ မျှော်လင့်မှုကြီးစွာဖြင့် ကြိုးစားခဲ့သမျှ ယခုအထ မြောက်တော့မည်ဟု တွေးကာပျော်ရွှင်နေ၏။ ထိုစဉ် ဟာဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ်သခင်သည် ပီပီပြင်ပြင်ချက်ကျကျ ဟောပြောနေရာမှ ရုတ်တ ရက်မိမိ၏ ဟောပြောမှုအား အဆုံးသတ်လိုက် ပြီး ထိုင်ချလိုက်၏။ နားထောင်နေသူ အားလုံး အံ့အားသင့်ကုန်ကြ၏။ ဟာဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ် သခင်၏ တရားဟောကြားမှုအစီ အစဉ်ပြီးဆုံး သွားပေပြီ။

*   *   *   *

ဟာဇ်ရသ်ထာနဝီသခင်သည် မိမိဆရာ၏ မမျှော်လင့်သော ပြုမူမှုကြောင့် အလွန်အံ့အားသင့် နေ၏။ ဟာဇ်ရသ်ထာနဝီကဲ့သို့ပင် အခြေအနေအရပ်ရပ် ကိုသိရှိသဖြင့်အံ့အားသင့်နေသူ တစ်ဦးရှိသေး၏။ ထိုသူမှာ ဤဂျလ်စဟ်သို့ ကြွရောက်လာသော မော်လာနာဖတ်ခ်ရုလ် ဟာစန်ဂန်ဂူဟီသခင်ပင်ဖြစ်သည်။ သိလိုစိတ်ပြင်းပြလာသဖြင့် မော်လာနာဖတ်ခ်ရုလ် ဟာစန်ဂန်ဂူဟီသခင်က ဟာဇ်ရသ် ရှိုင်ခုလ်ဟင်းန်ဒ် သခင်ကြီးအား **"ဟာဇ်ရသ်၊ ဟောနေတဲ့ တရားရဲ့ အဓိကနေရာကို ရောက်တော့မှ ရုတ်တရက် ရပ်လိုက်တာ ဘယ်လိုအကြောင်းများကြောင့် ပါလဲ?** ဟုရိုသေစွာမေးမြန်းလျှောက်ထားလိုက် ၏။ ထိုအခါ ဟာဇ်ရသ်ရှိုင်ခုလ်ဟင်းန်ဒ်သခင်က **"ဟုတ်တယ်၊ ဟောနေတဲ့ တရားရဲ့အဓိကနေရာကို ရောက်နေပြီဆိုတာကိုငါသိပါတယ်။ စပြီးဟောတုန်းကတော့ အလ္လာဟ့်ရဲ့နှစ်သက်မှုကို ရချင်တဲ့၊ ဖြူစင်တဲ့ စိတ်ဆန္ဒနဲ့ ဟောနေတာပါ။ ဒါပေမယ့်၊ ဒီကာန်ပူးရ်မြို့ သားတွေဝင်လာတာကိုတွေ့လိုက်ရတော့၊ ငါ့ရဲ့စိတ်ထဲမှာ တတ်ထား**

တဲ့ ပညာတွေကို ထုတ်ဖော်ပြချင်တဲ့စိတ်၊ သူတို့ အထင်ကြီးသွား စေချင်တဲ့စိတ်၊ ဒီလိုမကောင်းတဲ့ စိတ်တွေဝင်လာတယ်။ ဒါကြောင့်ငါဟာ ထိုင်ချလိုက် ခြင်းဖြစ်တယ်” ဟု ပြောပြလိုက်လေ၏။

ဤသည့် အရည်အချင်းများကြောင့်သာ ကြီးကျယ်သော အဆင့်အတန်းများရရှိသွားခဲ့ကြခြင်းဖြစ်၏။ အရှင်မြတ်၏ နှစ်သက်မှုကို ရှာဖွေရာ၌ မည်သူ့ကိုမျှ ဂရုမပြုခဲ့၊ မထောက်ထားခဲ့၊ မည်သည့်အခြေအနေပင် ဖြစ်စေကာမူ အလိုက်သင့်မပြုခဲ့၊

ယနေ့ ကျွန်ုပ်တို့သည်ကား. . . . ?

## လောကီပစ္စည်းများအားတန်ဖိုးဖြတ်ခြင်း

တစ်နေ့သ၌ ဟဇ်ရသ်မီယာန်ဆဗ် (ရဟ်မသုလ္လာဟိအလိုင်းဟ်) သခင်ကြီးသည် နေ့စဉ် လာနေကျ အတိုင်းကျောင်းသို့ ရောက်ရှိလာပြီးနောက် ကျောင်းဆရာ တစ်ဦးဖြစ်သူ မုဖ်သီရှဖီးအ်ဆဗ်အားတွေ့သည်နှင့် တစ်ပြိုင်နက် ကျောင်းသို့လာစဉ် လမ်း၌ မိမိကြုံတွေ့ခဲ့ရသော အလွန်တရားကျဖွယ်ကောင်းသည့် စိတ်ဝင်စားဖွယ်အဖြစ်အပျက်အား ဤသို့ပြောပြလေတော့၏။

“ငါဟာအိမ်ကနေ ကျောင်းကိုလာနေတုန်း၊ ကို့တလာဆိုတဲ့ရပ်ကွက်ကိုကျော်ပြီးတောတန်းလေးတစ်ခုကို ရောက်တော့၊ ငယ်ရွယ်တဲ့ မိန်းခလေး ငယ်တစ်စုဟာ တစ်ယောက်နဲ့တစ်ယောက်ထိုးကြိတ်ရန်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ငါ သူတို့အနားကို ရောက်သွားတော့မှ သူတို့ဘာကြောင့်ရန်ဖြစ်နေကြတာလည်းဆိုတာကို သိလိုက်ရတယ်။”

“သူတို့တွေဟာမြေကြီးနဲ့ရောစပ်ပြီး လောင်စာလုပ်ဖို့အတွက် တိရစ္ဆာန်တွေရဲ့ မစင်တွေကို စုပေါင်းကောက်ယူပြီးတော့ ဝေစု ခွဲတဲ့အချိန်မှာ အဝေမတဲ့ဖြစ်ပြီး ရန်ဖြစ်နေကြတာဖြစ်တယ်။ ငါဟာသူတို့လေးတွေကိုရန် ငြိမ်းပေးလိုက်တယ်။ ပထမတော့ငါဟာ သူတို့လေးတွေရဲ့ အသိဉာဏ်နဲ့မှု၊ ကလေးဆန်ဆန်တွေးခေါ်ပြီးဘာမျှ တန်ဖိုးမရှိတဲ့ ဒီအညစ်အကြေးတွေအပေါ်မှာ အဝေမတဲ့ ဖြစ်ပြီး ရန်ဖြစ်နေတာကို ရယ်မိတယ်။ ဒီလိုရယ်နေတဲ့အချိန်မှာပဲ အလ္လာဟ်အရှင်မြတ်ဟာ ငါ့ရဲ့ ခေါင်းထဲကို အခုလို အသိတစ်ခုထည့်ပေးလိုက်တယ်”

“ဒီကနေ့ လူတွေဟာလည်းဘာမျှတန်ဖိုးမရှိတဲ့ ပစ္စည်းဥစ္စာတွေ၊ ရာထူးစည်းစိမ်တွေအပေါ်မှာ မတရားမှုတွေ၊ လိမ်လည် မှုတွေ၊ အနိုင်ကျင့်မှုတွေ၊ ဝန်တိုမှုတွေ၊ ရင်ဆိုင်ဖြေရှင်းမှုတွေ စတဲ့ပြဿနာတွေကိုနေ့စဉ် နေရာတိုင်းမှာဖြစ်နေကြတယ်။ မြင်တွေ့နေရတယ်။ ဒီလူတွေသာ သေသေချာချာ စဉ်းစားတွေးတောတတ်ရင် သူတို့ရဲ့ လုပ်ရပ်တွေဟာလည်း ဒီကလေးမလေးတွေရဲ့အဖြစ်အပျက်နဲ့ ဘာမျှမကွာဘူး ဆိုတာကို သိသွားကြလိမ့်မယ်။ ဘာကြောင့်လည်းဆိုရင် သူတို့ရဲ့ပစ္စည်းတွေ၊ ရာထူးတွေ၊ အာဏာတွေဟာ မကြာခင်ပျက်စီးသွားမယ့် အရာတွေဖြစ်တယ်။ မိမိရဲ့ ပိုင်ဆိုင်မှုထဲကနေ၊ ရက်အနည်းငယ်အတွင်းထွက်ခွာသွားမဲ့ အရာတွေဖြစ်တယ်။ ဒီဥစ္စာပစ္စည်းတွေ၊ အာဏာတွေ၊ ရာထူးတွေဟာ အာခိရသ် (တမလွန်) မှာရမယ့် အရာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ကလေးမတွေကောက်ယူ ထားတဲ့



This document was created using Smart PDF Creator
To remove this message, purchase the product at www.SmartPDFCreator.com

တိရစ္ဆာန်တွေရဲ့ မစင်တွေထက်ပိုပြီးတော့ တန်ဖိုးမရှိလို့ဘဲဖြစ်တယ်" ဟာဒီးဆ်တော်မှာလည်း ဒွန်နယာလောကဟာ အပုပ်ကောင် ဖြစ်တယ်လို့ တမန်တော်မြတ်ကလည်း မိန့်တော် မူခဲ့တယ်" ဟု ကျောင်းသို့လာစဉ် မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အား ပြောပြလိုက်လေတော့၏။

## ပတ်ဝန်းကျင်အားအကျိုးပြုခြင်းဆိုသည်မှာ..

ကွယ်လွန်သူ၊ ပါကစ္စတန် နိုင်ငံ၏ မုဖ်သီချုပ်၊ မုဖ်သီရှဖီးအ်သခင်ဒါရုလ်အုလူးမ် ဒေယိုဗန်ကျောင်း၌ ကျောင်းဆရာ တာဝန်ထမ်းဆောင်နေသောအချိန်က အဖြစ်အပျက်ဖြစ်၏။

တစ်နေ့သ၌ မုဖ်သီရှဖီးအ်သခင်သည် မဂ်ရိဗ် နမာဇ်ဖတ်ပြီးနောက် မိမိ၏သားမော်လဝီဇကီး ကိုင်ဖီးအားခေါ်ဆောင်၍ ဆရာဖြစ်သူ ဟဇ်ရသ် မိယားန်ဆဖ်၏ နေအိမ်သို့ အလည်အပတ် ရောက်ရှိလာ၏။

ဟဇ်ရသ်မိယားန် ဆဖ်သည် မိမိအိမ်သို့ ရောက်ရှိလာသော တပည့်ဖြစ်သူများအား "မင်းတို့သရက်သီးစားကြမလား"ဟု မေးလေသော် မုဖ်သီရှဖီးအ်သခင်က "စားရမှာကလည်း သရက်သီးကျွေးတာ ကလည်းဆရာဆိုတော့ နူးရှူ န်အလာနူးရ်ပါပဲ" ဟုလှပသောစကားဖြင့် ပြန်လည်ဖြေကြားလိုက်၏။ ဟဇ်ရသ်မိယားန်ဆဖ်သည် သရက်သီးများထည့်ထားသော တောင်း ငယ်တစ်တောင်းနှင့် သရက်သီးအခွံနှင့် အစေ့များထည့်ရန်တောင်းငယ်တစ်တောင်းကို ပါ မုဖ်သီရှဖီးအ်သခင်တို့၏ ရှေ့သို့လာရောက်ချထားပေးလေ၏။ သားအဖနှစ်ဦးသည်လည်း သရက်သီးများအား မြိန်ရည်ရှက်ရည် စားသောက်ကြ၏။ စား၍ပြီးသည့်နောက် မုဖ်သီရှဖီးအ်သခင်သည် အခွံနှင့် အစေ့များထည့်ထားသော တောင်းငယ်အားယူ၍ စွန့်ပစ်ရန်အတွက် အပြင်သို့ထွက်ဟန်ပြု၏။ ထိုအခါ ဟဇ်ရသ် မိယားန်ဆဖ်က "ဘယ်ကိုယူသွားမလို့လဲ" ဟုမေးလေ၏။

မုဖ်သီရှဖီးအ်သခင်က "အပြင်မှာသွားပြီး ပစ်မလို့ပါ" ဟုဖြေကြားလိုက်၏။ တစ်ဖန် ဟဇ်ရသ် မိယားန်ဆဖ်က "မင်းဒါတွေကို ပစ်ကောပစ်တတ်လို့လား" ဟုမေးပြန်သော် မုဖ်သီရှဖီးအ်သခင်သည် အံ့အားသင့်သွားသာအမူအရာဖြင့် "ဟဇ်ရသ်၊ ဒါတွေပစ်တဲ့နည်းကို သိဖို့က အရေးတကြီးသင်ယူရမယ့် သီးသန့်ပညာရပ်တစ်ခုလား" ဟုပြန်လည်မေးမြန်းလိုက်၏။ ထိုအခါ ဟဇ်ရသ် မိယားန်ဆဖ်က "ဟုတ်တယ်၊ သီးသန့်ပညာရပ်ဖြစ်တယ်၊ ဒါပေမယ့် ဒီပညာကို မင်းမသိသေးဘူး" ဟုဆိုကာ အခွံနှင့် အစေ့များထည့်ထားသော တောင်းကိုမယူလိုက်၍ အခွံနှင့်အစေ့များကို တောင်းထဲ၌ ပင်သီးခြား စီခွဲလိုက်၏။ ထို့နောက် ဧည့်သည်နှစ်ဦးစလုံးအား ခေါ်ဆောင်၍ အိမ်၏အပြင်သို့ထွက်လေ၏။

လမ်းဘေးတစ်နေရာသို့ ရောက်လေသော် သရက်သီးအခွံများအားနေရာအနည်းငယ် စီခြားခြား၍ အပုံငယ်လေးများပြုလုပ်လိုက်ပြီး အစေ့များအားလုံးကို မူ နေရာတစ်နေရာသို့ သွား၍စုပုံထားလိုက်လေ၏။ ထိုသို့စွန့်ပစ်နေခြင်းအားကြည့်နေသော မုဖ်သီရှဖီးအ် သခင်က "ဟဇ်ရသ်၊ ဘယ်လိုအကြောင်းများကြောင့် အခုလို လုပ်နေရတာလဲ" ဟုမေးမြန်းလိုက်၏။



This document was created using SmartPDFCreator. To remove this message, purchase the product at www.SmartPDFCreator.com

ထိုအခါ ဟင်ရှသ်မိယားန်းဆင်သည် အလွန်မှတ်သားဖွယ်၊ အတုယူဖွယ် ကောင်းသည့် မိမိ၏ လုပ်ရပ်အား ဤသို့ ရှင်းပြလေတော့သည်။

“ငါ့ရဲ့ အိမ်နီးနားချင်းတွေဟာ အရမ်းဆင်းရဲတဲ့သူတွေဖြစ်တယ်။ ဘယ်လောက်အထိဆင်းရဲကြသလဲဆိုရင်၊ ညမနက်နပ်မှန်အောင်တောင်မစားနိုင်ကြရှာဘူး။ အကယ်၍ ဒီအစေ့တွေနဲ့ အခွံတွေကို တစ်နေရာတည်းမှာ စုပုံပြီးစွန့်ပစ်ထားလိုက်လို့ သူတို့မြင်သွားရင် “ဩော်၊ ငါတို့ဟာ သူများစားသလိုမစားနိုင်တဲ့ ဘဝပါလားလို့ တွေးပြီးစိတ်မကောင်းဖြစ်သွားလိမ့်မယ်။ နောက် - ဒီလိုစားနိုင်ဖို့ အတွက်ရှာဖွေနိုင်တဲ့ အခွင့်အရေးလမ်းစမရှိတဲ့အပေါ်မှာလည်း ထပ်ပြီးတော့ စိတ်ထိခိုက် သွားလိမ့်မယ်။ ဒါကြောင့် တိရစ္ဆာန်တွေ ဖြတ်သွားတတ်တဲ့ ဒီနေရာမှာ အခွံတွေကို အခုလိုနေရာခြားခြားပြီး နည်းနည်းစီ ပုံထားလိုက်ခြင်းဖြစ်တယ်။ တိရစ္ဆာန်တွေမြင်ရင်စားသွားကြလိမ့်မယ်၊ အစေ့တွေကို တစ်နေရာတည်းမှာ ပစ်ထားလိုက်ရတာကတော့ အဲဒီနေရာဟာ ကလေးတွေဆော့ကစားနေကြနေရာဖြစ်တယ်။ ကလေးတွေမြင်ရင် ဖွတ်စားချင်ရင် စားနိုင်ဖို့အတွက်ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ်၊ ဒီအခွံနဲ့ အစေ့ တွေဟာလည်း အရှင်မြတ်ချီးမြှင့်ထားတဲ့ နိအ်မသ် (ကျေးဇူးတော်) တွေပဲ၊ အလဟဿလုပ်ပစ်လို့ မဖြစ်ဘူး” ဟု ရှင်းပြလိုက်လေတော့၏။

ဤအကြောင်းအရာကို ထောက်ရှု၍ အရှင်မြတ်၏အချစ်တော်များ၏ လူအများနှင့်ပတ်သက်၍ဆောင်ရွက်ပုံများသည် မည်မျှနက်နဲသိမ်မွေ့လှကြောင်း သိရှိနိုင်၏။ ဤမျှသေးဖွဲသော ကိစ္စကိုပင်လျှင် အလွန်ကြီးကျယ်သော အမြော်အမြင်ဖြင့် ဆောင်ရွက်ခဲ့ကြ၏။ ယနေ့ကျွန်ုပ်တို့သည်ကား လူအများအား အကျိုး ပြုရန်ဝေးစွ၊ ကျွန်ုပ်တို့၏ မဆင်မခြင် ပြောဆိုမှု၊ မဆင်မခြင်ပြုမူဆောင်ရွက်မှု၊ အခြေအနေကို မသုံးသပ်ဘဲလုပ်ကိုင် ဆောင်ရွက်မှုများကြောင့် များစွာသော သူများစိတ်ထိခိုက်ခဲ့ရ၏။ အမျက်ဒေါသမျိုသိပ်ခဲ့ရ၏။ မျက်ရည်ကျခဲ့ရ၏။နာကြည်းမုန်းတီးသွားခဲ့ကြ၏။ အရှက်တကွဲ ဖြစ် ခဲ့ရ၏။ ဤသို့သော ပုဂ္ဂိုလ်မွန်တို့၏ အကြောင်းအရာများနှင့် ကျွန်ုပ်တို့၏ လုပ်ရပ်များအား နှိုင်းယှဉ်ကြည့်လိုက်ပါက ...... ?

ဤသို့သော ပုဂ္ဂိုလ်မွန်တို့၏ ဘဝသက်တမ်းသည် အရှင်မြတ်၏နှစ်သက်မှုအားနက်နက်နဲနဲ ရှာဖွေရင်းကုန်လွန်ခဲ့ကြပေပြီ။ ယနေ့ထိုပုဂ္ဂိုလ်မွန်များ မရှိတော့။ ၎င်းတို့၏မှတ်သားဖွယ်အဖြစ်အပျက်များသည် ကားကျွန်ုပ်တို့၏ ဘဝသက်တမ်းအတွက် အားတက်ဖွယ်၊ သံဝေဂရဖွယ်၊ သင်ခန်းစာ များအဖြစ်ကျန်ရှိလျက်---

**ဟာဗိဇ်ရုဗ်(အဆ်အဒ်ယဟ်)**

**B.Sc(Botany), H.G.P(ပုသိမ်)**

Ulama Deoban by Mufti Taqee



This document is created with trial version of Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

မျက်မှောက်ခေတ်အမျိုးသမီးများနှင့်

# ဟိဂျာဗ်(ပရဒါဟ်)

AWAKE TO THE CALL OF ISLAM
Translated by
(U Khin Maung Gyi, Advocate, Mdy;)

မုပ်သီအာ ဒမ်(မဇ္ဇာ ဟေရီ)ကပြန်လည်ကူးယူဖော်ပြသည်၊

လူအားလုံးသည် မိမိဘဝ သက်တမ်းကို မိမိကြိုက်သောပုံစံနှင့် ကုန်လွန်စေကြပါသည်။ ယနေ့ အမျိုးသမီးများသည် လွတ်လပ်ဖို့ ပြောနေကြသည်။ သို့သော် သူမအမှန်တကယ် လွတ်လပ်ပါပြီလား?

ဆန့်ကျင်ဘက် သဘောအားဖြင့် ကြည့်လျှင် သူမတို့ဆိုသော လွတ်လပ်မှုသည် သူမ၏ ဘဝအား ဆိုးဝါးလှသော အခိုင်းအစေဘဝသို့ လျော့ကျခံရခြင်းပင် ဖြစ်သည်။ သူမ၏ဘဝသည် ကျွန်သပေါက်မဘဝထက် အဆင့်အတန်း ဆိုးဝါးစွာ လျော့ကျသွားပါတော့သည်။

အမျိုးသားများသည် စီးပွားရေး ကောင်းမွန် တိုးတက်ရေးကို အကြောင်းပြု၍ အိမ်တွင်းကော အိမ်ပြင်ပါ နှစ်ဌာနစလုံး သူမကို အလုပ်လုပ်ခိုင်းပါသည်။ ထိုသို့ခိုင်းစေ၍ ကိုယ်ကျိုးရှာသင့်ပါသလား? အမျိုးသားများသည် ၎င်း၏ စီးပွားရေး အခက်အခဲကို ပြေလည်စေရန် အမျိုးသမီးများကို အစေခံသဖွယ် အတင်းအကြပ်ခိုင်းစေ၍ အလုပ် လုပ်ခိုင်းသည်။ အစ္စလာမ် သာသနာ့ဝင် အမျိုးသမီးဖြစ်ရခြင်း၏ ဂုဏ်သိက္ခာကို လျစ်လျူရှု၍ ပြင်ပလူနေမှုဘဝတွင် ကျင်လည်မှု စတင်စေခဲ့သည်။ ဤနည်းလမ်းဖြင့် အမျိုးသမီးသည် သူမကိုယ်သူမ ဂုဏ်ရည်နိမ့်စေပါသည်။ အစ္စလာမ်ဘာသာက သူမကို သွန်သင်ထားသော "သင်မသည် သင်မအိမ်၏ အိမ်ကြီးရှင်မ ဖြစ်သည်၊ သင်မ၏ လင်ယောကျ်ားသည် သင်မအတွက် ကျွေးမွေးစောင့်ရှောက်ရန် တာဝန်ရှိသည်။ လင် ယောကျ်ားသည် အမျိုးသမီးတို့၏ စားဝတ် နေထိုင်ရေးအတွက် တာဝန်ယူရသည်"....



This document was created using Smart PDF Creator
To remove this message, purchase the product at www.SmartPDFCreator.com

> **ယနေ့ အမျိုးသမီးများသည် ထူးဆန်းထွေလာ ပျော်ပြေရေးနှင့် အမျိုးသားများ ကျေနပ်နှစ်သိမ့် စေရန် အတွက် အသုံးချခံသဖွယ် ဖြစ်နေကြ သည်။**

ဆိုသော ရပိုင်ခွင့် အခွင့်အရေးများကို လက်လွှတ် ဆုံးရှုံးခံလိုက်ရခြင်းပင် ဖြစ်သည်။

ယနေ့ အမျိုးသမီးများသည် ထူးဆန်းထွေလာ ဖျော်ဖြေရေးနှင့် အမျိုးသားများကျေနပ်နှစ်သိမ့်စေရန် အတွက် အသုံးချခံသဖွယ် ဖြစ်နေကြသည်။ သူမ၏ ခန္ဓာကိုယ်ဖော်ထုတ် ပြသနေရခြင်းကိုပင်လျှင် အရှက်တရားအတွက် ခံစားခြင်း အလျင်းမရှိ။ စိတ်စနိုးစနောင့်ဖြစ်ခြင်း လုံးဝမရှိကြောင်း အံ့သြလောက်ဖွယ် တွေ့ရပါသည်။ အမျိုးသမီးများ၏ ပင်ကိုသဘာဝသည် အရှက်ကြွေ့ အလွန်ကြီးမားပါသည်။ သို့သော်လည်း အချို့အမျိုးသမီးတို့သည် အရှက်နည်းစွာဖြင့် (စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ကလပ်များ၊ ဘားများ) တွင် ခန္ဓာကိုယ် ဖော်ထုတ်ပြသရာ၌ ပွဲကြည့်ပရိသတ် အဖြစ်လည်းကောင်း၊ တစ်ခါတစ်ရံ ကိုယ်တိုင် ကိုယ်ကျပင်လည်းကောင်း ပါဝင်နေကြပါသည်။ ယခုကဲ့သို့ ပြုလုပ်ခြင်းဖြင့် သူမ ပျော်ရွှင် ကျေနပ် ဝမ်းမြောက်ပါသလား? သို့တည်းမဟုတ် ပျော်ရွှင်ကျေနပ်မှုကို ပြသရန်အတွက် သူမ၏ ခန္ဓာကိုယ်ကို ဖော်ထုတ်ပြသခြင်းလား?

ထိုအလုပ်များမှ ငွေကြေးများရရှိသည်ဟု ဆိုပါ သည်။ မည်သူတွေက၊ မည်သည့်အရာက သူမအား ဤမျှလောဘတကြီး ခန္ဓာကိုယ်ကို ရောင်းစားစေ လောက်အောင် အတင်းအကြပ် တိုက်တွန်းနေသနည်း?

ယနေ့၊ အမျိုးသမီးများကို စာနာ ထောက်ထားသည့် လူများ တော်တော်များများ ရှိပါသည်။ သို့သော်လည်း ထိုလူများထဲမှ များစွာသော သူတို့သည် လူ့လောကကြီးကို အကုသိုလ်နွံ့တွင်းသို့ ရောက်အောင် ပြုနေကြသူများ ဖြစ်ကြပါသည်။ ထိုသူတို့သည် အမျိုးသမီးများ၏ အသိပညာအပေါ် စိတ်ဝင်စားမှု မရှိကြပါ။ လူပုဂ္ဂိုလ် (သူမ၏ခန္ဓာကိုယ်)ကိုသာလျှင် စိတ်ဝင်စားမှုရှိပါသည်။ သူမတို့ကို ဆုံးမပဲ့ပြင်ခြင်းနှင့် ဆန်းစစ်ဝေဖန် သုံးသပ်ပေးခြင်းတို့မရှိပါ။ ဤသို့ဆိုလျှင် အမျိုးသမီးများအဖို့ မိမိကိုယ်မိမိ မွန်မြတ်သန့်စင်စေရန် မည်သို့ ကာကွယ်နိုင်ကြမည်နည်း။ သူမသည် လွတ်လွတ်လပ်လပ် ဖြစ်နေသောကြောင့် မည်သူ တစ်ဦးတစ်ယောက်သည်လည်း သူမ၏ ကာကျွန္ဒြနှင့် မွန်မြတ်သန့်စင်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်စေရန်၊ ပြောရဲ၊ အကြံ ပေးရဲပါမည်နည်း။

လွတ်လပ်မှုသည် အမျိုးသမီးတို့ အဖို့ အဆိပ်အတောက်ဖြစ်ပါသည်။ သူမ၏ အသိအမြင်နှင့် ချင့်ချိန်တိုင်းတာနိုင်မှုကိုလည်း ဆုံးရှုံးစေပါသည်။

This document was created using SmartPDFCreator. To remove this message purchase the product at www.SmartPDFCreator.com

**အမျိုးသမီးနှင့် အမျိုးသား ထွေးရော ယှက်တင် နေထိုင်ခြင်းသည် မျိုးနွယ်တစ်ရပ်လုံးအား မကောင်းမှု အပေါင်းကို နှိုးဆော်၍ စာရိတ္တ ပျက်စီး နစ်မွန်း ဆုံးရှုံးစေသည်။**

လူများက သူမကို သိက္ခာမရှိမှု၊ မရိုးသားမှုနှင့် ကာဏ္ဍန္ဒြေမရှိမှုတို့ အတွက် ပြစ်တင်ဝေဖန်မှုပြုလျှင်လည်း ဂရုမစိုက်တော့။ ဂုဏ်သရေနိမ့်သော အပြုအမူများနှင့် ရမ်းကားမှုများကို ပွင့်ပွင့်လင်းလင်း ပြုလုပ်နေရသည်ကို ပင်လျှင် သူမက နှစ်သက်သကဲ့သို့ ဖြစ်နေ သည်။

အမျိုးသမီးတစ်ဦးသည် လွတ်လပ်နေသည်ဟု ယုံကြည်တွေးထင်သောကြောင့် အကယ်၍ တစ်စုံတစ်ယောက်က သူမ၏မိဘ၊ မောင်ဖွားနှင့် လင်သား ရှေ့တွင် သူမ၏ပိုမျစ်မှု၊ လှပမှုနှင့် တပ်မက်နှစ်လိုဖွယ်ကောင်းမှုတို့ကို မှတ်ချက်ချပြောဆိုလျှင်ပင် ယင်းသည် ရိုင်းစိုင်းသော၊ စော်ကားမော်ကား ပြုမှုတစ်ရပ်အဖြစ် မမှတ်ယူတော့ပါ။

သူမ၏အရှက်နည်းမှု၊ ဣန္ဒြေသိက္ခာမဲ့မှုသည်လည်း၊ သူမ၏ လွတ်လပ်မှုဘောင်အတွင်း ပါဝင် နေသယောင် လူအားလုံးက ယုံကြည်လက်ခံထားသည်ဟု ထင်နေသည်။

အချို့သူတို့သည်လည်း သူမအား အရှက်နည်း၍ ဣန္ဒြေသိက္ခာမဲ့သောဘဝဟု မြင်ရမည့်အစား၊ အမျိုးသမီးသည် အမှန်တကယ် လွတ်လပ်သင့်သည်၊ လွတ်လပ်စွာ နေထိုင်ခွင့်ရှိသည်ဟု ထင်မြင်ယူဆနေကြသည်။ အတုမြင် အတတ်သင်ချင်ကြသည်။ ဤသည် မျက်မှောက်ခေတ် အခြေအနေဖြစ်သည်။

ဤသို့ဖြင့် တစ်စတစ်စ ပျက်စီးမှု ဝဲဂယက်ထဲသို့ ဆင်းသက်ရပေတော့မည်။ လူ့အသိုက်အဝန်း တစ်ခုလုံး ယိုယွင်းပျက်စီးရတော့မည်။ ထို့ကြောင့် ခေတ်အဆက် ဆက် ဤအန္တရာယ်မှ ကင်းနိုင်ရန် အစ္စလာမ်သာသနာ တော်သည် ဟိဂျာ့ဗ် (အမျိုးသမီးမျာ လုံခြုံစွာနေ ထိုင်ခြင်း) ဥပဒေအား လေးလေးနက်နက်၊ မလွဲမသွေ လိုက်နာကြရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

## ဟိဂျာ့ဗ်၏ ရည်ရွယ်ချက်

ဟိဂျာ့ဗ်၏ စည်းကမ်းသတ်မှတ်ရခြင်း (တစ်နည်း) အမျိုးသမီးများကို လုံခြုံစွာထိန်းသိမ်းရခြင်း၏ ရည်ရွယ်ချက်မှာ လူသားတို့၏ ကိုယ်ကျင့်တရားများနှင့် ဝိညာဉ်နာမ်ပိုင်းဆိုင်ရာတို့ကို ကာကွယ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်သည်။

မုစ်လင်မ်တို့သည် ကိုယ်ကျင့် တရားနှင့် နာမ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု မရှိလျှင် လောကီဘဝနှင့် တမလွန်ဘဝ၌ပါ အောင်မြင်ရန် မျှော်လင့်ချက် လုံးဝမရှိတော့ပါ။ အမျိုးသမီးနှင့် အမျိုးသား ထွေးရောယှက်တင် နေထိုင်ခြင်းသည် မျိုးနွယ်တစ်ရပ်လုံးအား မကောင်းမှု အပေါင်းကို နှိုးဆော်၍ စာရိတ္တ ပျက်စီးနစ်မွန်း ဆုံးရှုံးစေသည်။



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

**အသိဉာဏ်ရှိ၍ ယဉ်ကျေးသောသူများသည် တရားတော်နှင့် ဆန့်ကျင်သော အမျိုးသား၊ အမျိုးသမီး ရောထွေး ဆက်ဆံခြင်းဖြင့်၊ စာရိတ္တပျက်ယွင်းသော မကောင်းမှုကြီး ဖြစ်လာနိုင်သည်ကို အငြင်းဝင်မည် မဟုတ်ပါ။**

အမျိုးသား၊ အမျိုးသမီး ထွေးရောယှက်တင်နေထိုင်မှုကို တားမြစ်ပိတ်ပင်ရခြင်းမှာ လူ၏ပင်ကိုယ် ရမ္မက်ပြင်းထန်မှုနှင့် နိမ့်ကျသော စိတ်များ၏ မကောင်းမှု အပေါင်းမှ ကာကွယ်ရန်ဖြစ်ပါသည်၊ ဤသည် အစ္စလာမ်၏ ရည်ရွယ်ချင်း ဖြစ်သည်။

ကုရ်အာန် ကျမ်းမြတ်၌ တမန်တော်၏ ကြင်ယာတော်များအား သန့်ရှင်းစင်ကြယ်သော ကြင်ယာတော်များဟုလည်းကောင်း၊ မုအ်မင်န်တို့၏ မိခင်ကြီးများ အဖြစ် လည်းကောင်း ရည်ညွှန်းထားပါသည်။

၎င်းတို့သည် အဆင့်အတန်း မြင့်မားမှု၊ မွန်မြတ်မှု၊ သန့်ရှင်းစင်ကြယ်မှု၊ ဘာသာတရား ကြည်ညိုမှုများနှင့် ပြည့်စုံ နေသော်လည်း အလ္လာဟ် အရှင်မြတ်သည် ဤအကြောင်းရပ်၌ တားမြစ်ပိတ်ပင်ထားပါသည်။ တမန်တော်မြတ်၏ ကြင်ယာတော်များပင်လျှင် အမျိုးသားများနှင့် စကားပြောဆိုရန် လိုအပ်၍ ပြောဆိုရာတွင် ကနွဲ့ကလျ ပြောဆိုခြင်း မပြုရန် ကုရ်အာန် ကျမ်းတော်မြတ်က တားမြစ်ထားသောကြောင့် ဆွဟာဗဟ် ကြီးများသည်ပင် မုအ်မင်တို့၏ မိခင်ကြီးများနှင့် စကားပြောဆို ရာတွင် ကန့်လန့်ကာ နောက်မှနေ၍ ပြောဆိုကြရပြီး မြင့်မြတ်သော မိခင်ကြီးများကလည်း တမင်တကာ အသံကို မာမာထန်ထန် ပြောင်း၍ ပြန်လည် ပြောကြားခဲ့ကြသည်။

ဤကဲ့သို့ မြင့်မြတ်သော ဆွဟာဗဟ်ကြီးများ အပေါ်တွင်ပင်လျှင် အမျိုးသားများနှင့် အမျိုးသမီးများ အကြား အန္တရာယ်ကြီးမားသော ဆန္ဒရမ္မက်ကြောင့် ဟိဂျာ့ဗ်ကို အတင်းအကြပ် မလုပ်မနေရဆိုလျှင်ယနေ့ စာရိတ္တ အကြီးအကျယ် ပျက်စီးနေသော ခေတ်ကာလတွင် မည်သည့် အတိုင်းအတာအထိ လိုအပ်မည်ကို စဉ်းစား ကြည့်နိုင်ပါသည်။

### အရှက်တရား၊ ကိုယ်ကျင့်တရားနှင့် အနောက်တိုင်း ယဉ်ကျေးမှု

အစ္စလာမ်သာသနာသည် လူသားထု တစ်ရပ်လုံး၏ ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ တရားများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသည်။ ထို့အတွက် မကောင်းမှုများကို တင်ပြ၍ တားမြစ်ထားပါသည်။ အသိဉာဏ်ရှိ၍ ယဉ်ကျေးသောသူများသည် တရားတော်နှင့် ဆန့်ကျင်သော အမျိုးသား၊ အမျိုးသမီး ရောထွေး ဆက်ဆံခြင်းဖြင့်၊ စာရိတ္တပျက်ယွင်း သော မကောင်းမှုကြီးဖြစ် လာနိုင်သည်ကို အငြင်း ဝင်မည် မဟုတ်ပါ။ ကာဖိရ် (ငြင်းပယ်သူ) များနှင့် မုရှ်ရစ်က် (တုဖက်ကိုးကွယ်သူ) များသည် ပင်လျှင် ကန့်ကွက်မည် မဟုတ်ပါ။



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

**မျက်မှောက်ခေတ် အနောက်တိုင်းသားတို့၏ ခေတ်မီသည်ဆိုသော ယဉ်ကျေးမှုသည် စာရိတ္တ ပျက်ယွင်းမှု တွင်သာ ပိုပါသည်။**

ကမ္ဘာဦး ကာလမှစ၍ လိင်မှု ဆိုင်ရာ လွတ်လပ်မှု ဝါဒသည် လူသားထုအား ပျက်စီးစေတတ်ကြောင်း လူသားအားလုံး လက်ခံထားကြပါသည်။ ဘာသာအားလုံး၊ လူမျိုးအားလုံး အပြင် ဘာသာမဲ့များပင်လျှင် ယေဘူယျ အမြင်တူညီ ကြပါသည်။ **ပစ္စုပ္ပန် ခေတ်ရုပ်ပိုင်းဆိုင်ရာ** တိုးတက်မှု **အပိုင်းနှင့်** နာမ်ပိုင်း **ဆိုင်ရာ** ဆုတ်ယုတ်မှုတို့ကို **မှတ်ကျောက်**တင်မှုတွင်သာ ကွဲလွဲသော **အမြင်ရှိ**ပါသည်။

မျက်မှောက်ခေတ် လူအချို့သည် အကုသိုလ် ဒုစရိုက်နှင့် စာရိတ္တပျက်ယွင်းသော ရွံ့ရှာစက်ဆုပ် ဖွယ်ရာများကို စိတ်ပါနေကြသည်။ ထိုသူတို့သည် လိင်မှုဆိုင်ရာ အချုပ်အခြယ်ကင်းလွတ်ခြင်းနှင့် အကုသိုလ်ဒုစရိုက်မှုဖြစ်သော အခွင့်မဲ့လိင်ဆက်ဆံမှု နယ်ပယ်တွင် စိတ်ထိခိုက်မှု လုံးဝမရှိတော့ဘဲ အချိန်အနည်းငယ်အတွင်း လိင်မှုကိစ္စကို မကောင်းဆိုးဝါးပမာ မိတ်ဖက်ပြုလာကြသည်။ အရှက်တရား အားလုံးနှင့် တင့်တယ်လျောက်ပတ်သော အပြုအမူအားလုံးသည် အနောက်တိုင်း ပုံစံ လွတ်လပ်မှုဝါဒအောက်တွင် စုံးစုံးမြုပ်၍ လူတို့၏ စိတ်နှလုံးသားထဲမှ နှင်ထုတ်ခြင်း ခံနေရပါသည်။ တစ်မျိုးသားလုံး၏ အရှက်နှင့် ကိုယ်ကျင့်တရား၊ မိုးသားမှုနှင့် သန့်စင်မှုတို့သည် အနောက်တိုင်းလွတ်လပ် သောယဉ်ကျေးမှုနှင့် ယင်း၏လိင်ကိစ္စထွေးရောယှက် တင်ပြုမှု၊ တရားတော်နှင့်ဆန့်ကျင်သော ကာမဆက်ဆံမှုတို့ကို ခွဲခြားထားသော ကန့်လန့်ကာ ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် အနောက်တိုင်းကိလေသာတပ်မက်သော ရောနှောရှုပ်ထွေးမှုသည် ကြမ္မာ ဆိုးဝင်ရောက်ပူးကပ်နေသော ထိုသူတို့၏ ယဉ်ကျေးမှု နယ်ပယ်ထဲတွင် နေရာယူထားပါသည်။

ဟီရိုဩတ္တပတရားများ၊ ဝိညာဉ်နာမ်ပိုင်းဆိုင်ရာများ၊ စာရိတ္တသန့်စင်မှုများကို အနောက်တိုင်း ခေတ်လွန်ယဉ်ကျေးမှုနှင့် ဆက်နွယ်ပေါင်းဖက်**မှုသည် စင်စစ်** ဖောက်ပြန်မှုကြီးပင်ဖြစ်ပါသည်။ **အမျိုးသား** ယဉ်ကျေးမှုတွင် ဤလွဲချော်လမ်းမှားသော စာရိတ္တပျက်စီးမှုကြီးစူးစူးစိုက်စိုက်၊ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဝင်ရောက်မှုကို မည်သည့်အခါမျှ ခွင့်မပြုသင့်ပါ။ လူသားတို့၏ သမိုင်းစဉ် တစ်လျှောက်တွင် ယင်းဆက်သွယ် ကူးလူးဆက်ဆံမှု၏ မကောင်းမှု အကျိုးဆက်ကို မျှဝေခံစားခဲ့ရပါသည်။ မျက်မှောက်ခေတ် အနောက်တိုင်းသားတို့၏ ခေတ်မီသည်ဆိုသော ယဉ်ကျေးမှုသည် စာရိတ္တပျက်ယွင်းမှုတွင်သာ ပိုပါသည်။

အနောက်နိုင်ငံသားများထက်ပို၍ လမ်းလွဲသော၊ ကာမကျူးလွန်သော၊ စာရိတ္တပျက်ယွင်းသော သူများမရှိပါ။ အနောက်တိုင်းရုပ်ပိုင်းဆိုင်ရာ အယူဝါဒ များနှင့် လိင်မှုဆိုင်ရာလွတ်လပ်ခွင့်ဝါဒ၊ စာရိတ္တ ပျက် ယွင်းသော လိင်ဆက်ဆံမှု အပြုအမူတို့သည် အသီးသီး အပြန်အလှန် ဆက်နွယ်နေကြပါသည်။ ဤကဲ့သို့

This document was created using Solid PDF Creator
To remove this message purchase the product at www.SolidDocuments.com

**ဝမ်းနည်းစရာ ကောင်းသည်မှာ ယနေ့ မုစ်လင်မ်များသည်အနောက်တိုင်း လွတ်လပ်မှု ဝဲဂရက်ထဲ ကျရောက်နေခြင်းပင် ဖြစ်ပါသည်။**

စာရိတ္တ ယိုယွင်းသော စိတ်ခံတ် များသည် အနောက် တိုင်းသားတို့၏ စိတ်ထဲဝယ် စိမ့်ဝင်လျက်ရှိပါသည်။ လွန်လေပြီးသော ကာလကတည်းက မကောင်းမှု ဒုစရိုက် များနှင့် စာရိတ္တ ပျက်စီးမှုများသည် အမျိုးသားထုကြားသို့ တစ်စတစ်စ ဝင်ရောက်လာပါသည်။ သို့သော် လည်း ယင်းကိစ္စများသည် အနောက်တိုင်း လူနေမှုစနစ် အတွင်းတွင် တစ်စုတစ်ဝေးတည်း တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

***ဝမ်းနည်းစရာ ကောင်းသည်မှာ ယနေ့ မုစ်လင်မ်များသည် အနောက်တိုင်း လွတ်လပ်မှု ဝဲဂရက်ထဲ ကျရောက်နေခြင်းပင် ဖြစ်ပါသည်။ (အလ္လာဟ်ရှင် ကယ်မတော်မူပါစေ)***

ကျွန်ုပ်တို့ နေထိုင်ပုံဘဝသည် အဆင့်တိုင်း၊ အဆင့်တိုင်းတွင် စာရိတ္တပျက်ယွင်းနေသော အနောက်တိုင်း ဘဝပုံစံအတိုင်း တုပကျင့်သုံးလျက် ရှိပါသည်။ ဂုဏ်သရေနှင့် အရှက်တရားများသည် အနောက်တိုင်း ဘဝပုံစံ၏ မိတ်ဖက်များ မဟုတ်ပါ။ အနောက်တိုင်း လူနေမှု စနစ်အောက်တွင် တရားတော်နှင့် မညီသော ကာမဆက်ဆံမှုကို စွဲလမ်းမှုနှင့် ထိုသူတို့ ကိုယ်တိုင်ရေးသား တင်ပြချက်များအရ အရှက်တရားများသည် လုံးဝ ပျောက်ကွယ်နေပါသည်။

အချို့ မုစ်လင်မ်များသည်လည်း တမန်တော်မြတ် မိန့်ကြားတော်ခဲ့သော "အရှက်သည် အီမာန် (ယုံကြည် သက်ဝင်မှု) ပြည့်စုံစေရန် လိုအပ်သော အစိတ်အပိုင်းဖြစ်သည်" ဟူသည့် အချက်မှ လွန်မင်းစွာကင်းဝေးလျက်ရှိပါသည်။

အနောက်တိုင်းယဉ်ကျေးမှုတွင် အမျိုးသမီး၏ ခန္ဓာကိုယ်လှစ်ဟခြင်းနှင့် ထုတ်ဖော်ပြသခြင်းများသည် ကြီးကျယ်သော အနုသုခုမ ပညာရပ်ဖြစ်သည်။ ဤကဲ့သို့ ပြပွဲကျင်းပခြင်းများသည် အနောက်တိုင်း လူ့ဘဝတွင် ကြီးစိုးလွှမ်းမိုးနေပါသည်။ စင်စစ်မှာ ***လိင်မှုဆိုင်ရာ ခင်းကျင်းပြသမှုဝါဒသည် အနောက်တိုင်း ယဉ်ကျေးမှု အဆင့်အတန်း နိမ့်လာမှုကို ဖော်ပြသော ရေချိန်ပင်ဖြစ်ပါသည်။***

ယင်းသည် ကုရ်အာန် ကျမ်းတော်မြတ်တွင် ဖော်ပြပါရှိသော အမှောင်ခေတ်က စက်ဆုပ်ဖွယ် အမျိုးသမီးများ၏ လုပ်ရပ်များထက်ပင် ဆိုးဝါးပါသည်။ လွန်လေပြီးသော အချိန်က အမျိုးသမီးပြပွဲ ပြုလုပ်ခြင်းသည် အသိပညာကင်းမဲ့သော ရှက်ဖွယ်လိလိ ကောင်းသော လုပ်ရပ်ဖြစ်ကြောင်း စဉ်းစားဆင်ခြင်နိုင်ပါသည်။

စာရိတ္တမဏ္ဍိုင် ယိုယွင်းနေသော အသူတစ်ရာနက်သည့် ချောက်ထဲမှ လူ၏ကိုယ်ကျင့်တရား ကောင်းမွန်စေရန် ကယ်တင်ရေးမှာ အစ္စလာမ်ဘာသာ၏ သဘော ထားအမှန်ပင် ဖြစ်ပါသည်။

အစ္စလာမ်သာသနာတော်က ကိုယ်ကျင့်တရား ပျက်စီးသော နယ်နိမိတ်ဆီသို့ လူတစ်



This document was created using Smart PDF Creator. To remove this message, please purchase the product at www.SmartPDFCreator.com

**ခေတ်မီသည်ဆိုသော မုစ်လင်မ်များ သည်လည်း အနောက်တိုင်း လွတ်လပ်မှုအောက် တွင် သောက်စားမူးယစ်ကာ အမျိုးသမီးတို့၏ အရှက်နှင့် ကာဏ္ဍ‌ြေကို လုယက်တိုက်ဖျက်၍ တရားတော်၏ ကာရံတားဆီးမှုများကို ဖျက်လို ဖျက်ဆီးလုပ်လျက် ရှိပါသည်။**

ယောက်အား ဦးတည်စေခြင်းမှ တားမြစ်ထားပါသည်။

အားလုံးကို ခြုံငုံလိုက်သော်၊ အစ္စလာမ် ဘာသာ၌ လူ၏ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် တိုးတက်မှုတို့အတွက် ဟိဂျာ့ဗ် (တစ်နည်း) ပရ်ဒဟ် (တစ်နည်း) အမျိုးသမီးများ၏ ခန္ဓာကိုယ် လုံခြုံမှုသည် အရေးကြီးဆုံးဖြစ်သည်ဟု အလ္လာဟ် အရှင်မြတ်၏ အာယသ်တော်များအရ သိရှိရပါသည်။

လူသားထု၏ ကိုယ်ကျင့်တရား ဆိုင်ရာ ဂုဏ်ရည်ကို ကာကွယ် တားဆီး ပေးရန် အလ္လာဟ်အရှင်မြတ်က မိန့်တော်မူထားသော (ဟိဂျာ့ဗ်) ကျင့်စဉ်တရားကို အနောက်တိုင်း ယဉ်ကျေးမှုက ဖျက်ဆီးရန်ကြိုးစား နေပါသည်။ လွန်ကျူးလိုသောရမ္မက်၊ ပြင်းပြသော ကာမဆန္ဒနှင့် လူမဆန်သော စိတ်ယုတ်တို့ အတွင်းသို့ အမျိုးသမီးများကို တွန်းပို့ခြင်းဖြင့် အမျိုးသမီးများ၏ ပရ်ဒဟ် (ဟိဂျာ့ဗ်) ကို ပျက်စီးစေခဲ့သည်။

အစ္စလာမ့် ဟိဂျာ့ဗ်ကို အနောက်တိုင်း "ကုဖ်ရ်" (သွေဖည်ငြင်းပယ်မှုသည်) လက်ဦးကပင် တစ်ဟုန်ထိုးဆန့်ကျင်ခဲ့၏။ ခေတ်မီသည် ဆိုသောမုစ်လင်မ်များသည်လည်း အနောက်တိုင်း လွတ်လပ်မှုအောက်တွင် သောက်စားမူးယစ်ကာ အမျိုးသမီးတို့၏ အရှက်နှင့် ကာဏ္ဍ‌ြေကို လုယက်တိုက်ဖျက်၍ တရားတော်၏ ကာရံတားဆီးမှုများကို ဖျက်လိုဖျက်ဆီး လုပ်လျက်ရှိပါသည်။

ဟိဂျာ့ဗ်၏ ရည်ရွယ်ရင်းသည် လူသားထုအား ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ သန့်စင်မှုရှိရန် ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အစ္စလာမ်သည် အပျော်တမ်း ဖိုမ ဆက်ဆံခြင်းနှင့် ကိုယ်ကျင့်တရား ဖောက်ပြန်ခြင်းများကို ဖြစ်စေသော ထွက်ပေါက်ဟူသမျှကို ပိတ်ဆို့ထားပါသည်။

ဟိဂျာ့ဗ်ကို စွန့်ပစ်ခြင်းဖြင့် စာရိတ္တပျက်ယွင်းခြင်းကို ဦးတည်စေကြောင်းမှာ အနည်းငယ်မျှ သံသယဖြစ်စရာ မရှိပါ။ တစ်နည်းအားဖြင့် ဟိဂျာ့ဗ်ကို စွန့်လွှတ်ခြင်းသည် (ဇေနာ) တရားမဝင် လိင်ဆက်ဆံရေးကို အစပျိုးဖော်ဆောင်ခြင်းပင်ဖြစ်သည်။ ရှရီအသ်တရားတော်သည် မကောင်းသောအပျော်တမ်းလိင်ဆက်ဆံခြင်း တစ်ခုတည်းကိုသာ တားဆီးပိတ်ပင်သည် မဟုတ်ပါ။ ဤသို့ စက်ဆုပ်ရွံရှာဖွယ် ကောင်းသော ဆက်ဆံမှု နည်းလမ်း အားလုံးကို ကုရ်အာန် ကျမ်းတော်မြတ်အရ တားမြစ်ခြင်း ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်က မိန့်မွတ် ကြွေငြာထားသည်မှာ-

"ဇေနာကာမဂုဏ်ကျူးလွန်မှုအနားသို့ ဘယ်သောအခါမျှမချဉ်းကပ်နှင့်"

(စူရဟ်ဗနီအိစ်ရာအီးလ်၊ အာယသ်တော် ၃၂)

ဇေနာဖြစ်စေသော မည်သည့် လုပ်ဆောင်ချက်ကိုမဆို၊ မည်သည့် နည်းလမ်းကို မဆို



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

**မုစ်လင်မ် အမျိုးသမီးများအား မိမိတို့ ကိုယ်ကို လှစ်ဟပြသမှု မပြုလုပ်ရန် ကုရ်အာန် ကျမ်းတော်မြတ်က သတိပေးထားပါသည်။**

ဤအာယသ်တော်မှ တားမြစ်ထားပါသည်။ ထို့အပြင် ဤအာယသ်တော် သည် ဇေနာမှုကို ဆက်သွယ်ပေးသောနည်းလမ်းနှင့် အပြုအမူ အားလုံးအား လေးနက်စွာ တားမြစ်ထားသော တားမြစ်ချက်ဖြစ်ပါသည်။

သို့ဖြစ်၍ ဇေနာမှု အနားသို့ချဉ်းကပ်သော အပြု အမူအားလုံးသည် ဟရာမ် (သို့မဟုတ်) တားမြစ်ထားသောအရာ ၊ မလုပ်ပိုင်သော အရာများ ဖြစ်သည်။ ဟိဂျာ့ဗ်ကို စွန့်လွှတ်ခြင်း (သို့မဟုတ်) လိင်မှုဆိုင်ရာ ရောနှော ဆက်ဆံခြင်းသည် ရှိုင်သွာန် (မိစ္ဆာ)၏ အကြီးမားဆုံးသော ကျော့ကွင်းသို့ ချဉ်းကပ်ခြင်းဖြစ်သည်၊

အမျိုးသား၊ အမျိုးသမီး စည်းကမ်းမဲ့ ရောနှော ဆက်ဆံခြင်းသည် လူသားအစအာဒမ် သခင်မှ တမန်တော်မြတ်၏ အချိန်ကာလထိ ကမ္ဘာ့လူသားတို့ လက်ခံနိုင်သော အရာ မဟုတ်ပါ။ ကမ္ဘာ့မိသားစုဝင်များသည် လွန်လေပြီးသော အချိန်များကပင် ယောကျ်ားများ အစုအဝေးတွင် အမျိုးသမီးများအား ဂရုပြုထိန်းသိမ်း စောင့်ရှောက်ပေးလေ့ ရှိပါသည်။ လိင်မှုဆိုင်ရာ လွတ်လွတ်လပ်လပ် ရောနှောမှုသည် ကိုယ်ကျင့်တရား မကောင်းသော၊ အမျိုးညှံ့ဖျင်းစေသော နည်းလမ်း ဖြစ်ပါသည်။

ကုရ်အာန် ကျမ်းတော်မြတ် ကလည်း အဆိုပါ ရောနှောဆက်ဆံမှုကို 'အမှောင်ခေတ်က ခန္ဓာကိုယ် လှစ်ဟပြမှုများအဖြစ် ရည်ညွှန်း ဖော်ပြထားပါသည်။ မုစ်လင်မ် အမျိုးသမီးများအား မိမိတို့ကိုယ်ကို လှစ်ဟပြသမှု မပြုလုပ်ရန် ကုရ်အာန်ကျမ်းတော်မြတ်က သတိပေးထားပါသည်။ အမှောင်ခေတ်က စာရိတ္တပျက်၍ စက်ဆုပ်ဖွယ် ကောင်းသော အမျိုးသမီးများကိုသာ ရည်ညွှန်း၍ ကုရ်အာန် ကျမ်းတော်မြတ်က အဆိုပါ လှစ်ဟပြသမှုများကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ အမှောင်ခေတ်က ဂုဏ်သရေရှိသော အာရဗ် အမျိုးသမီးများကို ရည်ညွှန်းခြင်း မဟုတ်ပါ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ရည်ညွှန်း မိန့်ဆိုထားသော အမှောင်ခေတ်အရှက်ကင်းမဲ့သော လှစ်ဟပြသသူများမှာ ကျွန် မိန်းကလေးများ၊ ပြည့်တန်ဆာများနှင့် အကျင့်ပျက်မိန်းကလေးများသာ ဖြစ်ပါသည်။ အမျိုးသားများနှင့် ရောနှောဆက်ဆံခြင်း သည် အစ္စလာမ်ဘာသာ လက်မခံမီကပင် အာရဗ် ဂုဏ်သရေရှိ အမျိုးသမီးများတွင် ဘယ်သော အခါမျှ မရှိခဲ့ပါ။ ဤအချက်ကို အာရဗ်သမိုင်းကလည်းမှတ် ကျောက်တင်ခံနိုင်ပါသည်။ အစ္စလာမ် လက်မခံမီ ဂုဏ်သရေရှိ အာရဗ် အမျိုးသမီးများသာလျှင် မဟုတ်ပါ။ အခြားသော ဘာသာဝင်များနှင့် အာရှနှင့် ဥရောပလူမျိုးများတွင်ပင် အရှက်တရားရှိသော သူများသည် လိင်မှုဆိုင်ရာ ရောနှော စပ်ယှက်ခြင်းကို လုပ်ဆောင်ခြင်း မရှိရုံမျှမက ထောက်ခံခြင်းလည်း အလျှင်းမရှိပါ။

အရှက်တရားနှင့် ဂုဏ်သရေသည် လူသား၏ သဘာဝအရည်အချင်း ဖြစ်သည်။ ဤအရည်အချင်းများကို စွန့်လွှတ်ပါက မူလယဉ်ကျေးမှုများ ဆုံးရှုံးကုန်တတ်ပါသည်။ လူ



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com

**ဟိဂျာ့ဗ် (ပရ်ဒဟ်) သည် အစ္စလာမ်တွင် မပါရှိသလို ယုံကြည်လာစေရန် ပညာအခြေခံနည်းသူ မုစ်လင်မ်များကို ကုဖ်ရ် (သွေဖည် ငြင်းပယ်သူ) နှင့် ပညာတတ်ခေတ်မီ မုစ်လင်မ်ဟု ကင်ပွန်း တပ်ထားသူတို့က ဝါဒဖြန့်လျက်ရှိသည်။**

အချို့တို့သည် ညစ်ညမ်းသောစိတ်နှင့် ရှုက်သွာန်၏ ယဉ်ကျေးမှုကို မွေးစားထားကြပါသည်။ ထိုသူတို့၏ ရက်စက် ကြမ်းကြုတ်သော ယဉ်ကျေးမှုသည် ဟိဂျာ့ဗ်ကို လိင်မှုဆိုင်ရာ လွတ်လွတ်လပ်လပ် ရောထွေးဆက်ဆံမှုနှင့် စာရိတ္တပျက်ခြင်း၏ ပုံရိပ်အောက်တွင် တိမ်မြုပ်ပျောက်ကွယ်သွားစေပါသည်။

အမျိုးသားနှင့် အမျိုးသမီး ထွေးရောယှက်တင်နေမှုသည် ကမ္ဘာတစ်လွှားတွင် ရှိသော မုစ်လင်မ်ထုအား မကောင်းမှုဘက်သို့ လှုံ့ဆော်လျက် ရှိပါသည်။ ထိုသူတို့၏ အနောက်တိုင်း လွတ်လပ်မှု နည်းစနစ်သည် ဟိဂျာ့ဗ်ကို စွန့်ပယ်မှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ မြင့်မားသော ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ အရည်အချင်း မရှိသည့် အမျိုးသားထုသည် မည်သည့်အခါမှ မတိုးတက် မဖွံ့ဖြိုးနိုင်ပါ။ မုစ်လင်မ်ထု၏ ဝိညာဉ်ပိုင်းဆိုင်ရာ လွှမ်းမိုးစေနိုင်သော အချက်တွင် နာမ်ပိုင်းဆိုင်ရာ အသိုက်အဝန်းတွင် အခြေခံကျ၍ အရေးတကြီး လိုအပ်ပါသည်။

အနောက်တိုင်း လွတ်လွတ်လပ်လပ် နေထိုင်မှုကို လက်ခံခြင်းသည် ဟိဂျာ့ဗ်ကို ဖျက်ဆီးခြင်း ဖြစ်သည်။ *မြင့်မြတ်သော ဝိညာဉ်ပိုင်ရှင် မုစ်လင်မ်ထုအပေါ် အနောက် တိုင်း ယဉ်ကျေးမှု လွှမ်းမိုးလာလျှင် လောကီဘဝ ပျက်စီးမည့် အပြင် တမလွန်၌လည်း လွတ်မြောက် အောင်မြင်နိုင်မည် မဟုတ်ပါ။* အနောက်တိုင်း ယဉ်ကျေးမှု လွှမ်းမိုးခံလိုက်ရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့၏ ကိုယ်ကျင့် တရား ဟူသော ကြိုးမျှင်ကလေးသည် မြဲမြံစွာ ချည်နှောင်ထားရမည့် ဟိဂျာ့ဗ်ကို စွန့်လွှတ်၍ အကျင့်စာရိတ္တ ပျက်ယွင်းမှု၏ ရက်စက်စွာ ဖျက်ဆီးမှုကို ခံရပါတော့မည်။

ယခုအခါ ဟိဂျာ့ဗ်သည် နိုင်ငံခြားသားများသာ ထားရှိသော အဆင့်အတန်းကဲ့သို့ သဘောထား၍ မုစ်လင်မ်ထုမှ စွန့်ခွာနေသည်။ *ဟိဂျာ့ဗ် (ပရ်ဒဟ်) သည် အစ္စလာမ်တွင် မပါရှိသလို ယုံကြည်လာစေရန် ပညာ အခြေခံနည်းသူ မုစ်လင်မ်များကို ကုဖ်ရ် (သွေဖည် ငြင်းပယ်သူ) နှင့် ပညာတတ်ခေတ်မီ မုစ်လင်မ်ဟု ကင်ပွန်း တပ်ထားသူတို့က ဝါဒဖြန့်လျက်ရှိ သည်။* ထိုသူတို့က အစ္စလာမ်နှင့် ဟိဂျာ့ဗ် (ပရ်ဒဟ်) ကို ခွဲခြားပစ်ပါသည်။

စင်စစ်မှာ ဟိဂျာ့ဗ်သည် အစ္စလာမ်ဘာသာဝင်များ အတွက်သာ မဟုတ်ပါ။ လူသားအားလုံးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် အစ္စလာမ်ဘာသာ၏ ဤဓလေ့ ထုံးစံပြန်လည် ထွန်းကား ပြန့်ပွားရေးသည် အလွန်အရေးကြီးပါသည်။

ကျွန်ုပ်တို့ လက်ထက်တွင် ဟိဂျာ့ဗ်ကို ပြန်လည် ပြန့်ပွား ကျင့်သုံးလာအောင် လုပ်ဆောင်ကြရမည်။ ဤသည် မြင့်မားသော အိဗာဒသ် (ခဝပ်ကိုးကွယ်မှု) ပင် ဖြစ်သည်။ ဤကိစ္စသည် ခက်ခဲမှုရှိသလောက် "စဝါးဗ်" (ကုသိုလ်) လည်းမရေတွက်နိုင်လောက်အောင် ရရှိပေမည်။



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com



တမန်တော်မြတ် မိန့်တော်မူခဲ့သည်မှာ -

*'ငါ၏ အုမ္မသ်အသင်းသားများ ပျက်စီးလာသော အချိန်အခါ၌ ငါ၏ စွန္နသ်ဓလေ့တော် တစ်ခုအပေါ် ဖြောင့်မတ်စွာ ကျင့်သုံးသူသည် ရှဟီဒ်ပေါင်း တစ်ရာ၏ အကျိုး (စဝါးဗ်) ကို ရလိမ့်မည်'*

*'မကြာမြင့်မီ အချိန်၌ သာသနာအပေါ် ကျင့်သုံး ရပ်တည်မှုသည် မီးရဲရဲတောက် လောင်နေသော မီးသွေးတုံးအား ကိုင်ထားသကဲ့သို့ ဖြစ်မည်'* ဟု မိန့်ခဲ့၏။

ထို့ကြောင့် မုစ်လင်မ်တို့သည် ဟိဂျာ့ဗ်ကို ချေမှုန်း တိုက်ခိုက်ဖျက်ဆီးနေမှုများအား ဖြစ်နိုင်သမျှကြိုးပမ်း အားထုတ်၍ ပြန်လည် အသက်သွင်း ကျင့်သုံးရန် လိုအပ်ပါသည်။

အလုံးစုံသော ဟိဂျာ့ဗ်ကိုအလျင် အမြန် မဆောင်ရွက် မကျင့်သုံးနိုင်သေးလျှင် တတ်နိုင်သမျှ အတိုင်းအတာမှ စတင်ကျင့်သုံး ဆောင်ရွက်သင့်ပါသည်။ တတ်နိုင်သမျှ ဟိဂျာ့ဗ်အပေါ် လိုက်နာကျင့်သုံး ဆောက်တည် လာသည်နှင့် အမျှ အကြာမီ လုံးဝဥဿုံ ပြည့်စုံသော ဟိဂျာ့ဗ် အဆင့်အတန်းသို့ ရောက်ရှိတက်လှမ်းနိုင်မည် ဖြစ်ပေတော့သည်။

AWAKE TO THE CALL OF ISLAM
Translated by
(U Khin Maung Gyi, Advocate, Mdy;)
**မုပ်သိအာ ဒမ်(မဇ္ဇာ ဖေဟ်ရီ)ကပြန်လည်ကူးယူဖော်ပြသည်။**

**ယနေ့မုစ်လင်မ်တို့သည် ဥရောပတိုက်သား များအားအထင် ကြီးနေကြပြီး၊ ၎င်းတို့၏ ဝတ်စား ဆင်ယင်မှု၊ လူမှုဆက်ဆံမှု၊ လူနေမှု၊ ရောင်းဝယ် ဖောက်ကားမှု၊ စသည် တို့ကိုအတုယူကာ တိုးတက်ချင်ကြ၏။ စင်စစ်၊ မုစ်လင်မ်တို့၏ ဂုဏ်သိက္ခာနှင့်တိုးတက်ရေးလမ်းကြောင်း သည် အစ္စလာမ့်နည်းစနစ်ထဲ၌သာ ရှိသည်ကို ယနေ့ မုစ်လင်မ်တို့ သတိမပြုမိကြပေ။**

***(ဟာဖ်ရည်ထာနဝီသခင်)***

## မုဖ်သီမဟ်မူးဒ်ုလ်ဟာစံနိသခင်ကြီး၏

# အချေအတင်ဆွေးနွေးပွဲများ

ဟာဖိဇ်စမီအုလ္လာဟ်(ပုသိမ်)
ဒေါင်ရဟ်ဟဒီးဆ်အတန်း
ဂျာမိအဟ်ဒါရုလ်အုလူးမ်

ကွယ်လွန်သူ ဟင်ရည်မော်လာနာမုဖ်သီမဟ်မူး ဒုလ်ဟစံနိသခင်ကြီးသည် ဒါရုလ်အုလူးမ်ဒေယိုဗန်ကျောင်းတော်နှင့် အိန္ဒိယနိုင်ငံ၏ မုဖ်သီချုပ်ဖြစ်သည်၊ သခင်ကြီး၏ပညာအဆင့်အတန်း ကြီးကျယ်မြင့်မား မှုသည် အာရဗ်နိုင်ငံများအထိ ပျံ့နှံ့ကျော်ကြားခဲ့သည်၊ သခင်ကြီးသက်ရှိထင်ရှားရှိစဉ်တွင် မြောက်မြားစွာ သောလမ်းမှားနေသူများ၊ ဓာဒကရှုင်များနှင့် အချေအတင်ဆွေးနွေးမှုများဖြစ်ခဲ့သည်၊ ဖြတ်ထိုးဉာဏ်ထက် မြက်သူ ပညာရှင်ဖြစ်သည့်အလျောက်၊ သခင်ကြီးသာ အစဉ်အနိုင်ယူခဲ့ပြီးမမေ့ နိုင်သောသင်ခန်းစာများ ပေးခဲ့သည်၊

### ဂိုင်ရိမုကလ်လိဒ်(အီမာမ်ကြီး(၄)ပါး၏ လမ်းစဉ်နောက်သို့မလိုက်သူ) သူစိမ်းတစ်ဦးနှင့် တွေ့ဆုံခြင်း

**သူစိမ်း** - ခင်ဗျားဟာမဇ္ဇသတ်(ဖသာဝါ)ပေးနေ တယ်လို့ကျွန်တော်ကြားတယ်၊ ကုရ်အာန်နဲ့ဟဒီးဆ်ကိုဆန့်ကျင်ပြီးမဆုံးဖြတ်မိဖို့အတွက် သတိပြုစေလို ပါတယ်။

**မုဖ်သီဆဗ်** - မိတ်ဆွေ-ခင်ဗျားရဲ့ဆုံးမမှုဟာ လူတိုင်းအတွက် ဖြစ်မယ်ဆိုရင် တော်တော်ပဲတန် ဖိုးရှိပါတယ်(အရှင်မြတ်အစားပေးပါစေ)၊ ဒါပေမယ့်ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်တစ်ခုခုဟာ ကုရ်အာန်၊ ဟဒီးဆ်နဲ့ ဆန့်ကျင်နေတယ်လို့တွေ့ခဲ့ဖူးရင်ပြပါ၊ မှားနေတယ်ဆိုရင်ပြန်ရုပ်သိမ်းလိုက်ပါ့မယ်။

**သူစိမ်း** - ဒီနေ့အထိတော့မတွေ့ရသေးပါဘူး။

**မုဖ်သီဆဗ်** - ခင်ဗျားနားထောင်ပါ၊ ကျွန်တော့်ဆီကို " ဖသ်ဝါ "မေးခွန်းတစ်ခုခု ရောက်လာပြီဆိုရင် ဒီမေး ခွန်းအတွက် အဖြေကို ကျမ်းမြတ်ကုရ်အာန်ထဲအရင်ဦးဆုံး ရှာကြည့်တယ်၊ တွေ့တယ်ဆိုရင် တခြားဘာကိုမှ မကြည့်တော့ဘဲ ကုရ်အာန်ထဲမှာရှိ တဲ့အတိုင်းအဖြေပေးလိုက်တယ်။



This document was created using Smart PDF Creator. To remove this message purchase the product at www.SmartPDFCreator.com

ဥပမာ - သုံးသွလားက်ကျရောက်ခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းရောက်လာလို့ ကျမ်းမြတ်ကုရ်အာန်ကို ကြည့်လိုက်တဲ့အခါ၊ اَلطَّلَاقُ مَرَّتَانِ ဆိုတဲ့ အာယသ်တော်ကိုတွေ့ရတယ်၊ ဒီအာယသ်တော်နဲ့ အနည်းငယ်အကွာမှာဆက်လက် ပြီးမိန့်တော်မူထားတယ် - فَإِن طَلَّقَهَا فَلَا تَحِلُّ لَهُ مِن بَعْدُ حَتَّىٰ تَنكِحَ ဒီအာယသ်တော်တွေအရ သုံးသွလားက်အထမြောက်သွားတယ်၊ ကုရ်အာန်ထဲမှာတော့ တစ်ခါတည်းသုံးကြိမ်ပေးမှမြောက်မယ်၊ တစ်ကြိမ်စီခွဲပေးမှမြောက်မယ်လို့တော့ ရှင်းပြထားတာမရှိဘူး၊ တစ်ခါတည်းသုံးကြိမ်ပေးပေး၊ တစ်ကြိမ်စီခွဲပေးပေး သွလားက်အထမြောက်သွားတယ်။

ဒီ့အပြင်လည်း "ဇနီးသည် သည် ခင်ပွန်းဖြစ်သူနဲ့ ပြန်ပြီးပေါင်းသင်းလိုလျှင် "ဟလာလဟ်" မလုပ်ဘဲ ပြန်လည် ပေါင်းသင်းခွင့်မရှိ "ဆိုတဲ့ အဖြေကိုလည်း ကုရ်အာန် ကျမ်းမြတ်ရဲ့ အာယသ်တော်အတိုင်း အဖြေပေးခဲ့ တယ်။

အကယ်၍ မေးခွန်းတစ်ခုခုနဲ့ပတ်သက်တဲ့ အဖြေကို ကုရ်အာန်ကျမ်းမြတ်မှာ ရှာကြည့်လို့ မတွေ့ဘူးဆိုရင် တမန်တော်မြတ်ရဲ့ ဟဒီးဆ်တော်တွေထဲမှာ ရှာကြည့် တယ်။ ဟဒီးဆ်တော်ထဲမှာတွေ့တယ်ဆိုရင် တခြားဘာကိုမှ စဉ်းစားမနေတော့ဘဲ ဟဒီးဆ်တော်မှာ ပါရှိတဲ့အတိုင်း အဖြေပေးလိုက်တယ်။

ဥပမာ - အီမာမ်ရဲ့နောက်ကနေ နမာဇ်ဖတ်နေသူဟာ "စူရဟ် ဖာသိဟဟ် " လိုက်ဖက်ပိုင်ခွင့် ရှိ/မရှိ ဆိုတဲ့မေးခွန်းမျိုးရောက်လာတဲ့အခါ ကျမ်းမြတ်ကုရ်အာန်မှာ ပထမဦးဆုံး ရှာကြည့်တယ်၊ မတွေ့တဲ့အတွက် တမန်တော်မြတ်ရဲ့ ဟဒီးဆ်တော်တွေထဲမှာရှာတဲ့အခါ မုစ်လင်မ်ဟဒီးဆ်ကျမ်းမှာ အခုလိုတွေ့ရ တယ်။

اذا قرأنا نصتوا

*"ရှေ့ဆောင်အီမာမ် နမာဇ်၌ ကိရာအသ်ဖတ်နေစဉ်တိတ်ဆိတ်စွာနေပါ "*

ဒါကြောင့် " ရှေ့ဆောင်အီမာမ်ရဲ့နောက်ကနေ နမာဇ်ဖတ်နေစဉ် ကိရာအသ်လိုက်ဖတ်ပိုင်ခွင့်မရှိ " လို့ အဆုံးအဖြတ်ပေးခဲ့တယ်။

အကယ်၍ ဟဒီးဆ်တော်မှာလည်းမတွေ့ဘူးဆိုရင် ကျွန်တော့်အနေနဲ့ အီမာမ်အဘူဟနီဖဟ် သခင်ကြီးရဲ့ အဆိုကို ရွေးချယ်လေ့ရှိတယ်။

**သူစိမ်း** - (မကျေမနပ်ဖြစ်သွားပြီး) ဟာ-ဒါကိုတော့ကျွန်တော်လက်မခံနိုင်ဘူး၊ ခင်ဗျားဆီမှာရှိတဲ့ စာအုပ်တွေထဲမှာ မတွေ့ရင် အခြားသူတွေရဲ့ စာအုပ်တွေထဲမှာ ရှာကြည့်ရမှာပေါ့။

**မုဖ်သီဆဗ်** - တခြားဘယ်သူတွေဆီမှာ ဟဒီးဆ်တော်တွေရှိနေလို့လဲ၊ ရဟူဒီ၊ နဆွ်ရာနီတွေရဲ့ ကျမ်းတွေထဲမှာ သွားရှာရမှာလား?

**သူစိမ်း** - ဒီလိုဆိုလိုတာမဟုတ်ပါဘူး၊ ဘုခါရီ၊ သိရ်မိဇီတို့လို ဟဒီးဆ်ကျမ်းတွေကိုပြောတာပါ။

**မုဖ်သီဆဗ်** - ဒါတွေဟာ တခြားသူတွေရဲ့ကျမ်းမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ကျမ်းတွေပဲ၊ ကျွန်တော်ဟာ ဒီကျမ်းတွေကို နေ့စဉ်၊ နေ့ရောညပါ သင်ပေးသင်ယူလုပ်နေတာပါ။ မိတ်ဆွေ- ခင်ဗျားနားထောင်ပါ -

တမန်တော်မြတ် ﷺ ဟာ ဟဇ်ရသ်မအားဇ် သခင်ကို ယမာန်နိုင်ငံအတွက် တာဝန်ခံအုပ်ချုပ်သူ အဖြစ်စေလွှတ်တဲ့အချိန်မှာ အခုလိုပြောကြားခဲ့တယ် အို - မအားဇ် -ကိစ္စတစ်ခုခုကို ဘယ်အရာနဲ့ အဆုံးအဖြတ်ပေးမလဲ? မအားဇ်သခင်က " ကျမ်းမြတ်ကုရ်အာန်နဲ့အဆုံးအဖြတ်ပေးပါ့မယ် " လို့လျှောက်ထား ခဲ့တယ်၊ ကိုယ်တော်မြတ်က " ကျမ်းမြတ်ကုရ်အာန် မှာမတွေ့ခဲ့ရင် ဘယ်အရာနဲ့အဆုံးအဖြတ်ပေးမလဲ? လို့ ထပ်မေးတော့ မအားဇ်သခင်က " ကိုယ်တော့်ရဲ့ ဟဒီးဆ်တော်များနဲ့ ဆုံးဖြတ်ပါ့မယ် " လို့လျှောက်ထားပြန်တယ်၊ တစ်ဖန်ကိုယ်တော်မြတ်က "ငါကိုယ်

တော်ရဲ့ ဟဒီးဆ်တော်တွေထဲမှာလည်း မတွေ့ဘူးဆိုရင် ဘယ်အရာနဲ့ အဆုံးအဖြတ်ပေးမလဲ "လို့မေးတဲ့အခါ မအားဇ်သခင်က " မိမိရဲ့အသိဉာဏ်နဲ့ စဉ်းစားဆင်ခြင်၍ အဆုံးအဖြတ်ပေးပါ့မယ်လို့" လျှောက်ထားခဲ့တယ်။ ဒီအခါ ကိုယ်တော်မြတ်ဟာ နှစ်သက်တဲ့သဘောနဲ့ ပြုံးတော်မူပြီး အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုခဲ့တယ်။

ဒီအကြောင်းအရာအရ ဘာသိရသလဲဆိုရင် - ကိစ္စ တိုင်း မေးခွန်းတိုင်းအတွက်အဖြေကို ကုရ်အာန်နဲ့ ဟဒီးဆ်ကနေ တင်ပြမှ မှန်မယ်ဆိုတဲ့ အယူအဆဟာ လုံးဝမှားတယ်ဆိုတာကို သိရတယ်၊ ကုရ်အာန်နဲ့ ဟဒီးဆ်မှာ မတွေ့ရတဲ့အခါ " အိဂျ်သေဟာဒ် "လို့ခေါ်တဲ့ မိမိရဲ့ဉာဏ် အမြော်အမြင်နဲ့ စဉ်းစားဆုံးဖြတ်နိုင်တယ်ဆိုတာကို သိရတယ်။ ဒါပေမယ့် ကျွန်တော်ဟာ " မုဂ်ျသဟိဒ် " (အိဂျ်သေဟာဒ် လုပ်နိုင်သူ) မဟုတ်ဘူး၊ ဒါကြောင့် " အိဂျ်သေဟာဒ် " လုပ်နိုင်တဲ့ စွမ်းရည်ရှိတဲ့ ဟဇ်ရသ် အိမာမ်အဘူဟနီဖဟ်ရဲ့ အဆို (လမ်းစဉ်)ကို ရွေးချယ်ရခြင်းပဲဖြစ်တယ်။

**သူစိမ်း** - ခင်ဗျား -ကျွန်တော့်ကိုကြိုက်တဲ့မေးခွန်းမေးပါ၊ ဟဒီးဆ်ထဲကနေပဲ အဖြေပေးမယ်။

**မုဖ်သီဆဗ်** - ကောင်းပြီ၊ ကျွန်တော်မေးမယ့် မေးခွန်း ကိုအမှန်ကန်ဆုံး ဟဒီးဆ်တော်များနဲ့ အဖြေပေး နိုင်မယ်ဆို ရင် အိမာမ်အဘူဟနီဖဟ် သခင်ကြီးရဲ့ နောက် လိုက်နေခြင်းကို " သောင်ဗဟ်" လုပ်လိုက်မယ် (စွန့်လွှတ်လိုက်မယ်) ၊ ကဲ-မေးမယ် - " ပါးအပေါ်မှာရှိတဲ့ အမွေးများကို ညှပ်ခြင်း၊ ရင် ဘတ်မွေးနှင့် ခြေသလုံးမွေးများကို ရိတ်ခြင်းနဲ့ ပတ်သက်ပြီး ခင်ဗျားဆီမှာ ဟဒီးဆ်တော်ရဲ့ အထောက်အထားဘာရှိသလဲ "?

**သူစိမ်း** - (မျက်စိမျက်နှာပျက်သွားပြီး) ဘာလဲ၊ ခင်ဗျား ကျွန်တော့်ကို စာမေးပွဲစစ်နေတာလား?

**မုဖ်သီဆဗ်** - ကျွန်တော်က " ဟနဖီ " လမ်းစဉ်ကိုတောင် စွန့်လွှတ်ဖို့အသင့်ဖြစ်နေပြီဆိုတော့ ခင်ဗျားရဲ့ အရည်အချင်းကို နည်းနည်းပါးပါးတော့ သိချင်တာပေါ့၊ ခင်ဗျားသာဒီမေးခွန်းကို ဟဒီးဆ်တော်နဲ့ အထောက်အထားပေးပြီး ဖြေနိုင်ရင် ကျွန်တော် " ဟနဖီ " လမ်းစဉ်ကို ဘာကြောင့်ကျင့်သုံးနေအုံးမှာလဲ၊ လုံးဝစွန့်လွှတ်လိုက်မှာပေါ့။

**သူစိမ်း** - (မဖြေနိုင်သဖြင့် ရှက်သွားပြီးအလွန်ဒေါသဖြစ်ကာ ထွက်ခွာသွားသည်)

**မုဖ်သီဆဗ်** - (အသံမြှင့်၍) မိတ်ဆွေ-ခင်ဗျားပဲကတိပေးထားတယ်မဟုတ်လား၊ မေးခွန်းတိုင်းရဲ့ အဖြေကို ဟဒီးဆ်နဲ့ အထောက်အထားပေးပြီး ဖြေမယ်ဆို၊ အခုခင်ဗျားကတိဖျက်နေပြီ၊ ကတိဖျက်ခြင်းဟာ" မုနာဖိက် " ဖြစ်ခြင်းရဲ့နိမိတ်လက္ခဏာပဲ။

**သူစိမ်း** - (လှည့်မကြည့်ဘဲ သွားမြဲသွားနေသည်)

**မုဖ်သီဆဗ်** - (အသံမြှင့်၍) နောက်ဆုံးအနေနဲ့ " မုလာကသ် " တော့လုပ်ခဲ့ပါဗျာ။

**သူစိမ်း** - (ပြန်လှည့်လာပြီး လက်တစ်ဖက်ဖြင့်သာ ' မုလာကသ် "လုပ်၍ ထွက်ခွာသွားလေတော့သတည်း)

* * * * * * * * * * * * * * * * * * * * *

## လမ်းမှားနေသူကာဒီယာနီတစ်ဦးနှင့် တွေ့ဆုံခြင်း

**မုဖ်သီဆဗ်** - မီရ်ဇာဂိုလာမ်အဟ်မဒ်ဟာနဗီဖြစ်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဘာအထောက်အထားရှိသလဲ?

**လမ်းမှားသူ** - မီရ်ဇာဂိုလာမ်အဟ်မဒ်ရဲ့ ထံကို "ဝဟီ"ကျခဲ့တယ်၊ ဒါကြောင့်သူဟာနဗီဖြစ်တယ်ဆိုတာကိုသိရတယ်။

**မုဖ်သီဆဗ်** - "ဝဟီ"ကဘယ်သူဆီကနေကျတာလဲ?

**လမ်းမှားသူ** - "ဝဟီ"ဆိုတာ အလ္လာဟ့်ဘက်က ကျတာပဲပေါ့။

**မုဖ်သီဆဗ်** - ဝဟီကို အလ္လာဟ့်ဘက်တော်ကပဲ လာတယ်လို့ သတ်မှတ်ထားလို့မရဘူး၊ ရှိုင်သွာန်ဘက်ကလည်း "ဝဟီ"လာတတ်တယ်၊ အရှင်မြတ်ကိုယ်တိုင်ကုရ်အာန်ထဲမှာ-

وَإِنَّ ٱلشَّيَٰطِينَ لَيُوحُونَ إِلَىٰٓ أَوۡلِيَآئِهِمۡ

ထို့ပြင်ဧကန်မလွဲရှိုင်သွာန်တို့သည် အသင်တို့နှင့် ငြင်းခုံကြရန်အတွက် မိမိတို့အဆွေခင်ပွန်းများထံ ပြင်ပကိစ္စများကို (ဝဟီအဖြစ်) သွတ်သွင်းပေးသည် လို့ မိန့်ကြား ထားတယ်။ နောက်"ဝဟီ"ရတိုင်းလည်း နဗီဖြစ်တယ် လို့သတ်မှတ်လို့မရဘူး၊ ဘာကြောင့်လည်းဆိုရင်-ဟဇ်ရသ်မူစာနဗီရဲ့ မိခင်အပေါ်ကိုလည်း "ဝဟီ" ကျခဲ့တယ်၊ ကျမ်းမြတ်ကုရ်အာန်မှာ-

وَأَوۡحَيۡنَآ إِلَىٰٓ أُمِّ مُوسَىٰٓ أَنۡ أَرۡضِعِيهِ

ထို့မှတစ်ပါး၊ ငါအရှင်မြတ်သည်မူစာ၏ မိခင်ထံသို့ (ဤသို့ဝဟီဖြင့်) အသိပေးတော်မူခဲ့၏လို့ မိန့်တော်မူ ထားတယ်၊ ဒါပေမယ့် သူဟာနဗီမဟုတ်ခဲ့ဘူး။ နောက်- လူသားအပေါ်ကိုပဲ"ဝဟီ"လာတယ်ဆို တာလည်းမဟုတ်ဘူး၊ တိရစ္ဆာန်တွေ အပေါ်ကိုလည်း ဝဟီကျခဲ့တယ်။ ကျမ်းမြတ်ကုရ် အာန်မှာ-

وَأَوۡحَىٰ رَبُّكَ إِلَى ٱلنَّحۡلِ أَنِ ٱتَّخِذِي

ထို့ပြင်အသင့်အားပန်ဆင်းမွေးမြူတော်မူသောအရှင် မြတ်သည် ပျားကောင်၏ထံသို့(ဤသို့ဝဟီ)အမိန့် တော်ပို့ပေးတော်မူသည်လို့ မိန့်ထားတယ်။ ဒါတင်မ က၊ သက်ရှိအပေါ်ကိုပဲ "ဝဟီ"ကျတယ်ဆိုတာလည်း မဟုတ်သေးဘူး၊ သက်မဲ့ဖြစ်တဲ့ မြေကြီးအပေါ်ကို လည်း"ဝဟီ"ကျခဲ့တယ်၊ ကျမ်းမြတ်ကုရ်အာန်မှာ-

يَوۡمَئِذٖ تُحَدِّثُ أَخۡبَارَهَا

بِأَنَّ رَبَّكَ أَوۡحَىٰ لَهَا

ထိုနေ့တွင် မြေကြီးသည် မိမိသတင်းစကားများကို ပြောပြမည်-အဘယ်ကြောင့်ဆိုသော် ပန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်သည် ၎င်းအား(ယင်းသို့ဝဟီ) အမိန့်ထုတ်ပြန်တော်မူခြင်းကြောင့်ဖြစ်မည် လို့ ပါရှိထားတယ်

**လမ်းမှားသူ** - (မည်သို့ဆင်ခြေပေး၍ ထွက်ပေါက်ရှာရမည်ကို စဉ်းစားပြီး) မိရ်ဇာထံကိုကျလာတာ "ဝဟီ"မဟုတ်ပါဘူး၊ "အိလ်ဟားမ်"ပါ၊

**မုဖ်သီဆဗ်** - ဒါလည်း နဗီဖြစ်ခြင်းရဲ့အထောက်အထားမဟုတ်ဘူး၊ ဘာကြောင့်လည်းဆိုရင်"အိလ်ဟားမ်" ဆိုတာ လူတိုင်းအပေါ်ကို ကျရောက်နိုင်လို့ပဲ၊ ကျမ်းမြတ်ကုရ်အာန်မှာ -

فَأَلۡهَمَهَا فُجُورَهَا وَتَقۡوَىٰهَا

တစ်ဖန်၊ထိုအရှင်မြတ်သည် ထိုဝိညာဉ်၏ စိတ်တွင်း ဝယ် ထိုဝိညာဉ်၏ ပြစ်မှုဒုစရိုက်နှင့် ကောင်းမှု (၏အသိအိလ်ဟားမ် )ထည့်သွင်းပေးခဲ့သည်လို့မိန့်တော်မူထားတယ်။

**လမ်းမှားသူ** -*(မည်သို့မျှတုန့်ပြန်ပြောဆိုခြင်းမပြုနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျ၍ထွက်ခွာသွားလေတော့သတည်း)*

**ဟာဖိဇ်ဇမီအုလ္လာဟ်(ပုသိမ်)**
**ဒေါင်ရဖ်ဟာဒီးဆ်အတန်း**
**ဂျာမိအာဟ်ဒါရုလ်အုလူးမ်**



This document is created with trial version of SmartPDFCreator. To remove this message, purchase the product at www.SmartPDFCreator.com

သမ်လီးဂ်လုပ်ငန်းနှင့် ပတ်သက်၍
မေးမြန်းလာသော

# တာတ်ပေါင်နှင့်အဖြေနှစ်ခု

ဟင်ရည်မော်လာ နာ ၊ကာ ရီမဏ္ဍစူးဆ်အဟ်မဒ်ခါးန်(ရဟ်)
ပြန်ဆိုခဲ့သည်ကို
မော်လာ နာ —ဒေါက်တာ အိစ်မာ အီးလ်(မဟ်မူဒီ)
B.D.S (Ygn:) နှင့်
ဟာ ဖိဇ်ရဗီ(အဆ်အဒီယဟ်) B.Sc, H.G.P
အထက်တန်းရှေ့နေ(ပုသိမ်)
တို့ကပြန်လည်ကူးယူဖော်ပြသည်

ဟဇ်ရသ်မုဖ်သီ မဟ်မူးဒုလ် ဟစံန် (ရဟ်)သခင်ကြီးသည် မိမိထံသို့မေးမြန်းလာသော သဗ်လီးဂ်လုပ်ငန်းနှင့် ပတ်သက်သည့်မေးမြန်းစာအား မိမိကိုယ်တိုင်ဖြေကြားခဲ့သည့်အပြင် မိမိထံ၌ ပညာဆည်းပူးနေသော တပည့်ဖြစ်သူ မုဖ်သီမန်ဇူရ်အဟ်မဒ်သခင်ကိုလည်း သီးသန့်ဖြေကြားခြင်းပြုစေခဲ့၏။ ယခုမေးမြန်းစာနှင့် ဟဇ်ရသ်မုဖ်သီမဟ်မူးဒုလ်ဟစံန် သခင်ကြီး၏ဖြေကြားချက်အား ပြန်လည်ကူးယူဖော်ပြလိုက်ပါသည်။

## (စမေးမြန်းစာ)

ရှိသေလေးစားအပ်သော လူကြီးမင်းခင်ဗျား၊ အလ္လာဟ်အရှင်မြတ်သည် လူကြီးမင်း၏ အဆင့်အတန်းကိုပိုမိုမြင့်မားအောင် ပြုပေးတော်မူပါစေ။ လူကြီးမင်း၏ ကျက်သရေ မင်္ဂလာများမှာလည်း အစွန့် ရှည်စွာတည်မြဲပါစေ။

"အတ်စ်စလာမု အလိုင်းကွန်မ်၊ ဝရဟ် မသုလ္လာဟိ၊ ဝဗရကာသုဟ်"

ကျွန်တော်စာရေး သူမှာ လူကြီးမင်းကဲ့သို့သောအကြီးအကဲတို့၏ ဆုမွန်ဒိုအာများကြောင့် ကျန်းမာစွာရှိပါသည်။ လူကြီးမင်းသတိရစေရန် ဂုဏ်ယူသောအားဖြင့် လျှောက်ထားရသော်၊ ကျွန်တော်အနေဖြင့် လူကြီးမင်းထံ အသိပညာ တိုးပွားစေရန် ရည်ရွယ်ချက်နှင့်ရံဖန်ရံခါစာရေး ခွင့်ရရှိသူ တစ်ဦးဖြစ်ပါသည်။ လူကြီးမင်းထံမှ လည်း မျှော်လင့်ချက်နှင့် လျော်ညီစွာအဖြေရခဲ့သည် သာဖြစ်ပါသည်။အလ္လာဟ် အရှင်မြတ်သည် လူကြီးမင်းအား အကောင်းဆုံးသော အကျိုးကို ချီးမြှင့်တော်မူပါစေ။

ယခုတစ်ကြိမ်လည်း လျှောက်ထား မေးမြန်းသောအကြောင်းအချက်များနှင့် စပ်လျဉ်း၍ အကြီးအကဲ တစ်ဦးအနေဖြင့် တိကျမှန်ကန်သော အဖြေကို ချီးမြှင့်လိမ့်မည်ဟု မျှော်လင့် မိပါသည်၊ တံဆိပ်ခေါင်းကို စာနှင့်တစ်ပါတည်းပေး ပို့လိုက်ပါသည်။

အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့် ဒေလီမြို့ရှိနိဇာမုဒ္ဒီးန်မှ သဗ်လီးဂ်ကြိုးပမ်းမှု လုပ်ငန်းများ တိုးတက်နေသည်မှာ ကာလကြာမြင့် ပါပြီ။ ဂျမာအသ် အဖွဲ့များသည် တစ်နှစ်ပတ်လုံး တစ်ရွာမှ တစ်ရွာသို့ ဝင်ထွက်သွားလာကြိုးပမ်း လျှက်ရှိကြပါသည်။ တချို့နေရာများတွင် မြို့ခံ၊ ရွာခံများသည် နှစ်ပတ်လည်အဂ္ဂျသေမာ၊ အပတ်စဉ် ကြာသပတေးနေ့ အစီအစဉ်များကို ပြုလုပ်ကြပါသည်။ အထူးသဖြင့် ဘိုပါလ်နယ် တွင်ဖြစ်ပါသည်။



သို့ပါ၍ ဘိုပါလ်သို့သွားလာရာ၌ နှစ်ပတ်လည် အိဂ္ဂျသေမာနှင့် အပတ်စဉ်အစီအစဉ် တို့ကို များသောအားဖြင့် ပါဝင်လေ့လာခွင့် ရရှိခဲ့ပါသည်။ ယင်းသို့ လေ့လာခွင့်ရရှိရာ၌ လေ့လာသူတစ်ဦး အနေနှင့် အချို့ကိစ္စများအား ဦးနှောက်တွင် အမြဲလိုလို မရှင်းမလင်းဖြစ်ခဲ့ရာ၊ ယင်းသဗ်လီးဂ် လုပ်နည်း လုပ်ဟန်တို့ကို ရာခိုင်နှုန်း အပြည့်စိတ်ထဲမှ လက်ခံနိုင်ခြင်းမရှိခဲ့ပါ။ သို့ရာတွင် လွန်ခဲ့သော ၁၉၆၃-ခု၊ နိုဝင်ဘာလတွင် လခ်နောင်မြို့ နဒ်ဝသုလ် အိုလမာ၏ ကွင်း ပြင်ထဲ၌ ကျင်းပခဲ့သော သဗ်လီးဂ် နှစ်ပတ်လည် အိဂ္ဂျသေမာတွင် လူကြီးမင်းအားလည်း တွေ့မြင်ခဲ့ရာ၊ ကျွန်တော်သည် မိမိကိုယ်ကို မှားယွင်းမှု တစ်ခု၌ ကျရောက်နေပြီ ဟုယူဆမိပါသည်။ သို့ပါ၍ ထိုအချိန်မှစပြီး လူကြီးမင်းအား လျှောက်ထားမေးမြန်း၍ ဒွိဟသံ သယဖြစ်မှုများ ကို ပပျောက်စေပြီး ပြုပြင်ရန် စိတ် ထဲတွင် ပေါ်ပေါက်ခဲ့ပါသည်။

သို့ဖြစ်သောကြောင့် လျှောက်ထားမေး မြန်းလိုသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

သဗ်လီးဂ်ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ ခရီးထွက်ရာ၌အရေးကြီးသော အိမ်မှုရေးကိစ္စများနှင့် စီးပွားရေးကိစ္စများကို လျစ်လျူရှုကာ သူတစ်ပါးတို့အား ပြုပြင်ရန်ဟူ၍လည်းကောင်း၊ မိမိကိုယ်ကို ပြုပြင်ရန်ဟူ၍ လည်းကောင်း ခရီးထွက်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ထွက်ခြင်းမည်ပါသလား? ဤလမ်းစဉ်၌ အသက် သေဆုံးခြင်းမှာ အမှန်တကယ် ရှဟီးဒ် ဖြစ်ခြင်း မည်ပါသလား?



This document was created using Smart PDF creator. To remove this message purchase the product at www.SmartPDFCreator.com



သာသနာရေးအဖွဲ့များ၏ လုပ်ငန်းများ၊ သင်ကြားပို့ချချက်များ၊ မှန်ကန်သော ပီရ်မရှာ အိခ်တို့၏ ပြုပြင်ပေးချက်များ၊ အမှန်တရားကို လိုက်စားကြသော ပညာရှိ အာလင်မ်သုခမိန်များ၏ စာပေကျမ်းဂန်ပြုစုခြင်းများ၊ ဟောပြောချက်များ၊ ပြုပြင်မှု၊ သာသနာပြုမှုနှင့် စပ်လျဉ်းသော အခြားလုပ်နည်းလုပ်ဟန်များ၊ မိသားစု နှင့်အမိအဖတို့အား လုပ်ကျွေးပြုစုခြင်းများ၊ "ဟုကူကုလ်အိဗာဒ်" တွင်အကျုံးဝင်သောအိမ်ထောင်ရေးတာဝန်များကို ဆောင်ရွက်ခြင်း၊ တရားတော်က ခွင့်ပြုထားသော စီးပွားရေးကိစ္စများဆောင်ရွက်ခြင်း၊ စသည့်လုပ်ငန်းများနှင့် သဗ်လီးဂ်ကြိုးပမ်းမှုလုပ်ငန်း ယှဉ်လာလျှင် တရားတော်အရ တင်ပြခဲ့သည့် မည်သည့်အ ကြောင်းပြချက်ကိုမျှ လက်မခံနိုင်လောက်အောင် ဤလုပ်ငန်း၌ပါဝင်ရန် အရေးကြီးပါသလား?

များသောအားဖြင့်ပညာရှင် အကြီးအကဲများ၊ အိုလမာအေဟတ်က်ပညာရှင် အကျော်အမော်များနှင့် ပီးရ်မရှာအိခ် အချို့သာ ဤလုပ်ငန်း၌ ပါဝင်ကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ ၎င်းတို့ကိုလည်း မြို့ကြီးများ၏(အိဂ်ျသေမာ) အစုအဝေး၌သာ တွေ့ရပါသည်။ များသောအားဖြင့် သာသနာရေးကို လေးစားသော မြို့ခံပုဂ္ဂိုလ်များ အားငယ်မည်စိုး၍ ပါဝင်ခြင်းဖြစ်ပါသည်။ ခရီးထွက်ရာ၌လည်းကောင်း၊ ဂက်ရှ်ခေါ် ရပ်ကွက်တွင်းလိုက်လံဖိတ်ခေါ်ရာ၌လည်းကောင်း၊ များသောအားဖြင့် ပညာမဲ့များ၊ အမည်ခံမုလ္လာများ၊ ပညာအနည်းငယ်တတ်သော ပုဂ္ဂိုလ် အချို့သာလျှင် ပါဝင်လေ့ရှိကြပြီး၎င်းတို့မှာလည်း အကီဒဟ် အကာအိဒ်(အယူဝါဒများ) ကိုလည်း သိနားလည်ကြသည် မဟုတ်၊ အမိန့်ပညတ်ချက်များကို တတ်ကျွမ်းသည်လည်းမရှိ၊ တောရွာကလေးများ တွင် ဂျုမှအဟ်(သောကြာနမာဇ်) ဖတ်ပေးခြင်းတို့ကို ပြုလုပ်ကြ၏။ သအ်ဇီယဟ်( تعزيه ) များပြုလုပ်ကြ၏၊ မုဟာရ်ရမ်လတွင် ကစားခုန်စားမှုများကိုကြီးမှူးကျင်းပကြ၏။ ဗလီ ကျောင်းတော်များတွင် ရေနံဆီမှန်အိမ်များ၊ ရေနံဆီမီးများထွန်းကြ၏။ မိုးများရွာသွန်းနေစဉ် စက်ဘီးများကို ဗလီပရဝုဏ်အတွင်း ဖိနပ်မစီးရသော နေရာများ သို့ ယူသွားကြသည်။ ကောဇောခင်းထားသော နေရာနှင့် ဗလီမအတွင်းကိုသာ ချန်လှပ်ထားကြ၏။

ဘိုပါလ်မြို့ ဂျာမိအ်ဗလီတွင်မဂ်ရစ်ဗ်အပြီးမှအိရှာအ်အချိန်အထိကျင်းပလေ့ရှိသောအပတ်စဉ်အစီအစဉ်ကျင်းပရာ၌ ကျွန်တော်စာရေးသူ ကိုယ်တိုင်တွေ့မြင်ခဲ့ ဖူးသည်မှာ-ရုတ်တရက် လျှပ်စစ်မီးငြိမ်းသွားခဲ့ရာ ဦးစွာပထမ ရေနံဆီ မီးထွန်း၍ "ခုသ်ဗဟ်" ဖတ်သော "မင်န်ဗရ်" ပေါ်သို့ တက်ကြသည်။ ထို့နောက်စက်ဘီးများကိုလည်း ဖိနပ်မစီးရသော နေရာထိယူလာ၍ ထား ကြပါသည်။ ယင်းသို့ ပြုလုပ်ရာ၌ ဆောင်းဥတု၊ နွေဥတု၊ မိုးဥတုဟူ၍ ခွဲခြားခြင်းမရှိ၊ အခါ ခပ်သိမ်း ပြုလုပ် လေ့ရှိ ကြသည်။

အချို့နေရာများတွင်အဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့၌ ပါဝင်သော ပုဂ္ဂိုလ်များက ရှရီအသ်တရားတော်နှင့် ခမ္ဘသတ်ကျမ်းလာအရ၊ ရက်ပေါင်းလေးဆယ် ထွက်ခြင်းမှာ ဟိဂ်ျရသ်ပြုခြင်းဖြစ်ပြီး ရက်ပေါင်းလေးဆယ် ထွက်သော ပုဂ္ဂိုလ်များကိုအားပေးကူညီခြင်းမှာ ဟိဂ်ျရသ် ပြုသူများအားကူညီခြင်းဖြစ်သည်၊ ဤလမ်းစဉ်၌ သေဆုံးခြင်းမှာ "ရှဟာဒသ်" (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်ပြိုင် ဆိုင်တိုက်ခိုက်ရင်း ကျဆုံးခြင်း) ဖြစ်သည်။ တမန် တော်မြတ်၏ လုပ်ငန်း အစစ်အမှန်ကို ထမ်း



This document was created using Solid PDF Creator. To remove this line, please purchase the product at www.solidpdf.com

ဆောင်နေသော အဖွဲ့မှာဤအဖွဲ့သာဖြစ်သည်၊အခြားမည်သည့် အဖွဲ့အစည်းမျှ အစ္စလာမ် သာသနာတော်ကို ဤအဖွဲ့ကဲ့သို့အကျိုးမပြုနိုင် ဟုပြောဆိုကြ ပါသည်။

အောက်တွင်ရေးသားဖော်ပြပါ ကိစ္စမျိုးကိုလည်း ကျွန်တော် ကိုယ်တိုင်တွေ့ မြင်ခဲ့ ရပါသည်။

နေရာတစ်နေရာတွင် လူအချို့သည် သာသနာရေး စာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ပြီးအတိုင်း ထက်အလွန်ကြိုးစား၍ ပညာသင်ကြားရေးစနစ်ကို ချမှတ်ခဲ့ကြသည်။ ဗဟ်ရာ အစ်ကျ်မြို့ရှိကွယ်လွန် သူမော်လာနာမဟ်မူဒ ရ်ှ ရဟ်မာန်၏ အကြံပေးချက်အရ ၎င်း၏ကျောင်း မှ စာအုပ်အချို့ကိုမှာယူ၍ စတင်သင်ကြား ပို့ချခဲ့၏။ ဗစ်ဒ်အသီများနှင့် ပညာမဲ့လူမိုက်များ က ဟန့်တားမှုအမျိုးမျိုးတို့ကို ဖန်တီးခဲ့ကြသော်လည်း အရှင်မြတ်၏ ကျေးဇူးတော်ကြောင့် လုပ်ငန်းမှာ ဖြစ်မြောက်ခဲ့၏။

ကျောင်းနှင့် ပတ်သက်သော ပုဂ္ဂိုလ်များ က ဗလီထဲ၌ နမာဇ်ပြီးတိုင်း အော်ကြီးဟစ်ကျယ် ကလိမဟ်ဖတ်ခြင်းကို ပိတ်ပင်ကြသည်။ ကျောင်းအနီး၌ လည်းကောင်း၊ ဗလီနံရံကို မှီ၍ လည်းကောင်း၊ ဗလီအရိပ်တွင် လည်းကောင်း၊ သအ်ဇီယဟ် ( تعزية ) ထားရှိခြင်း၊ ပွဲကြည့်ပရိသတ်များလာခြင်း၊ အတီးအ မှုတ် တန်ဆာပလာများနှင့် တကွတည်းခိုခြင်း၊ နမာဇ် နှင့် အဇာန် အချိန်များတွင် သအ်ဇီယဟ် ( تعزية ) ပုံတီးခြင်း၊ ကစားကွင်း၌ ကစားခုန်စားအော်ဟစ်ဆူပူခြင်း၊ မင်္ဂလာဆောင်တွင် စေဟ်ရာဖတ်ခြင်း စသည့် တရားတော်နှင့် ဆန့်ကျင်သော လုပ်ငန်းများကို အုပ်ထိန်းနိုင်ခဲ့ ပါသည်။ မြို့ခံ ပုဂ္ဂိုလ်များသည် ဤအကြောင်းများကြောင့် စိတ်ထဲ၌ ကျိတ်၍မကျေမနပ်ဖြစ် နေခဲ့ကြသည်။

ထိုအချိန် ရုတ်တရက်အားဖြင့် သဗ်လီဂ်လုပ်ငန်းကို နှစ်သက်လိုလားသော ပုဂ္ဂိုလ်အချို့



ရောက်လာပြီး မိမိတို့လုပ်ငန်းကို စတင်ခဲ့ကြ၏။ ကျောင်းဆရာများ၊ ကျောင်းနှင့် အထူးပတ်သက်သောပုဂ္ဂိုလ်တို့က အထူးစိတ်ဝင်စားခြင်းမရှိသောကြောင့်သဘောကွဲလွဲမှုများအစပျိုးခဲ့၏။ ခြေထိုးမှုများနှင့် နှောင့်ယှက်ဖျက်ဆီးမှုများပေါ်ပေါက် ခဲ့၏။ အချင်းချင်း အမျက်ကြီးခဲ့၏။

သဗ်လီဂ်လုပ်ငန်းပြုလုပ်သူတို့သည်ကျောင်းနှင့်ပတ်သက်သော ပုဂ္ဂိုလ်များနှင့် မသင့်မြတ်သောကြောင့် ကျောင်းကိုမကျေနပ်သော သူတို့အားမြှောက်ပင့်၍ သဗ်လီဂ်လုပ်ငန်းတွင် ပါဝင်စေကြပြီး ဤအစုအဝေးတွင် အထက်ပါ ကိစ္စများကို ပြောဆိုဟောပြောခြင်း၊ ရှုတ်ချခြင်းများမရှိပေ။ "ဤလုပ်ငန်းမှာ လုပ်ငန်းအစစ်အမှန် ဖြစ်သဖြင့် ဤလုပ်ငန်း၌ ပါဝင်ကြပါ" ဟုသာပြောဆိုကြရာ၊ကျောင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေ သောသူတို့သည် သဗ်လီဂ်လုပ်ငန်းတွင် ပါဝင်ခဲ့ ကြပြီး ဗလီထဲတွင် တရားဟောကြားသောအနေနှင့်ထပြီး မဟုတ်မမှန်သောစကားများ ပြောလာကြ၏။ ကျောင်းဆရာများအားလည်း ထုတ်ပစ်ကြ၏။ ရံပုံငွေများနှင့် ကောက်ခံရရှိသော ငွေများကိုလည်းစားသုံးပစ်ကြ၏။ ကျောင်းသို့ မြေကွက်လှူသောပုဂ္ဂိုလ်၏သားကို "ဤ မြေကွက်မှာ ကျွန်ုပ်၏မြေကွက်ဖြစ်ကြောင်း၊ ယင်းမြေကွက်ပေါ်၌ ဆောက်ထားသော အဆောက်အဦကိုလည်း ကျွန်ုပ်သာလျှင်ပိုင်ဆိုင်ကြောင်း၊ ကျွန်ုပ်အလိုရှိလျှင် ကျောင်းအဖြစ်ထားမည်၊ သို့မဟုတ် မိမိကိုယ်ရေး ကိုယ်တာ ကိစ္စ၌အသုံးပြုမည်ဖြစ်ကြောင်း" ကိုကြေညာစေခဲ့ ကြပါသည်။ ဤလုပ်ရပ်များကြောင့် သဗ်လီဂ် လုပ်ငန်း၏



တိုးတက်မှုများမှာ ကန့်လန့်ကာသဘောမျိုးဖြစ်နေ၏။

ဤအကြောင်းများကြောင့် ကျွန်တော်သည် သဘာဝအလျှောက် သင်္ဂလိင် လုပ်ငန်း နှင့် စပ်လျဉ်း၍ မကျေမနပ်ဖြစ်နေခဲ့ပါ သည်။ သို့ရာတွင် လခ်နောင်မြို့ "အိဂ်ျသေမာ" အစုအဝေးတွင် လူကြီးမင်းအား တွေ့မြင်ခဲ့သည့် အချိန်မှစ၍ ကျွန်တော်၏ အသိပညာခေါင်းပါးမှုကြောင့် အမြင်မှားနေလေပြီလောဟု မိမိစိတ်ထဲတွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ပေါ်ပေါက်လာပါသည်။ သို့ဖြစ်ပါ၍ အမှန်တရားကို သိလိုသောအားဖြင့် မရှင်းမလင်းဖြစ်မိခဲ့သော အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပေးစေ လိုပါသည်။ ဒုက္ခခံ၍ လမ်းညွှန်ပေးပါလျှင် ကျွန်တော့် အနေနှင့် အလွန်အကြောင်း လှသူတစ်ဦး ဖြစ်ရပါလိမ့်မည်။

လူကြီးမင်းအနေနှင့် ရက်ရောလှေ့ရှိ သောကြောင့် ကျွန်တော့်အနေနှင့်လည်း လျှောက်ထားဝံ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် မိမိ၏ ထင်မြင်ယူဆချက်များကို ထိမ်ချန်ခြင်း မပြုဘဲ အစအဆုံးလူကြီးမင်းရှေ့ဝယ် ပြုပြင် ပေးအံ့သောငှာ တင်ပြရခြင်းဖြစ်ပါသည်။ အနှောင့်အယှက် ဖြစ်ခဲ့လျှင် ခွင့်လွှတ်ပါရန်နှင့် ဗရ်ကာသ်မင်္ဂလာ နှင့် ပြည့်စုံသော ရမ်ဇာန်လမြတ်၏၊ ထူးမြတ်လှစွာသော အချိန်များတွင် ဆုမွန် ဒိုအာပြုရာ၌ ထည့်သွင်းသတိရပေးပါရန် ပန်ကြားအပ်ပါသည်။ ကျေးဇူးကြီးမားလှ ပါသည်။

မုဟာမ္မဒ် * * *

**ပထမအရေပြ**

(မုဖ်သီဆဗ်ထံမှ)

မြင့်မြတ် ပြီး ၊ရှိသေအပ်သော မိတ်ဆွေ။

အတ်စ္စလာမုအလိုက်ကွန်မ်၊ ဝရဟ်မသုလ္လာဟိ၊ ဝဗရကာသုဟ်။

လူကြီးမင်း၏ စာကို လက်ခံရရှိခဲ့ပါသည်။ ရမ်ဇာန်လမြတ်တွင် ဤမျှ ရှည်လျားသောစာကို ဖတ်ရသည်မှာလည်း ခဲယဉ်းလှပါသည်။ သို့ပါလျက် ဖတ်ကြည့်ပါသည်။ အဆောတလျင်ပြန်ကြားရမည့်အကြောင်းများ မတွေ့ရပါ။

လူကြီးမင်းခင်ဗျား - လူကြီးမင်းရေးခဲ့သော သင်္ဂလိင်ပြုပုံပြုနည်းကို ယခင်က ကျွန်တော်မကြားခဲ့ဘူးပါ။ ထို့ပြင် ယနေ့တိုင်အောင်လည်း မြင်ခဲ့ဘူးခြင်း မရှိပါ။ ကျွန်တော်ကိုယ်တိုင် အလွန်ရှည်လျားသော သင်္ဂလိင်ကြိုးပမ်းမှု ခရီးစဉ်များကို သွားခဲ့ ဖူးပါသည်။ ယခုလည်း အပတ်စဉ် အစုအဝေးသို့ အမြဲပါဝင်ပါသည်။ လွန်ခဲ့သော (၃၅)နှစ်မှစ၍ ပါဝင်ခွင့်ရရှိခဲ့ ပါသည်။ စဟာရန်ပူးရ်၊ ဒိယိုဗန်ဒ်၊ ရာယ်ပူရ်၊ လခ်နောင် အစရှိသော မြို့များမှ ကျောင်းဆရာကြီးများ၊ ခါန်ကာဟ်ရှင် ပီးရ် သူတော်စင်ကြီးများ ဤကြိုးပမ်းမှု လုပ်ငန်းနှင့် ပတ်သက်နေပုံကိုလည်း ကျွန်ုပ်ကိုယ်တိုင် တိုက်ရိုက်သိရှိပါသည်။ မရှာအိခ် သူတော်စင်များသည် မိမိတို့ လက်အောက် ရှိစာလိက်တပည့်များအား ဤကြိုးပမ်းမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ပါဝင်ကြရန် မည်သို့မည်ပုံ တိုက်တွန်းနိူးဆော်ကြသည်ကိုလည်းသိရှိပါသည်။ လူကြီးမင်း၏ တင်ပြချက်များအားမှားသည် ဟူ၍ ပြောဆိုရန်လည်း မည်သည့်အကြောင်းမျှ မရှိပါ။

ဤလုပ်ငန်း၌ပါဝင်ကြသော အချို့ အသိဉာဏ်နည်းပါးသူများ၊ ပညာနည်းသူများ နှင့် ဗဟုသုတမရှိသူများ၏ အပြုအမူ လုပ်ဆောင် ချက်များကြောင့် ထိုသို့ ဖြစ်ပေါ်လာ ခြင်းလည်း ဖြစ်နိုင်ပါသည်။

သို့တည်းမဟုတ် အချို့ကိုယ်ကျိုး ရှာသမားတို့က ထိုဗဟု သုတမရှိသော ပုဂ္ဂိုလ် များအား မိမိတို့အကျိုး အတွက် အသုံးပြုခဲ့ခြင်း ကြောင့် ယင်းကဲ့သို့သော ပြဿနာများပေါ် ပေါက်လာခြင်းလည်း ဖြစ်နိုင်၏။ လူကြီးမင်း ရေးသားထားသော ဖြစ်ပျက်ပုံများမှာ အမှန်ပင် အကြီးအကျယ် စိတ်ထိခိုက်ခြင်းကို ဖြစ်စေပါသည်။ သအ်ဇီယဟ်အစရှိသည်များ ပြုလုပ်ခြင်း၊ ခါန်ကာဟ်(စာရိတ္တဖွံ့ဖြိုး ရင့်သန်အောင် ပြုပြင်ပေးသောဌာန) များနှင့်မဒ်ရစဟ်ကျောင်းများကို ဆန့်ကျင်ဘက်ပြုခြင်း၊ မထီမဲ့မြင် ပြုလုပ်ခြင်းများကို ဤလုပ်ငန်း၏တာဝန်ခံ ပုဂ္ဂိုလ်များက ခွင့်ပြုမည် မဟုတ်ကြောင်း သေချာလှပါသည်။ ယင်းသို့သော အပြုအမူများမှာ သဗ်လီးဂ်လုပ်ငန်းအား အကျိုးယုတ်စေသော အပြုအမူများသာ ဖြစ်ပါသည်။ သဗ်လီးဂ်ကြိုးပမ်းမှုနှင့် ပတ်သက်၍ချမှတ်ခဲ့သော အခြေခံတရား(ခြောက်ပါး) တွင် အစ်ကရာမေ့ မုစ်လင်မ်ဟူသော မုစ်လင်မ် အချင်းချင်း (ဂုဏ်ပေးခြင်း၊ ရိုသေလေးစားခြင်း၊) သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။ မူအားဖြင့် ဤသည့်အချက်မှာ အလွန်တ ရာ အရေးပေး ဂရုပြုရမည့်အချက်ပင် ဖြစ်ပါသည်။ ဟဇ်ရသ်ကြီး မော်လာနာအစ်လ်ယားစ်သခင်က လေးနက်စွာ မှာကြားခဲ့သည်မှာ၊ မည်သည့် မြို့ရွာသို့မဆို သွားရောက်ကြိုးပမ်းပါက ထိုမြို့ ထိုရွာရှိ သာသနာ့ ပညာရှင်များနှင့် မရှာအိခ် သူတော်စင်များ ထံရောက်အောင် သွားကြရမည်။ သွားရောက်ရာတွင် ထိုထိုသော ပုဂ္ဂိုလ်မွန် တို့၏ စည်းကမ်းတို့ကို ရိုသေလိုက်နာကြရမည်ဟု မှာကြားခဲ့ပါသည်။ ၎င်းပြင် ထိုပုဂ္ဂိုလ်များအား ဖိတ်ခေါ်ခြင်း လုံးဝမပြုရ။ ထိုပုဂ္ဂိုလ်များထံ ဆုမွန် ဒိုအာပြုပေးပါရန်သာလျှင် ပန်ကြားကြရမည် (ဟူ၍မှာကြားခဲ့သည်)။

ပညာရှင်များနှင့် ကျောင်းသားတို့အား ဤသို့ မှာကြားခဲ့သည်။



ဤလုပ်ငန်းကြောင့် ပညာဆည်းပူး ခြင်း၌ လုံးဝ မထိခိုက်စေရ။

"သစောင်ဝုဖ်" ကို လိုက်စားသူတို့အား ဤသို့ မှာကြားခဲ့၏။ မိမိတို့၏ ဝဇီဖဟ်များနှင့် ဖတ်နေကျသတ်စ်ဗီဟ် စသည်တို့ကိုစွန့်လွှတ်ခြင်း မပြုကြရမည့်အပြင် ဤလုပ်ငန်းနှင့် ပတ် သက်၍ ခရီးထွက်ရာ၌ (မိမိတို့ဗိုင်အသ် ယူထားသောပီးရ် သူတော်စင်၏ လမ်းညွှန်ချက်များအား) ပိုမို ကြပ်တည်းစွာ လိုက်နာကြရမည်။

ညဥ့်များတွင် သဟဂျ်ဂျွတ်ဒ် ဖတ်ခြင်း၊ ဇိကိရ်ပြုခြင်း၊ အရှင်မြတ်ရှေ့တော် မှောက်၌ ငိုယိုခြင်း၊ မုရာကဗဟ်ပြုခြင်း၊ ညီရင်းအစ်ကိုများ သဖွယ်ဆက်ဆံခြင်း၊ အချင်းချင်း စာနာမှုတရား ထားရှိခြင်း။ သူတစ်ပါးအကျိုးငှာ ဦးစားပေးခြင်း၊ ကျိုးနွံခြင်း၊ မိမိကိုယ် ကိုနှိမ့်ချခြင်း၊ မိမိကိုယ်တိုင် အနစ်နာခံခြင်း၊ မိမိကိုယ်ကိုဆန်းစစ်ခြင်း၊ အချိန် သတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဟုကူ ကုလ္လာဟ်နှင့် ဟုကူကုလ်အိဗာဒ် တို့ကို စောင့်ထိန်း ခြင်းစသည့် ခါန်ကာဟ်များ၌ အထူး လိုက်နာကျင့်သုံးကြရသော ကျင့်စဉ် ကျင့်ရပ်များ ကို အရှင်မြတ်သည် မရှာအိခ် သူတော်စင်များ အပေါ်၌ အထူး ကျေးဇူးတော်များအဖြစ် ချီးမြှင့် တော်မူထား၏။ သဗ်လီးဂ် လုပ်ငန်းအနေဖြင့် ယင်းကျင့်ရပ်တို့ကို မုစ်လင်မ်များ လိုက်နာကျင့် ဆောင်လာကြရန် နှင့် မုစ်လင်မ် အပေါင်းတို့၏ နှလုံးသည်းပွတ် များတွင် စွဲမြဲသွား



This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com



စေရန်အတွက် ကြိုးပမ်းနေကြခြင်းပင် ဖြစ်သည်။ သို့ဖြစ်လျှင် ဤအဖွဲ့သည် "ခါန်ကာဟ်" ၏ လုပ်ငန်းများကို ပေါ့ပေါ့ဆဆ ကြည့်ကြသည်ဟူ၍ အဘယ်လျှင် ဖြစ်နိုင်ပါမည်နည်း။ ဤအဖွဲ့အနေဖြင့် နေရာ အနှံ့အပြားတွင် သာသနာရေးကျောင်းများ တည်ထောင်ခဲ့သည်။ တည်ထောင်လျက်လည်း ရှိပေသည်။ဌာနချုပ်ဖြစ်သော နိဇာမုဒ္ဒီးန်ဒေလီ၌ပင် အရဗီကျောင်းရှိနေသည်။

သဗ်လီးဂ်လုပ်ငန်းစဉ် အတွက်ခရီး ထွက်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း ပြုခဲ့သူ (ကျွန်တော် ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရသော) အာလင်မ်ပညာရှင် အကြီးအကဲများ နှင့် မရှာအိခ် များအနက် အချို့၏ အမည်နာမ များကိုအောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

(၁) **ဟာဇ်ရသ်မော်လာနာမုဖ်သီ ကီဖာယသုလ္လာဟ်သခင် (ရဟ်)** ဥတ္တရ၊ ဂျမီး ယသ်၊ အိုလမာ၊ အိန္ဒိယနိုင်ငံဥတ္တရ၊မဒ်ရစဟ်အမီ နီယဟ်၊ ဒေလီမြို့ မေဝါသ်နယ်တွင် ကျွန်တော် ကိုယ်တိုင် မုဖ်သီဆဗ်နှင့် အတူရှိနေခဲ့ပါသည်။ မုဖ်သီဆဗ်အနေဖြင့် သဗ်လီးဂ် လုပ်ငန်း ၌ အဘယ်မျှနက်နက်နဲနဲ စိတ်ပါဝင် စားသည်ကို ကျွန်တော်သည် နီးနီးကပ်ကပ် လေ့လာခွင့် ရရှိခဲ့ပါသည်။

(၂) **မုဖ်သီအစ်ရှ်ဖာ ကုရ်ရဟ်မာန်**၊ မဒ်ရစဟ် ဖသ်ဟ်ပူရီ ဒေလီမြို့။

(၃) **မုဖ်သီဂျမီလ်အဟ်မဒ်**၊ ဌာန ဘဝန်မြို့။

(၄) **မော်လာနာအဆ်အဒုလ္လာဟ်**၊ (ထာနဝီ သခင် ၏ခလီဖဟ်)

(၅) **မော်လာနာ မုဟမ္မဒ် ဇကရီ ယာသခင်**၊ (ရှိက်ခုလ်ဟဒီးဆ်၊မဇ္ဇာဟိရ်အုလူမ်၊ စဟာ ရန်ပူရ်မြို့)၊ (မော်လာနာ ခလီလ် အဟ်မဒ်သခင်၏ ခလီဖဟ်)

(၆) **မော်လာနာ ဟုစိုင်န် အဟ်မဒ် မဒနီ သခင်** (ဒါရုလ်အုလူမ်၊ ဒိယိုဗန်ဒ် ) မော်လာနာရရှိဒ် အဟ်မဒ်ဂန် ဂိုဟီသခင် ၏ခလီဖဟ်)

(၇) **မော်လာနာ အဗုလ်ဟစံန် အလီနဒ်ဝိ**၊ (ရာယ်ပူရီသခင် ၏ခလီဖဟ်)

(၈) **မော်လာနာမုဟမ္မဒ် မန်ဇူရ်နုအ်မာနီ သခင်**၊ (ရာယ်ပူရီသခင်၏ ခလီဖဟ်)စသည့် ပုဂ္ဂိုလ်ကြီး များဖြစ်ကြပါသည်။

ဤလုပ်ငန်းသည်ကမ္ဘာနှင့်ချီ၍လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ပြီး၊ မုစ်လင်မ်များသည် အုပ်စုလိုက် သာသနာရေးကို ဆည်းပူးရန် ထွက်ကြရသည် ဖြစ်သဖြင့်၊ စည်းကမ်းမဲ့ခြင်းနှင့် မှားယွင်း ခြင်းများ ဖြစ်နိုင်ပေသည်။ အထူးသဖြင့်ဂျမာအသ် တိုင်းသည် အမှူးပြုအံ့သော အာလင်မ် ပညာရှင် မပါသော အခါမျိုး၌ ပို၍ပင်ဖြစ်နိုင်၏။ ၎င်းတို့၏ မှားယွင်း ချွတ်ချော်မှုကြောင့် သဗ်လီးဂ်လုပ်ငန်း၏ အကျိုးကျေးဇူးများကိုလည်း လျစ်လျူရှု ခြင်းမပြုနိုင်ပေ။ အမှန်စင်စစ်မှာမူကား မိမိ ကိုယ်တိုင်မှားယွင်းမှု ကင်းရှင်းစေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဤသည်နှင့် စပ်လျဉ်း၍ မှားယွင်းချက်များကို တွေ့မြင်ပြီးမိမိတို့စိတ်ထဲ၌သာ အမျိုးမျိုး ဝေဖန်ကာ ဤလုပ်ငန်းမှ ဝေးစွာရှောင်ရှား၍ နေကြသော ပညာရှင်တို့ အပေါ်၌ အများဆုံးတာဝန်ရှိပေသည်။ ၎င်းတို့၏တာဝန် မှာ ဤလုပ်ငန်းကို မိမိတို့၏ လုပ်ငန်းဖြစ်သည်ဟု သဘောထား၍ အစွမ်းကုန်ပါဝင်ဆောင်ရွက်ကြရမည်။ ထို့ပြင် အသိအလိမ္မာ၊ ဉာဏ်ပညာ နည်းပါးသော မုစ်လင်မ်



This document was created using SmartPDFCreator
To remove this message purchase the product at www.SmartPDFCreator.com



ညီအစ်ကိုများ၏ မှားယွင်းချက်များကို တွေ့မြင်ပါက၊ ၎င်းတို့အား ချစ်ခင်ကြင်နာစွာနှင့် ၎င်းတို့အပေါ်၌ သနား ကရုဏာထားကာ "အဒ်ဗီ နွန်နဆီဟာဟ်" ဟူသော ဩဝါဒတော်ကို နှလုံးပိုက်ပြီး သိမ်မွေ့သော နည်း ပရိယာယ်များဖြင့် ပြုပြင်ပေးရန်ပင်ဖြစ်ပါသည်။ (အင်ရှာအလ္လာဟ်) လူချင်းတွေ့ ဆုံသောအခါ ပိုမို ရှင်းပြပါဦးမည်။

"ဝပ်စ္စလာမ်"

မုဖ်သီမဟ်မူးဒုလ်ဟာစံန် (ဂန်ဂူဟီ)

မုဖ်သီချုပ်

အိန္ဒိယနိုင်ငံ

**ဟင်ရည်မော်လာနာ၊ကာရီမက္ကဗူးဆ်အာဟ်မဒ်ခါးန်(ရဟ်)**

**ပြန်ဆိုခဲ့သည်ကို**

**မော်လာနာ–ဒေါက်တာ အိစ်မာ အီးလ်(မဟ်မူဒီ)**

**B.D.S (Ygn:) နှင့်**

**ဟာဖိဇ်ရဗီ(အဆ်အဒီယဟ်) B.Sc, H.G.P**

**အထက်တန်းရှေ့နေ(ပုသိမ်)**

**တို့ကပြန်လည်ကူးယူဖော်ပြသည်**

*(အင်ရှာအလ္လာဟ်) မုဖ်သီမန်ဇူရ် အဟ်မဒ်သခင်၏ တစ်ချက်ချင်းရှင်းလင်း ဖြေကြားချက်အား ဒုတိယ စာစောင်၌ ဆက်လက် ဖော်ပြပါမည်။*

**အသင်သည် လူတိုင်း၏ ကျေနပ်နှစ်သက်မှု ရအောင် စွမ်းဆောင်နိုင်မည် မဟုတ်။ တစ်ချိန် မဟုတ်တစ်ချိန်သင့်အားမကောင်း ပြောကြလိမ့်မည်။ဤသို့ ပြောဆို မှုကြောင့် ကောင်းမြတ်သော လုပ်ငန်းများအားလက်မလွှတ်လိုက် လေနှင့်၊ ရှရီအသ် တရားတော်၏ ဘောင်အတွင်းမှ ဆောင်ရွက်နေပါ။ လူအများ၏ မကောင်း ပြောဆိုခြင်းအား ဂရုမစိုက်လေနှင့်။**

*(ဟာဇ်ရည်ထာနဝီသခင်)*



This document was created using SmartPDF Creator
To remove this message purchase the product at www.SmartPDFCreator.com

# စဉ်းစားစမ်းပါ

မော်လာနာဟာရူးန်ရှ်လူလာသ်(မဟ်မူဒီ)

ကျွန်ုပ်တို့လူသားများသည် ပထဝီမြေကြီးအပေါ်တွင် သွားလာ လှုပ်ရှားနေကြသည်ဟု ထင်ကြသည်။ သို့သော်အမှန်မှာကျွန်ုပ်တို့သည် ပထဝီမြေကြီး အောက်ဘက်၌ ဇောက်ထိုးတွဲလျားကျလျက်ရှိ နေကြသည်။ တစ်နည်းဆိုရလျှင် ပထဝီမြေကြီးသည် စကြဝဠာကြီးတွင် ဘောလုံးကဲ့သို့တွဲလျားချိတ်ထားခံရ၍ပတ်ပတ်လည်တွင် လူသားများနေထိုင်လျက်ရှိနေကြ၏။အချို့သည် မြန်မာနိုင်ငံဟု ခေါ်တွင်သော အစိတ်အပိုင်းပေါ်တွင် ရှိကြ၏။ အချို့သည် အာရေဗီးယားဟု အမည်တွင်သော အစိတ်အပိုင်းပေါ်တွင် ရှိ နေကြ၏။ တစ်ဖန်ပထဝီမြေကြီးသည် ရပ်တန့်လျက်ရှိသည် မဟုတ်၊တစ်နာရီလျှင်မိုင်တစ်ထောင်နှုန်းဖြင့် အဆက်မပြတ်လည်ပတ်လျက်ရှိနေ၏။ ကမ္ဘာကြီးသည် အထက်ပါနှုန်းဖြင့် အဆက်မပြတ်လည်ပတ်လျက် ရှိနေသဖြင့် ဘီးတစ်ခုပေါ်တွင်ကျောက်စရစ်ခဲများ စီထား၍ အားကုန်လှည့် လိုက်ပါက ကျောက်စရစ်ခဲများ လွင့်စဉ်သွားသကဲ့သို့ ကျွန်ုပ်တို့သည်လည်း လွင့်စဉ်သွားသင့်သည်။ သို့သော် ဤသို့လွင့်စဉ်ခြင်းမရှိ၊ အဘယ်ကြောင့် ဆိုသော်၊ တစ်ဖက်တွင် ပထဝီမြေကြီးသည်အချိုးကျကျ ကျွန်ုပ်တို့အား ဆွဲငင် ထား၍၊ အခြားတစ် ဖက်တွင်လေထုကြီးသည်လည်းအချိုးကျကျကျွန်ုပ်တို့အား ဖိထားသောကြောင့်ဖြစ်သည်။ အထက်ပါ အရာ နှစ်ခုသည် ကမ္ဘာပေါ်တွင် ရှိရှိသမျှသောအရာဝတ္ထုများကို ပထဝီမြေကြီး မည်သော ဘောလုံးပေါ်တွင် လေးဘက်လေးရံမှ ချိတ်ဆွဲထားနိုင်လေသည်။ လေထုကြီးသည် လူသားတို့၏ ခန္ဓာကိုယ်၏ တစ်လက်မပတ်လည်နေရာပေါ်တွင် ၁၅. ၅ ပေါင်နှုန်းဖြင့်ဖိထား၏။ ဤသို့ဖိ ထားခြင်းကို ကျွန်ုပ်တို့လူသားများမသိကြချေ။အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများအတွင်းရှိ သွေးများသည် လည်း တစ်လက်မ ပတ်လည်လျှင် ၁၅ ပေါင် ၈ အောင်စနှုန်းဖြင့် တွန်းလျက်ရှိနေသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့လူသားများ သွားလာလှုပ်ရှားနေကြသော ဤ 'ပထဝီမြေကြီး'သည် မိမိ လမ်းကြောင်းပေါ်တွင် ၂၄ နာရီ လျှင် တစ်ပတ်ရစ်ပတ်ပြီး၊ 'နေ' သည် မိမိလမ်းကြောင်း ပေါ် တွင် တစ်နာရီလျှင်မိုင် တစ်ထောင်နှုန်းဖြင့် လည်ပတ်လျက်ရှိသည်။ အကယ်၍၊ တစ်နာရီလျှင်မိုင်နှစ်ရာနှုန်းသာ ရစ်ပတ်ပါက နေ့

တာနှင့်ညတာများသည် လက်ရှိအချိန်ထက် ဆယ်ဆစီရှေ့လျားသွားမည်ဖြစ်သည်။ ထိုအခါ 'နေ' နှင့်ကြာမြင့်စွာ ထိတွေ့မှု ကြောင့် သစ်ပင် မြက်ပင်များ လောင်ကျွမ်းသွားမည်ဖြစ်သည်။ အလောင်မခံရသော အပင်များရှိနေပါကလည်း ရှည်လျားသောညတာ၏ နှင်းရည်များဖြင့် ပျက် စီးသွားချေမည်။

ကျွန်ုပ်တို့အဖို့ အသက်ရှင်နိုင်ရန် အရေးပါသည့်အခန်းကဏ္ဍ၌ပါဝင်နေသော'နေ'သည် တစ်သောင်းနှစ်ထောင်ဖာရင်ဟိုက်ဒီဂရီ ပူလျက်ရှိပြီး 'ပထဝီမြေ' ထက်မိုင်ပေါင်းသိန်း ကိုးရာသုံးဆယ် ဝေးလံ၏။ အံ့သြစရာကောင်းသည်မှာ 'ကမ္ဘာ' နှင့် 'နေ'သည် နီးကပ် လာခြင်း မရှိဘဲ၊ ပုံမှန်ဝေးလျက်ရှိနေ၏။ ဤအချက်သည် ကျွန်ုပ်တို့အဖို့ အလွန်အရေးပါလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ အကယ်၍'နေ'သည်ယခုတည်ရှိနေသော နေရာမှအတိုင်းအတာ တစ်ဝက်လောက် နီးကပ်လာပါက မြေပထဝီ အပေါ်ရှိ စက္ကူများသည်ပင် လောင်ကျွမ်းသွားပေမည်။ တစ်ဖန် 'နေ' သည် ယခုတည်ရှိနေသော နေရာမှ အ ထက်သို့ နှစ်ဆမျှဝေးကွာသွားပါကအအေးဓာတ်လွန်ကဲ၍လူသားများအသက်ရှင်နိုင်ကြမည်မဟုတ်ချေ။

ဤကဲ့သို့ပင်၊ အကယ်၍ 'မြေပထဝီ'နှင့်'နေ'၏ အကြားအလယ်တွင် 'နေ'ထက် အပူဓါတ်အဆပေါင်းတစ်သောင်းများသော 'ကြယ်'တစ်ပွင့် ရောက်လာပါက ကျွန်ုပ်တို့နေ ထိုင်ကြသော 'ပထဝီမြေကြီး'သည် မီးဖိုကြီးသဖွယ်ဖြစ်သွား ချေမည်။



တစ်ဖန်ဤ 'ပထဝီမြေကြီး' သည် တစ်နှစ်လျှင်စက်ဝိုင်း ၂၃ ခုပြုလုပ်လျက် စကြဝဠာကြီး၏ အောက်ဘက်သို့ ညွတ်၍ ရွေ့လျားလျက်ရှိသည်။ ဤသို့ နိမ့်ဆင်းလာမှုကြောင့်၊ ကျွန်ုပ်တို့သည် ရာသီဥတုအမျိုးမျိုးကို ရရှိကြသည်။ ရာသီဥတုပြောင်းလွဲမှုကြောင့် ပထဝီမြေကြီးသည် သစ်မင်များပျိုးနိုင်၊ ပေါက်နိုင် သော အရည်အချင်းကို ရရှိလေသည်။ထိုသို့အရည်အချင်း ရရှိလာသည့်အတိုင်း လူသားများသည် အသီးအနှံများကို ရရှိကြလေသည်။

အထက်၌ တင်ပြခဲ့သည့်အတိုင်းအကယ်၍၊ ပထဝီမြေကြီးသည်အောက်ဘက်သို့ ညွတ်ကိုင်း၍ မလာပါကဝင်ရိုး စွန်းနှစ်ဖက်သည်အမှောင် အတည့်ဖြစ်နေမည်ဖြစ်သည်။ တစ်ဖန် သမုဒ္ဒရာအတွင်းရှိ အခိုးအငွေ့များသည် ပထဝီ မြေကြီး၏ တောင်ဘက်သို့လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း ရွေ့လျားသွားမည်ဖြစ်သည်။ ထိုအခါ ပထဝီမြေကြီးသည် ရေခဲပြင်ဖြစ်သွားချေမည်။ သို့မဟုတ် လွင်တည်းခေါင်ဖြစ်ချေမည်။ ဤနည်းနှင်နှင်ပထဝီမြေကြီးသည် အကယ်၍ ညွတ်ကိုင်းလာခြင်း မရှိပါက၊ ၎င်းအပေါ်တွင် လူသားများနှင့်အခြားသက်ရှိသတ္တဝါများသည်အသက်ရှင်နိုင်မည်မဟုတ်ချေ။

ယခုအချိန်အထိ ပထဝီမြေကြီးသည် စနစ်တကျ လည်ပတ်လျက် ရှိနေခြင်းမှာ၊ ဤကမ္ဘာကြီးကို စီမံနေသူ တစ်ဦးရှိကြောင်း ညွှန်ပြလျက်ရှိ သည်။ အကယ်၍ စီမံသူတစ် ဦးမရှိပါက ဤကဲ့သို့ စနစ်တကျ လည်ပတ်နိုင်မည် မဟုတ်ချေ။ ဤသို့ စနစ်တကျဖြစ်ရန် စီမံနေသူသည် အလ္လာဟ်အရှင်မြတ် ဖြစ်သည်ကို ----အို-လူသား -----၊ အသင်စိတ်အေးအေးနှင့်စဉ်းစားစမ်းပါ။

ونضع الموازين القسط ليوم القيامة فلا تظلم
نفس شيئا وإن كان مثقال حبة
من خردل أتينا بها وكفى بنا حاسبين

စင်စစ်၊ငါအရှင်မြတ်သည်"ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင် မျှတသောချိန်ခွင်များကိုထားရှိတော်မူမည်။ သို့ဖြစ်ရာ မည်သူတစ်ဦး တစ်ယောက်မျှ အနည်းငယ်ပင်မတရားပြုမှုခြင်းကို ခံရမည်မဟုတ်။ အကယ်၍ (တစ်ဦးတစ်ယောက်၌) မုန်ညင်းစေ့တစ်စေ့ခန့်သာ အလေးချိန်ရှိသော ပြုမှုချက်ရှိလျှင်လည်း၊ ငါအရှင်မြတ်သည် ယင်းပြုမှုချက်ကို ရှေ့တော်သို့ အသင့်ရောက်ရှိစေတော်မူမည်။ စင်စစ်၊ စစ်ဆေးတော်မူသောအရှင်အဖြစ် ငါအရှင်မြတ်ပင်လုံလောက်၏ (၂၁း၄၇)

**ထာနုဝီ** စာပေတိုက်မှ စီစဉ်ဖြန့်ချိသည်။

This document was created using Smart PDF Creator
To remove this message purchase the product at www.SmartPDFCreator.com